www.burmeseclassic.com

တက္ကသိုလ်

# နှေဂပင်း ဒေသကင်

## သိုင်းသစ္စာကိုရှာဖွေခြင်း

ဒုတိယပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေလင်းအောင်

# သိုင်းသစ္စာကိုရှာဖွေခြင်း

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

# သစ္စာမဲ့သူ၏ ညီညွတ်မှု

BURMESE CLASSIC

သိုင်းလောကသားများသည် မြွေစိမ်းတောင်သို့ အလုံးအရင်းဖြင့် ရောက်ရှိလာကြသည်။

မြွေစိမ်းတောင်၌ စုရုံးနေကြသည့် နဂါးခေါင်းဆောင်သော လူဆိုးဓားပြများအား အပြီးတိုင် ချေမှုန်းသုတ်သင်နိုင်ရန် တိုက်ပွဲဝင်နေကြသည်။

စပိုင်း၌ နဂါးလူများက တောင်ချောက် အမျိုးမျိုးဆင့်ကာ တိုက်ခိုက်ကြသဖြင့် သိုင်းလောကသားများ အထိနာခဲ့ကြ၏။

သို့သော်...

သိုင်းသမားများသည် ဖွဲမလျော့ဘဲ အပြင်းအထန် တိုက်ခိုက်ကြရာ နဂါး၏လူများ တဖြည်းဖြည်း အရေးနိမ့်လာကြသည်။

တိုက်ပွဲများက ပို၍ ပြင်းထန်လာသည်။

နေ့ဘက်၌သာမက ညဘက်ပါဆက်၍ ဖြစ်ပေါ်လာသည်။

ပြင်းထန်သောတိုက်ပွဲများ နေ့ညမဟူ နေ့စဉ်ရက်ဆက် ဖြစ်ပေါ်နေခြင်းကြောင့် မြွေစိမ်းတောင်မှာ ပေါက်ကွဲတော့မည့် မီးတောင်ကြီးနှင့် တူနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် စီးမင်ချူးက နဂါးထံ သစ္စာခံမည်ဆိုကာ လူဆိုးများ၏ ဖမ်းဆီးခြင်းကို ခံလိုက်ပြီ ဖြစ်ပါသည်။

စီးမင်ချူးတွင် မည်သို့သော် အကြံအစည် ရှိနေပါသနည်း။

လူဆိုးများသည် စီးမင်ချူးနှင့် ပေ့ဟုတို့အား နဂါး၏ညာလက်ရုံးဖြစ်သော သက်ချွေဘီလူး လုံကြူးခက်ထံသို့ ခေါ်ဆောင်သွားကြလေတော့သည်။

လူဆိုးများသည် စီးမင်ချူးတို့အား တောင်ကြားလမ်းတစ်ခု အတိုင်း ခေါ်ဆောင်သွား၏။

ထိုတောင်ကြားလမ်းသည် တစ်စထက်တစ်စ ကျဉ်းမြောင်းသွားပြီး နောက်ဆုံး တောင်နံရံကြီးတစ်ခုက ကာဆီးနေသည်ကို တွေ့ရ၏။ ရှေ့ဆက် သွားစရာ လမ်းမရှိတော့ပါ။

သို့သော်...

"ရှီး..."

လူဆိုးတစ်ယောက်က လေချွန်ကာ အချက်ပေးလိုက်လျှင်...

"ဂျိမ်း..."

တောင်နံရံ၌ လျှို့ဝှက် တံခါးပေါက်တစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့ရလေသည်။

"လိုက်ခဲ့..."

လူဆိုးများသည် စီးမင်ချူးနှင့် ပေ့ဟုတို့အား ခေါ်ဆောင်သွားကြလေသည်။

အတွင်းဘက်၌ ကြီးမားကျယ်ဝန်းလှသော လိုဏ်ဂူကြီးတစ်ခု ရှိနေသည်။

အတွင်းဘက်ရောက်သွားပြီး မကြာမီ အသံဩဇာ ကြီးမားသူတစ်ယောက်၏ မေးသံ ထွက်ပေါ်လာလေ၏။



"မင်းတို့ ပြန်လာကြပြီလား..."

အသံနှင့်အတူ အလွန်ထွားကြိုင်းသန်မာလှသော လူ့ဘီလူးကြီးတစ်ယောက် ရောက်ရှိလာသည်။

လုံကြူးခက် ရောက်လာလျှင် အားလုံးက ဦးညွှတ်ဂါရဝ ပြုလိုက်ကြသည်။ စီမင်ချူးတို့အား ဖမ်းခေါ်လာသူက ဦးညွှတ်ဂါရဝ ပြုကာ ပြောကြား အစီရင်ခံလိုက်၏။

"မြေစွမ်းတောင်ခြေမှာ သိုင်းလောကသားတွေ ခြေချင်းလိမ်နေကြပါတယ်၊ ဒါကြောင့် တောင်ပေါ်က တိတ်တစ်ဆိတ် ဆင်းသွားဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူးခင်ဗျာ"

နဂါးတို့လူစုသည် အခြေအနေ မဟန်တော့သဖြင့် တောင်ပေါ်မှ ဆင်းပြေးကြတော့မည် ဖြစ်သည်။

သိုင်းလောကသားများက အလုံးအရင်းဖြင့် ရောက်လာခြင်းကြောင့် တောင်အောက်ဆင်းပြေးဖို့လည်း မလွယ်ကူဘဲ ဖြစ်နေသည်။

လုံကြူးခက် မကျေမနပ် ဖြစ်သွားသည်။

"တောင်အောက်ဆင်းဖို့ လမ်းကြောင်းရှာခိုင်းတာ ဖြောင့်အောင် မရှာနိုင်ဘူး၊ တော်တော် အသုံးမကျတဲ့ကောင်ပဲ"

ဒေါသတကြီးပြောကာ လက်ဝါးဖြင့် ရိုက်ချပစ်လိုက်သည်။

"ဝုန်း..."

"အား..."

ထိုလူမှာ သက်ချွေဘီလူး လုံကြူးခက်၏ လက်ချက်မိကာ ချက်ချင်း အသက်ပျောက်သွားလေတော့သည်။

စီးမင်ချူးနှင့် ပေ့ဟုတို့မှာ အချင်းချင်း ကြည့်ကိုက်မိကြ၏။

အလွန်ကြောက်စရာကောင်းသည့် လက်ဆိုးဓားပြများ လက်ထဲ ရောက်နေသည် မဟုတ်ပါလား။

www.burmeseclassic.com



လူဆိုးဓားပြများသည် လူ့အသက်ကို ဖက်ရွက်မျှပင် သဘော မထားကြချေ။

ငယ်သားများသည် သက်ချွေဘီလူးအား ဖိန့်ဖိန့်တုန်အောင် ကြောက်ကာ ဒူးထောက်လိုက်ကြ၏။

ဤတွင်...

စီးမင်းချူးနှင့် ပေ့ဟုတို့နှစ်ယောက်က မတ်တတ်ရပ်လျက် ထင်းထင်းကြီး ပေါ်လွင်သွားကြတော့သည်။

လုံကြီးခက်က မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"သူတို့နှစ်ယောက်ကို မင်းတို့ ဖမ်းခေါ်လာကြတာလား"

သူ၏ လူတစ်ယောက်က...

"မဟုတ်ပါဘူး၊ သူတို့က တမင် အဖမ်းခံတာပါ"

"ဘာကွ..."

"သူတို့က ခေါင်းဆောင်ကြီးနဂါးကို တွေ့ချင်လို့ လိုက်လာ တာပါ"

စီးမင်းချူးနှင့် တွေ့ဆုံရပုံများကို ပြောပြလိုက်သည်။

သက်ချွေဘီလူး လုံကြီးခက် စိတ်ဝင်စားသွားသည်။

"ကြိုးဖြည်ပေးလိုက်စမ်း..."

ဟု အမိန့်ပေးလိုက်ရာ လူဆိုးများက စီးမင်းချူးတို့အား ချက်ချင်း ကြိုးဖြည်ပေးလိုက်ကြလေသည်။

"ကျေးဇူးပါပဲဗျာ"

စီးမင်းချူးက ဂါရဝ ပြုလိုက်သည်။

လုံကြီးခက်က မေးသည်။

"မင်းက ခေါင်းဆောင်ကြီးနဂါးဆီမှာ တပည့်ခံပြီး သိုင်းပညာ သင်ချင်တယ် ဟုတ်လား..."



စီးမင်းချူး ခေါင်းညိတ်လိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ"

"သိုင်းလောကသားတွေ စုပေါင်းတိုက်ခိုက်ကြလို့ ခေါင်း ဆောင်ကြီး အလုပ်ရှုပ်နေချိန်မှာ မင်းက ဒီကိုလာပြီး သိုင်းပညာ သင်ချင်တယ်ဆိုတာ ဘယ်လို သဘောလဲကွ၊ မင်းမှာ အကြံအစည် တစ်ခုခုတော့ ရှိနေတယ် မဟုတ်လား၊ ကျုပ်တို့ကို အယုံသွင်း ချဉ်းကပ်ပြီး ခေါင်းဆောင်ကြီးကို လုပ်ကြံချင်တာ မဟုတ်လား"

သက်ချွေဘီလူး လုံကြီးခက်က ခေသူ မဟုတ်ပါ။

စီးမင်းချူးက...

"ရုတ်တရက်ဆိုရင် ဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ ဒီလိုထင်စရာ ရှိပါတယ်၊ ဒါပေမယ့် ခင်ဗျားထင်သလို မဟုတ်ဘူး ဆိုတာကို ကျုပ်က လက်တွေ့သင်သေပြနိုင်ပါတယ်"

လုံကြီးခက်က...

"မင်း ဘယ်လို သက်သေပြမှာလဲ၊ ပြောစမ်းပါဦး"

"ခင်ဗျားတို့နဲ့ လက်တွဲပြီး အထက်လမ်း သိုင်းသမားတွေကို တိုက်ခိုက်သွားမှာပါ"

"ဩော်..."

စီးမင်းချူးက လူဆိုးတစ်ယောက်၏ လက်ထဲမှ ရတနာဓားကို ညွှန်ပြလိုက်သည်။

"ကျုပ်က ရတနာဓား ရှိစွမ်းကို သုတ်သင်ပြီး သူ့ရဲ့ ရတနာ ဓားကို ယူလာခဲ့တာ လက်တွေ့ပါပဲ"

လုံကြီးခက် အံ့သြနေသည်။

ရတနာဓား ရှိစွမ်းမှာ နာမည်ကျော် သိုင်းသမားတစ်ဦး ဖြစ် ကြောင်း သူ သိရှိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ရိုစွမ်းကို ရှင်းပစ်လိုက်ပြီ ဟုတ်လား..."

"သူ့ရဲ့ ရတနာတွေဟာ ကျုပ် သက်သေပြနိုင်တာပဲ မဟုတ်လားဗျာ"

လုံကြူးခက်သည် စီးမင်ချူးအား မည်သို့နားလည်ရမှန်းမသိ ဖြစ်သွားလေတော့သည်။

"ခင်ဗျားတို့ တောင်အောက်ကို ဆင်းချင်ပေမယ့် အခက်ကြုံနေကြတယ်၊ ကျုပ်က ကူညီဖြေရှင်းပေးမယ် ဆိုရင်ကောဗျာ"

"မင်း ဘယ်လို ဖြေရှင်းပေးမှာလဲ၊ ပြောစမ်းပါဦး"

စီးမင်ချူး ရယ်မောလိုက်သည်။

ဒီကိစ္စ လွယ်လွယ်ကလေးပါဗျာ၊ မြွေစိမ်းတောင်မှာ အရပ်ဒေသအသီးသီးက သိုင်းလောကသားတွေ ခြေချင်းလိမ်နေကြတာပဲ မဟုတ်လား၊ ခင်ဗျားတို့က ရုပ်ဖျက်ပြီး ခပ်တည်တည် ဆင်းသွားရင် သိုင်းလောကသားတွေလို့ပဲ ထင်မှတ်ကြပြီး ဘယ်သူကမှ ဟန့်တားကြမှာ မဟုတ်ပါဘူးဗျာ"

လုံကြူးခက်၏ မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

စီးမင်ချူးကိုလည်း သဘောကျသွားသေသည်။

"ဝေးလွန်းရင်လည်း မမြင်ဘူး၊ နီးလွန်းရင်လည်း မမြင်ရဘူးဆိုတာ ဒီသဘောပဲဖြစ်မယ်၊ မင်းပြောတဲ့အတိုင်းဆိုရင် တောင်ပေါ်က ဆင်းသွားဖို့ လွယ်လွယ်ကလေးပဲပေါ့"

စီးမင်ချူးက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားသာ ဣန္ဒြေမပျက်မိစေနဲ့၊ ဘယ်သူကမှ ခင်ဗျားကို သတိထားမိကြမှာ မဟုတ်ဘူး၊ နဂါးအဖွဲ့ကို ချေမှုန်းဖို့ လာခဲ့တဲ့ သိုင်းလောကသား တစ်ယောက်လို ဟန်ဆောင်တတ်ဖို့ပဲ လိုပါတယ်ဗျာ"



"ဟား...ဟား...ဟား..."

လုံကြူးခက် ဟားတိုက်ရယ်မောလိုက်လေသည်။

"ကောင်းတယ်...မင်း အကြံသိပ်ကောင်းတယ်၊ ကဲ...လာကွာ၊ အေးအေး ဆေးဆေး စားသောက်ရင်း စကားပြောကြတာပေါ့"

"ကောင်းပါပြီဗျာ"

လုံကြူးခက်သည် ချက်ချင်းပင် စားပွဲသောက်ပွဲကို ပြင်ဆင်ခိုင်းလိုက်သည်။

စီးမင်ချူးက ပေ့တှာအား လက်ဆွဲကာ ခေါ်သွား၏။

သုံးယောက်သား စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

လုံကြူးခက်က ပေ့တှာအား အကဲခတ် ကြည့်နေခြင်းကြောင့် စီးမင်ချူးက မိတ်ဆက်ပေးလိုက်သည်။

"ဒါ ကျုပ်ရဲ့ဇနီးသည် ပေ့တှာပါဗျာ"

ပေ့တှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

စီးမင်ချူးက...

"ကျုပ်ရဲ့ ဇနီးသည်ကလည်း မခေဘူးဗျ၊ ဆရာကို သစ္စာဖောက်လိုက်လို့ သူ့ရဲ့ဂိုဏ်းတူ အစ်မက လိုက်ရှာနေလို့ ထွက်ပြေးနေရတာလေ ဟင်း...ဟင်း..."

မိမိ၏ အဖြစ်ကို စီးမင်ချူးက ရိပ်မိနေသဖြင့် ပေ့တှာမှာလည်း ဘာမှ မပြောဘဲ နေလိုက်ရသည်။

လုံကြူးခက်က ရယ်မောလိုက်သည်။

"မင်းတို့ ဇနီးမောင်နှံကို ကျုပ် သဘောကျမိတာ အမှန်ပါပဲ၊ ဒါပေမယ့်...ခေါင်းဆောင်ကြီးဆီမှာ တပည့်ခံပြီး သိုင်းပညာ သင်ကြားချင်တယ်ဆိုတဲ့ ကိစ္စကတော့ နည်းနည်း ရှုပ်ထွေးနေတယ်လို့ ကျုပ် ယူဆတယ်"

www.burmeseclassic.com

www.burmeseclassic.com



စီးမင်းချူးက...

"ကျုပ် ရှင်းပြပါ့မယ်ဗျာ"

"ကောင်းပြီ..."

"ခေါင်းဆောင်ကြီး နဂါးရဲ့ ဓားပညာဟာ ပြိုင်ဘက်ကင်းတယ်လို့ ကြားခဲ့ရပါတယ်၊ ကျုပ်ဟာ တစ်နေ့ကျရင် ကျင်းလိမ်ပြိုင်ပွဲမှာ ဝင်ပြိုင်ပြီး သိုင်းလောက ပထမဓားဘွဲ့ကို ရယူမယ်လို့ ရည်ရွယ်ထားပါတယ်၊ ကျုပ်မှာ အခြေခံဓားပညာ ရှိထားပြီး ခေါင်းဆောင်ကြီးနဂါးဆီက ဓားပညာကို ရခဲ့မယ်ဆိုရင် ကျုပ်ရဲ့အကြံအောင်မြင်သွားမှာ သေချာပါတယ်၊ ကျုပ်သာ ပထမဓားဘွဲ့ ရမယ်ဆိုရင် သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်ပြီပေါ့ဗျာ"

လုံကြိုးခက် ရယ်မောခြင်းမပြုဘဲ အလေးအနက် ရှိနေပါသည်။

"ဒီအတိုင်းဆိုရင်တော့ ကျုပ် ဆုံးဖြတ်လို့ မဖြစ်ဘူး၊ ခေါင်းဆောင်ကြီးကိုယ်တိုင် ဆုံးဖြတ်လိမ့်မယ်"

သူ၏ စကားကြောင့် နဂါးနှင့် တွေ့ဆုံရန် အခွင့်အရေးပေါ်လာပြီဖြစ်ကြောင်း စီးမင်းချူးနှင့် ပေ့ဗှာတို့ နားလည်လိုက်သည်။

စီးမင်းချူးက...

"ကျေးဇူးပါပဲဗျာ၊ ကျုပ်ကလည်း ခေါင်းဆောင်ကြီးနဲ့ တွေ့ပြီး အဆုံးအဖြတ် ခံယူချင်ပါတယ်"

ထိုစဉ်...

လူဆိုးတစ်ယောက်က ကပျာကယာ ချဉ်းကပ်လာသည်။

သူက သတင်းပို့လိုက်သည်။

"ဆရာ သိုင်းသမားနှစ်ယောက် တောင်ကြားလမ်းအတိုင်း ဝင်လာပြီး တောင်နံရံက လျှို့ဝှက်ဝင်ပေါက်ကို လာရှာနေပါတယ်"

လုံကြိုးခက်က စီးမင်းချူးအား လှမ်းကြည့်လိုက်၏။



"မင်းရဲ့နောက်ကို ခြေရာခံ လိုက်လာတဲ့လူတွေတော့ မဟုတ်ပါဘူးနော်"

"ဟာ...မဟုတ်ပါဘူး"

"ဒါဖြင့်...ကျုပ် ယုံကြည်လာအောင် မင်းက သူတို့နှစ်ယောက်ကို ရှင်းပစ်ရမယ်ဆိုရင်ကော..."

"ဒါလည်း ဖြစ်ပါတယ်"

လုံကြိုးခက်က လူဆိုးတစ်ယောက်အား အမိန့်ပေးလိုက်လေသည်။

"သူ့ကို အပြင်ဘက် ပို့ပေးလိုက်..."

❖ ❖ ❖

မကြာမီ...။

စီးမင်းချူးသည် ကျောက်ဂူကြီး အတွင်းဘက်သို့ ပြန်လည်ရောက်ရှိလာသည်။

လုံကြိုးခက်၏ မျက်နှာ ပြုံးရွှင်နေသည်။

"မင်း တော်တော် လက်သံပြောင်တာပဲ"

စီးမင်းချူးက...

"သိုင်းလောက ပထမဓားဘွဲ့ ရမယ်ဆိုရင် ကျုပ် ဘာမဆို လုပ်ဝံ့ပါတယ်ဗျာ"

လုံကြိုးခက်က...

"ကောင်းပြီလေ...ခေါင်းဆောင်ကြီးဆီကို ကျုပ် လိုက်ပို့ပေးပါ့မယ်၊ မင်းကို လက်ခံတာ လက်မခံတာကတော့ ခေါင်းဆောင်ကြီး သဘောပဲ"

"ကျေးဇူးပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးခက်သည် စီးမင်းချူးအား သဘောကျသွားသဖြင့် အန္တရာယ် မနေပေးတော့ချေ။

ကျောက်ဂူကြီး၏ တစ်ဖက်ရှိ လှိုဏ်ဂူအပေါက် တစ်ပေါက်မှ ထွက်ကာ စီးမင်းချူးနှင့် ပေ့ဝှာတို့အား လမ်းပြခေါ်ဆောင်သွားသည်။

စီးမင်းချူးတို့ လိုက်သွားကြရာ မကြာပါချေ ကျောက်တောင်ကြီး အပြင်ဘက်မှ တောအုပ်တစ်ခုသို့ ရောက်ရှိသွားကြ၏။

ညနေ ဆည်းဆာအချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

အဝေးမှ တိုက်ခိုက်သံများ ကြားနေရ၏။

လုံကြိုးခက်က...

"သိုင်းလောကသားတွေ ဒီလောက်တောင် စည်းစည်းလုံးလုံး ရှိကြလိမ့်မယ် မထင်ဘူး၊ မြစ်ဝါမြစ်ရိုးတစ်လျှောက် ကျုပ်တို့ ထင်တိုင်း ကျဲနေနိုင်ခဲ့တာ ကြာပြီ၊ အထက်လမ်း သိုင်းသမားတွေ ရောက်လာရင် ဆုံးမပစ်လိုက်တာပဲ၊ ဒါကြောင့် ဘာမှ ဂရုစိုက်စရာ မလိုဘူး ထင်နေခဲ့တာ"

နဂါး၏လက်အောက်တွင် လူဆိုးဓားပြများ အောက်လမ်း သိုင်းသမားများ စုရုံးမိကာ မြေခြစ်မ်းတောင်ပေါ်၌ ခြေကုပ်ယူနိုင်ခဲ့ကြသည်။ တစ်စထက်တစ်စ အင်အားကောင်းလာပြီး သိုင်းလောကကိုပင် ခြိမ်းခြောက်လာနိုင်ခဲ့သည်။

တဖြည်းဖြည်း ကြီးထွားလာသော ခုစရိုက် အင်အားစုဖြင့် သိုင်းလောကကို လွှမ်းမိုးနိုင်မည်ဟု ထင်မှတ်ခဲ့သော်လည်း ယခုတော့ သိုင်းလောကသားများ၏ စည်းလုံးညီညွတ်မှု အင်အားကို မျက်[illegible]ထင်ထင် တွေ့မြင်လိုက်ရပြီ ဖြစ်သည်။

သုံးယောက်သား စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြရာ တစ်နေရာသို့ အရောက်တွင် အော်သံ ထွက်ပေါ်လာလေ၏။



"မပြေးနဲ့..."

သစ်ပင်များကြားမှ သိုင်းလောကသားများ ထွက်ပေါ်လာကြပြီး စီးမင်းချူးတို့အား ဝန်းရံတိုက်ခိုက်ကြလေတော့သည်။

"ညီမ... နောက်ဆုတ်လိုက်"

စီးမင်းချူးက ပေ့ဝှာကို သတိပေးလိုက်ပြီး သက်ချွေဘီလူး လုံကြိုးခက်နှင့် လက်တွဲကာ သိုင်းသမားများအား ရင်ဆိုင်လိုက်သည်။

တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။

စီးမင်းချူးသည် ဖုံးချီ၏ ဓားကွက်နှင့် ရိုစွမ်း၏ ဓားကွက်များကို ကောင်းစွာ အသုံးချနိုင်ခဲ့သလို သက်ချွေဘီလူး လုံကြိုးခက်၏ သိုင်းပညာ မခေသဖြင့် ဝိုင်းရံတိုက်ခိုက်လာကြသည့် သိုင်းသမားများ ကျဆုံးသွားကြတော့သည်။

"အား..."

"အမယ်လေး..."

"သေပါပြီဗျို..."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာကာ သိုင်းသမားများ အတုံးအရုံး လဲကျသွားသည်။

"ဟား...ဟား...ဟား..."

"ဟား...ဟား...ဟား..."

စီးမင်းချူးနှင့် လုံကြိုးခက်တို့ ပြိုင်တူ ရယ်မောလိုက်ကြ၏။

လုံကြိုးခက်သည် စီးမင်းချူးအား ပို၍ပင် သဘောကျသွားတော့သည်။

"မင်းလို အရည်အချင်းရှိတဲ့ လူတွေသာ ငါတို့ဘက်က လုံလုံလောက်လောက် ရှိနေမယ်ဆိုရင် သိုင်းလောကသားတွေကို မှုစရာ

www.burmeseclassic.com



ဘယ်လိုပါတော့မလဲ၊ ဒီကောင်တွေ အားလုံးကို ရှင်းပစ်လိုက်နိုင်မှာပဲ…”

“စိတ်ချပါဗျာ၊ သိုင်းလောက ပထမစားပွဲ ရပြီးရင် သိုင်းလောက တစ်ခုလုံးကို ကျုပ်တို့ရဲ့ ခြေဝါးအောက်ကို ရောက်လာရမှာပေါ့”

သူတို့ ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်ကြ၏။

“ဟူး…ဟူး…ဟူး…”

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားသူ ဦးဆောင်သည့် လူတစ်စု ပြေးလွှားရောက်ရှိလာကြသည်။

ထိုရွှေရောင် ဝတ်ဆင်ထားသူကား ထင်ရှားကျော်ကြားလှသည့် ရွှေဓားသိုင်းသမား ကျင်းကျန့် ဖြစ်ပါသည်။

“ဝှစ်…”

ကျင်းကျန့်က ဓားဝှေ့ယမ်းလိုက်လျှင် ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာလေသည်။

စီးမင်ချူးတို့ ရှေ့ဆက်မသွားနိုင်အောင် တားဆီးထားပြီးသား ဖြစ်သွားတော့သည်။

“သတိထား…”

လုံကြိုးခက်က သတိပေးလိုက်သည်။

နှစ်ယောက်သား နောက်ဆုတ်လိုက်ကြလေသည်။

ပေ့တာလည်း ရင်ထိတ်နေ၏။

သို့သော်…

သူမသည် အညံ့စား မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါချေ။



အရေးအကြောင်း ကြုံလာလျှင် တိုက်ခိုက်နိုင်ရန် လက်ထဲ၌ လက်နက်ပုန်းကလေးများ အသင့်ဆုပ်ကိုင်ထားသည်။

သူမသည် ရိုးရိုးမြွေ မဟုတ်ပါ။ အဆိပ်ရှိသော မြွေဖြစ်သည်။

ရွှေဓားသိုင်းသမား ကျင်းကျန့် ဦးဆောင်သော သိုင်းသမားတစ်စုသည် လုံကြိုးခက်နှင့် စီးမင်ချူးတို့အား ဝိုင်းရံထားလိုက်ကြ၏။

ကျင်းကျန့်က ရယ်မောလိုက်သည်။

“မြွေစိမ်းတောင်ပေါ်မှာ လူဆိုးဓားပြတွေ အနက်ရောင်သိုင်းသမားတွေအားလုံး ဖရိုဖရဲ ဖြစ်နေကြပြီ၊ သေတဲ့လူသေ၊ ထွက်ပြေးတဲ့လူ ပြေးကုန်ကြပြီ၊ ခုခံတိုက်ခိုက်နေကြသူတွေလည်း မကြာခင် အမိုက်ဇာတ် သိမ်းသွားကြတော့မှာပဲ၊ ဒါပေမယ့် ခေါင်းဆောင်နှစ်ယောက် လွတ်မြောက်နေသေးလို့ စိတ်ပူနေတာ၊ လုံကြိုးခက် လက်နက်ချလိုက်ပြီး အဖမ်းခံပါ၊ နဂါးရဲ့အကြောင်းကို ဖော်ထုတ်မယ်ဆိုရင် အသက်ချမ်းသာ ပေးမယ်”

လုံကြိုးခက် နှာခေါင်းရှုံ့လိုက်သည်။

“ကျုပ်ဟာ အညံ့ခံမယ့် လူစားလား၊ ခေါင်းဆောင်ကြီးကို သစ္စာဖောက်မယ့် လူစားလို့ ထင်နေသလား၊ ထွီ…ခင်ဗျားတို့ကို ကြောက်နေမယ် ထင်သလား”

မြေပေါ် တံတွေးထွေးချလိုက်ကာ ကျင်းကျန့်ထံ လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လိုက်သည်။

“ယား…”

ကျင်းကျန့်ကလည်း ရွှေဓားဝှေ့ယမ်းကာ ဆီးကြိုတိုက်ခိုက်လိုက်၏။

ကျင်းကျန့်နှင့် လုံကြိုးခက်တို့ ရင်ဆိုင်လိုက်ကြသောအခါ ကျန်သိုင်းသမားများက စီးမင်ချူးထံ ပြေးဝင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဓားကြည့်ထား..."

စီးမင်ချူးက ဓားတွေ့ယမ်းကာ ရင်ဆိုင်လိုက်၏။

ဖိုးချိန်နှင့် ရိုစ္စမ်းထံမှ ရရှိခဲ့သော ဓားကွက်များသည် ဆန်းပြား ပြီး ထက်မြက်မှုလည်း ရှိသည်။

စီးမင်ချူးက ဓားတွေ့ယမ်းကာ တိုက်ခိုက်လိုက်လျှင်...

"အာ..."

"အမယ်လေး..."

သိုင်းသမားများ ဒဏ်ရာ ကိုယ်စီရကာ နောက်ဆုတ်လိုက်ကြ ရသည်။

ကျင်းကျန့်သည် လုံကြိုးခက်နှင့် ရင်ဆိုင်နေရင်း သူ၏ လူများ အရေးနိမ့်သွားသည်ကို မြင်လျှင် ရင်ထိတ်သွားသည်။

"ဒီကောင်လေးရဲ့ ဓားပညာ မဆိုးပါလား"

စီးမင်ချူးဘက်သို့ အာရုံရောက်သွားသည့် တစ်ဒင်္ဂအချိန်လေး အတွင်းမှာပင် လုံကြိုးခက်၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရလေတော့ သည်။

"ဝှစ်...ဝှစ်..."

"ခြွမ်း..."

"အွန်..."

လုံကြိုးခက်က ဖိကာ တိုက်ခိုက်လိုက်သဖြင့် ကျင်းကျန့်၏ ဓားကိုင်ထားသော လက်၌ ဒဏ်ရာရကာ လက်ထဲမှရွှေဓား မြေပေါ် လွတ်ကျသွားလေတော့သည်။

ကျင်းကျန့် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"ဟား...ဟား...ဟား..."

လုံကြိုးခက်က လှောင်ပြောင် ရယ်မောလိုက်သည်။



"ဘယ်လိုလဲဗျ၊ ရွှေဓားကျင်းကျန့်လို့ နာမည်ကျော်နေပြီး ခုတော့ မယှဉ်ဝံ့ဘဲ ထွက်ပြေးတော့မလို့လားဗျာ"

လုံကြိုးခက်မှာ နဂါး၏ လက်ထောက် ဖြစ်သည်နှင့်အညီ ထက်မြက်သော သိုင်းပညာရှိသည်။ ရက်စက်ကြမ်းကြုတ်စွာ တိုက် ခိုက်တတ်ပြီး အခွင့်အရေးကိုလည်း အသုံးချတတ်သည်။

လုံကြိုးခက်၏ လက်ချက်ဖြင့် သေဆုံးသွားရသည့် ထိပ်တန်း သိုင်းသမား အတော်များပြီ ဖြစ်ပါသည်။

ကျင်းကျန့် အံကြိတ်လိုက်သည်။

"ကျုပ်က သေရမှာ မကြောက်လို့ ဒီနေရာကို လာခဲ့တယ် ဆိုတာ မှတ်ထားစမ်းပါ"

ရွှေဓားမြေပေါ်သို့ လွတ်ကျသွားပြီဖြစ်ရာ လက်ဝါးနှစ်ဖက် အတွင်း၌ အတွင်းအားစုစည်းပြီး ရင်ဆိုင်လိုက်သည်။

ကျင်းကျန့်မှာ လက်နက်မဲ့ ဖြစ်နေ၍ ဓားကိုင်ထားသော လုံကြိုးခက်က တပန်းသာသွားသည်။

"ဓားကြည့်ထား..."

အော်ဟောက်ရင်း ဓားတွေ့ယမ်းကာ ပြင်းပြင်းထန်ထန် တိုက် ခိုက်လိုက်တော့သည်။

အောက်လမ်းသိုင်းသမားများမှာ သိုင်းလောက စည်းကမ်းများ ကို လိုက်နာကြသည် မဟုတ်ပါ။

ကျင်းကျန့်ကလည်း အကြောက်အကန် ရင်ဆိုင်နေ၏။

နောက်သို့ တစ်စက်ကလေးမှ မဆုတ်တော့ဘဲ သူ့သေကိုယ် သေ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

အတွင်းအား စုစည်းကာ ရိုက်ချလိုက်သော လက်ဝါးချက် ချက်များသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးခက် အားကိုင်ထားသော်လည်း ထင်သလို အသာစီး မရနိုင်တော့သည့်အပြင် တစ်ခဏကြာလျှင် နောက်ဆုတ်ပေးလိုက်ရတော့သည်။

ကျင်းကျန့်အား အနိုင်ယူလိုစိတ်ဖြင့် ဖိ၍ တိုက်ခိုက်မိလျှင် ကျင်းကျန့်အား သုတ်သင်ပစ်ဖို့ အခွင့်အရေးရမည် ဖြစ်သော်လည်း လုံကြိုးခက်လည်း သက်သာမည် မဟုတ်ပါ။

ကျင်းကျန့်က သေမင်းနိုင်ငံသို့ အဖော်ခေါ်သွားလိမ့်မည် မဟုတ်ပါလား။

လုံကြိုးခက် အခြေအနေ မဟန်သည်ကို မြင်လျှင်...

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

စီးမင်ချူးက ရတနာဓားဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်သကဲ့သို့...

"ဗုစ်...ဗုစ်...ဗုစ်..."

ပေ့ဗှာကလည်း လက်နက်ပုန်းကလေးများဖြင့် တိတ်တဆိတ် တိုက်ခိုက်လိုက်သည်။ ကျင်းကျန့် အခက်ကြုံသွား၏။

စီးမင်ချူးနှင့် ပေ့ဗှာတို့ ပါဝင်လာကြသဖြင့် ရင်ဆိုင်နိုင်စွမ်း မရှိတော့ဘဲ အရှုံးကြီး ရှုံးနိမ့်သွားလေတော့သည်။

"ထောက်...ထောက်..."

ပေ့ဗှာ၏ လက်နက်ပုန်းကလေးများ ထိမှန်သွား၏။

စီးမင်ချူး၏ ရတနာဓားကလည်း ကျောပြင်ကို ထိုးစိုက်သွားသည်။

"အား..."

ကျင်းကျန့် အော်ဟစ်ရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်သည်။



လုံကြိုးခက်က...

"ကျင်းကျန့်...ခင်ဗျား ဘာမှ မတတ်နိုင်တော့ဘူးဗျ"

ရှေ့တိုးကာ ကျင်းကျန့်၏ ရင်ဝကို ဓားဖြင့် ထိုးသွင်းလိုက်တော့သည်။

"စွိ..."

ဒဏ်ရာပြင်းစွာ ရနေပြီဖြစ်သော ကျင်းကျန့်မှာ မရှောင်နိုင်တော့ပါ။

ပြင်းထန်လှသော ဓားချက်က ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားခြင်းကြောင့် အသံပင် မထွက်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားတော့သည်။

"ဗုန်း..."

ကျင်းကျန့် သေဆုံးသွားသည်ကို မြင်သောအခါ လိုက်ပါလာကြသော သိုင်းသမားများမှာ ထိတ်လန့်ကာ ရှောင်တိမ်းသွားဖို့ ကြိုးစားလိုက်ကြတော့သည်။

အားကိုးအားထားပြုသည့် ကျင်းကျန့် လဲကျသေဆုံးသွားပြီ မဟုတ်ပါလား။

"မင်းတို့ ဘယ်ပြေးမလဲ"

လုံကြိုးခက်သည် သက်ချွေဘီလူးဆိုသည့် နာမည်နှင့်လိုက်အောင် သိုင်းသမားများထံသို့ ခုန်ဝင်သွားပြီး သက်ချွေပစ်လိုက်တော့သည်။

"အား..."

"အမလေး..."

"သေပါပြီဗျ..."

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းကျန်နှင့် သိုင်းသမားတစ်စုမှာ မမျှော်လင့်ဘဲ အသက်ပေးလိုက်ကြရလေတော့သည်။

❖ ❖ ❖

အခန်း(၁၆)

# အသေအကြေ တိုက်ပွဲ

မှောအုပ်ကလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

စီးမင်ချူး၊ လုံကြိုးခက်နှင့် ပေ့ဟွာတို့သည် တောအုပ်ထဲမှ ထွက်လာခဲ့ကြသည်။

အရှေ့ဘက်၌ ရေတံခွန်တစ်ခု ရှိနေသည်။

လုံကြိုးခက်က...

"ခေါင်းဆောင်ကြီးဟာ ရေတံခွန်ကြီးအောက်က လိုဏ်ဂူထဲမှာ ရှိနေယ်"

စီးမင်ချူး ဝမ်းသာသွားသည်။

"ခေါင်းဆောင်ကြီးနဲ့ တွေ့ရင် ကျုပ်ကို တပည့်အဖြစ် လက်ခံဖို့ သေသေချာချာ ပြောပေးပါဗျာ"

"စီတ်ချ...မင်းအကြောင်းကို ကျုပ် သိနေပါပြီ၊ ကျုပ်ကို ကူညီခဲ့တာပဲ၊ ခေါင်းဆောင်ကြီးအတွက်လည်း အားကိုးရမယ့် လူတစ်ယောက် ရတာဆိုတော့ ကျုပ် ပြောမပေးနိုင်စရာ အကြောင်း မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဗျာ"

ထိုအချိန်မှာပင်...

"ဟူး...ဟူး..."

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

လူငါးယောက် ပြေးလွှားလာနေကြသည်ကို တွေ့ရ၏။

ပေ့ဇာက ပြောလိုက်၏။

"သိုင်းလောကသားတွေ လိုက်လာကြပြီ"

သူမသည် ကျောက်တုံးတစ်ခုနောက်သို့ ခုန်ဝင်ပုန်းအောင်းလိုက်သည်။

ရုတ်တရက်မို့ စီးမင်းချူးလည်း ရင်ထိတ်ကာ နောက်ဆုတ်လိုက်သည်။

လုံကြိုးခက်ကမူ ဓားဆွဲကာ မားမားမတ်မတ် ရပ်လျက် ရင်ဆိုင်ဖို့ အသင့်ပြင်ထားလိုက်လေ၏။

ပြေးလွှားလာနေကြပုံကို ကြည့်လျှင် ထိုလူများမှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြောင်း ထင်ရှားသွားသည်။

"ဟူး...ဟူး..."

ပြေးလွှားလာသူ ငါးယောက်မှာ ရေတံခွန်အနီးသို့ ရောက်ရှိလာကြသည်။

ထိုလူငါးယောက်ကို မြင်လျှင် လုံကြိုးခက် ထိတ်လန့်သွားလေတော့သည်။

ရှောင်လင်ကျောင်းမှ ပြင်ပ သိုင်းလောကရေးရာ ဌာနတာဝန်ခံ 'ဝူးကိုယ်တော်'...

ဝူးတန်းဂိုဏ်းချုပ်၏ လက်ထောက် ဓားသမား 'ဆားထင်း'...



"ဝူဖီး သီလရှင်"...

လူထူးလူဆန်း 'ကျင့်တီ' နှင့် 'ကျင်းလိမ်' မြို့စားတို့ ဖြစ်ကြသည်။

သိုင်းလောကထိပ်သီး သိုင်းသမားကြီးများ ရောက်ရှိလာခြင်းကြောင့် မြွေစိမ်းတောင်ပေါ်၌ ခြေကုပ်ယူထားကြသော အနက်ရောင်သိုင်းသမားများမှာ မရှုမလှ အရေးနိမ့်ကာ ပြိုကွဲ သွားရခြင်း ဖြစ်ပေတော့သည်။

လုံကြိုးခက်သည် သက်ချွေဘီလူးဟု မည်သို့ပင် ကျော်ကြားပါစေ ယခုရောက်လာသော သိုင်းသမားကြီး ငါးယောက်နှင့် ယှဉ်လျှင် ပြောပလောက်သူ ဖြစ်သွားလေတော့သည်။

လုံကြိုးခက် ဖြူဖြစ်သွားချေပြီ။

ရှောင်လင်ကျောင်းမှ ဝူးကိုယ်တော်က လုံကြိုးခက်အား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းက သက်ချွေဘီလူး လုံကြိုးခက် မဟုတ်လား"

လုံကြိုးခက် ရင်ကော့လိုက်သည်။

"သိပ်မှန်တာပေါ့ဗျာ"

ဝူးကိုယ်တော်က...

"နဂါးဘယ်မှာလဲ"

"ကျုပ်မသိဘူး"

ဝူဖီးသီလရှင် နှာခေါင်းရှုံ့လိုက်သည်။

"ခေါင်းမာမနေနဲ့တော့ မြွေစိမ်းတောင်တစ်ခုလုံးကို ငါတို့ ရှင်းလင်းပြီးပြီ၊ မကောင်းတဲ့လူတွေအတွက် သိုင်းလောကမှာ နေရာ မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လုံကြိုးခက်မှာ မိမိတို့ဘက်မှ လုံးဝ အရေးနိမ့်သွားပြီ ဖြစ်ကြောင်း နားလည်မိသည်။

သို့သော်...

သူက အညံ့ခံမည်တော့ မဟုတ်ပါ။

သိုင်းလောကသားများက သူ့အား ချမ်းသာပေးကြမည်မဟုတ်သည့်အတူတူ အသက်စွန့် တိုက်ခိုက်သွားရန် ဆုံးဖြတ်ထားလေသည်။

ကျင်းလိမ်မြို့စားက...

"သက်ချွေဘီလူး... မင်းရဲ့ လက်ချက်နဲ့ အပြစ်မဲ့တဲ့ လူတွေ သေဆုံးသွားခဲ့ရတာ မနည်းတော့ဘူး၊ မင်းကို ခွင့်မလွှတ်နိုင်ဘူး၊ မင်း မသေခင် နဂါးဘယ်မှာ ရှိသလဲ ပြောခဲ့ပါ"

လုံကြိုးခက် မဲ့ပြုံး ပြုံးလိုက်သည်။

"ခေါင်းဆောင်ကြီး ဘယ်မှာရှိသလဲဆိုတာ သိချင်ရင် ကျုပ်ကို နိုင်အောင်တိုက်မှ ဖြစ်မယ်"

ဝူတန်းဓားသမား ဆားထင်းက...

"ကောင်းပြီ... ကျုပ်ရဲ့ဓားကို ကြည့်ထားပေတော့"

စိတ်မြန်လက်မြန် ရှိသူပီပီ ဓားဆွဲထုတ်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ယား..."

လုံကြိုးခက်ကလည်း ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

ရှောင်လင်ကိုယ်တော်၊ ဝူစီးသီလရှင်၊ လူထွားဆန်း ကျင်းတီနှင့် ကျင်းလိမ်မြို့စားတို့က နောက်ဆုတ်ကာ လက်ပိုက်ကြည့်နေလိုက်ကြ၏။



ကျော်ကြားသော သိုင်းသမားကြီးများ ဖြစ်ကြသောကြောင့် သိုင်းလောကစည်းကမ်းကို ထိမ်းသိမ်းကာ ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ နေကြခြင်း ဖြစ်သည်။

သူတို့၏နေရာတွင် အောက်လမ်းသိုင်းသမားများ ဆိုပါက ထိုသို့ လက်ပိုက်ကြည့်နေကြမည် မဟုတ်ဘဲ ဝိုင်းဝန်းတိုက်ခိုက်ကြလိမ့်မည်သာ ဖြစ်ပါသည်။

ဝူတန်းဓားသမား ဆားထင်းနှင့် လုံကြိုးခက်တို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်။

သူတို့၏ ဓားပညာမှာ ထိပ်တန်းအဆင့် ရှိနေကြပြီး တစ်ယောက်ကိုတစ်ယောက် ရုတ်တရက် အနိုင်မယူနိုင်ကြပါချေ။

မေ့ဝှာက ကျောက်တုံးများကြားမှ ချောင်းကြည့်နေ၏။

သူမသည် လက်နက်ပုန်းဖြင့် တိုက်ခိုက်ခြင်း မပြုဝံ့ချေ။

ထိပ်သီးသိုင်းသမားကြီးများ ရောက်ရှိလာကြပြီဖြစ်ရာ လုံကြိုးခက်ကော နဂါးပါ အခြေအနေမဟန်နိုင်တော့မှန်း နားလည်နေပြီဖြစ်သည်။

စီးမင်ချူးကလည်း မလှုပ်မယှက်ရပ်ကာ အကြံထုတ်နေ၏။

လုံကြိုးခက်နှင့် ပူးပေါင်းလိုက်သည်မှာ နဂါးထံ၌ တပည့်ခံပြီး ဓားပညာ ရယူနိုင်ဖို့ ဖြစ်သည်။

ဓားပညာရရှိပြီးလျှင် နဂါးကိုအယုံသွင်းကာ ဖုံးချိုကို ရှင်းပစ်သည့် နည်းလမ်းအတိုင်း ရှင်းပစ်ရန် ကြံစည်ထားသည်။

ယခု...

သူ၏ အကြံအတိုင်း ဖြစ်ပေါ်လာနိုင်တော့မည် မဟုတ်ပါ။

နဂါးထံမှ ဓားပညာရယူကာ နဂါးကို ရှင်းပစ်ပြီး သိုင်းလောက၌ သူရဲကောင်းလုပ်ဖို့ မဖြစ်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အကြံကို ဖွင့်လှတ်ဖို့ ဆုံးဖြတ်လိုက်သည်နှင့် မည်သို့ဆက်၍ ဆောင်ရွက်သွားရမည် ဆိုသည်ကို ကောင်းကောင်းကြီး သဘောပေါက်လိုက်သည်။

လုံကြူးခက်သည် ဂူတန်းစားသမား ဆားလင်းနှင့် ရင်ဆိုင်ရင်း ရုတ်တရက် သိုင်းကွက် ပြောင်းလိုက်သည်။

ဆားထင်း၏ ဓားကို မရှောင်ဘဲ သူ၏ဓားကိုလည်း ဆားထင်း၏ ရင်ဝသို့ ထိုးသွင်းလိုက်ခြင်း ဖြစ်၏။

"ဟင်..."

ဆားထင်း ရင်ထိတ်သွား၏။

ဆက်၍ တိုက်ခိုက်လျှင် လုံကြူးခက် သေဆုံးသွားရမည် ဖြစ်သလို သူလည်း သေဆုံးသွားရမည် မဟုတ်ပါလား..."

ဆားထင်း ရင်မဆိုင်ဝံ့တော့ဘဲ ရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်တော့သည်။

"ဟား...ဟား...ဟား..."

လုံကြူးခက်က ဟားတိုက်ရယ်မောလိုက်သည်။

"ဘယ်လိုလဲဗျ...ကျုပ်ကို မယှဉ်ဝံ့တော့ဘူးလား"

ကျင်းလိမ်မြို့စားက...

"သက်ချွေဘီလူး မင်းကို ဘယ်သူကမှ မကြောက်ကြဘူး ဆိုတာ မှတ်ထားပါ၊ ကျုပ်ရဲ့ လက်ဝါးဗျိုကို ကြည့်ထား..."

ရှေ့တိုးပြီး လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်သည်။

"ဟူး...ဟူး..."

လေတိုးသံများ ထွက်ပေါ်လာသည်။ ပြင်းထန်သော လေရှူးလှိုင်းများ ထွက်ပေါ်လာကာ လုံကြူးခက်ထံ တိုးဝင်သွားသည်။



လုံကြူးခက် ထိတ်လန့်သွားသည်။

ကျင်းလိမ်မြို့စားကြီးသည် သိုင်းလောက အကျော်အမော် ထိပ်သီးသိုင်းသမား ဆယ်ယောက်စာရင်းတွင် ပါဝင်သူတစ်ယောက် မဟုတ်ပါလား။

သူ၏ ဓားပညာမှာ မည်မျှပင် ထက်မြက်သည် ဖြစ်ပါစေ၊ ကျင်းလိမ်မြို့စားကြီးကို မည်သို့မျှ မယှဉ်နိုင်ကြောင်း နားလည် သဘောပေါက်ထားသည်။

နားမလည်လျှင် သူ၏အသက် ပါသွားမည်။

ကျင်းလိမ်မြို့စားကြီးသာ မဟုတ်ဘဲ ယခုရောက်လာသည့် သိုင်း သမားကြီး ငါးယောက်စလုံးကို ယှဉ်နိုင်မည် မဟုတ်ချေ။

လုံကြူးခက်မှာ အသက်ရှင်ဖို့ မျှော်လင့်ချက်တစ်ခုသာရှိတော့ သည်။ ရေတံခွန်နောက်ဘက် လှို့ဝှက်လိုဏ်ဂူထဲ၌ ရှိနေသော နဂါး ကိုယ်တိုင် အပြင်ထွက်လာပြီး ယှဉ်ပြိုင်တိုက်ခိုက်ရန် ဖြစ်သည်။

နဂါးမှသာလျှင် ထိုသိုင်းသမားကြီး ငါးယောက်အား ယှဉ်ပြိုင် နိုင်မည် ဖြစ်လေသည်။

လုံကြူးခက်က...

"ယား..."

ညာသံပေးကာ ဓားကို ဝှေ့ယမ်းလိုက်လေသည်။

ဓားမှ ထွက်ပေါ်လာသော လေအရှိန်ဖြင့် ကျင်းလိမ်မြို့စား ရိုက်ထုတ်လိုက်သော လေမှူလှိုင်းများကို ဟန့်တားလိုက်ခြင်းဖြစ် လေသည်။

"ခြွမ်း..."

လေမှူလှိုင်းများက ဟန့်တား၍ မရနိုင်အောင် ပြင်းထန်စွာဖြင့် ဆက်လက် တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံကြီးခက်၏ ခါးလည်း ထက်ပိုင်းကျိုးသွားသည်။

"ဝုန်း..."

လုံကြီးခက်သည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး မည်သို့မျှ မဟန်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

လုံကြီးခက် မရှုမလှ အရေးနိမ့်သွားပြီ ဖြစ်သည်။

မြေပေါ်မှ ကမူးကယာ လူးလိမ့်ထလိုက်သည့်တိုင် ဒယီးဒယိုင် ဖြစ်နေပြီး...

"ဝေါ့..."

ပါး စပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။

ကျင်းလိမ်မြို့စားကြီးကိုလည်း မျက်လုံးပြူးတကျ ကြည့်လိုက်လေသည်။

ကျင်းလိမ်မြို့စားကြီးသည် ရာထူး အရှိန်အဝါ ကြီးမားသည့် မြို့စားကြီး တစ်ယောက် ဖြစ်သကဲ့သို့ ထိပ်သီးသိုင်းပညာရှင်ကြီး တစ်ယောက်လည်း ဖြစ်လေသည်။

သိုင်းလောက အေးချမ်းသာယာ ရလေအောင် မျိုးဆက်သစ် သိုင်းသမားများ ပေါ်ထွက်လာရလေအောင် ရှေ့တန်းမှ ကြိုးပမ်း ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။

ကျင်းလိမ်မြို့တွင် သိုင်းပြိုင်ပွဲများ ကျင်းပပေးပြီး "ပထမ စားဘွဲ့"ကို ချီးမြှင့်ပေးအပ်ကာ လူငယ်လူရွယ်များအား မြေတောင် မြှောက်ပေး နေသူလည်း ဖြစ်သည်။

လုံကြီးခက်က နှုတ်ခမ်းထောင့်၌ ပေကျံသွားသော သွေးများ ကိုသုတ်ပြီး မြို့စားကြီးအား ကြည့်လိုက်သည်။

မြို့စားကြီးက တည်ကြည်သော မျက်နှာထားဖြင့် မေးသည်။



"နဂါး...ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

"ကောင်းပြီ..."

ကျင်းလိမ်မြို့စားကြီးက ရှေ့တိုးဖို့ ခြေလှမ်း ပြင်လိုက်သည်။ ထိုစဉ်...

"ဟား...ဟား...ဟား..."

မိုးခြိမ်းသံပမာ ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ် လာလေတော့သည်။

ထိုရေစက် ရေပေါက်ကလေးများသည် လက်နက်ပုန်းလေးများ ပမာ ကျင်းလိမ်မြို့စားတို့ထံသို့ ပစ်လွှင့်လာလေတော့သည်။

"သတိထား..."

ကျင်းလိမ်မြို့စားတို့ ကပျာကယာ ရှောင်တိမ်းလိုက်ကြရ၏။

"ဟူး..."

လေပွေလှိုင်းများ တိုက်ခတ်လာသကဲ့သို့ ရေတံခွန်နောက်ကျောမှ နဂါးတစ်ကောင် ထွက်ပေါ်လာသည့်ပမာ လူတစ်ယောက် ရိပ်ခနဲ ခုန်ထွက်လာသည်။

ထိုလူသည် လေထဲသို့ ကျွမ်းသုံးချက်ပတ်ပစ်ကာ ကျင်းလိမ် မြို့စားအနီးသို့ ရောက်ရှိလာပြီး တိုက်ခိုက်လိုက်သည်။

"နဂါးပေါ်လာပြီဟေ့..."

"သတိထား..."

ကျင်းလိမ်မြို့စားတို့လူစု ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

နဂါးသည် သိုင်းလောကတစ်ခုလုံးအား ခြိမ်းခြောက်ခဲ့သူ ဖြစ်၍ ပေါ့ပေါ့တန်တန် သဘောမထားဝံ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်စလုံး သတိထားနေကြသည့်တိုင် ပြင်းထန်သော လေလှိုင်းများကြောင့် ဖရိုဖရဲ ဖြစ်သွားကြခြင်းပင်...။

စီးမင်ချူးသည် မြေကွက်လပ်၌ မနေဝံ့တော့ဘဲ ကျောက်တုံး ကျောက်ခဲများနောက်သို့ ခုန်ဝင်လိုက်၏။

"ဖုတ်..."

ပေ့တာ နံဘေးသို့ ကျသွားလေသည်။

ပေ့တာ ထိတ်လန့်နေသည်။

"နဂါး ထွက်လာပြီရှင့်"

"ဟုတ်တယ်"

"ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ"

စီးမင်ချူး ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ စိုးရိမ်စရာ မလိုပါဘူး၊ ကျုပ်တို့က ဟိုဘက် ဒီဘက် အချိန်မရွေး ကူးပြောင်းလို့ ရတာပဲ"

ပေ့တာ မျက်မှောင်ကြုတ်သွား၏။

"ရှင့်သဘောက ဘယ်လိုလဲ၊ ရှင်းရှင်း ပြောစမ်းပါ"

စီးမင်ချူး ပြုံးလိုက်သည်။

"နဂါးအနိုင်ရရင် ကျုပ်တို့က နဂါးဘက်ကပေါ့၊ သူရှုံးသွား ရင်တော့ အထက်လမ်း သိုင်းသမားတွေဘက်ကပေါ့၊ ဒါဆို ဘာ အန္တရာယ် မဖြစ်နိုင်တော့ဘူး"

ပေ့တာက...

"လုံကြိုးခက် ရှိနေသေးလို့ နဂါးအနိုင်ရသွားရင် ကျွန်မ ကို နဂါးက အန္တရာယ်ပြုမှာ မဟုတ်ဘူးဆိုတာ ထားပါတော့၊ နဂါး ရှုံးသွားရင် အထက်လမ်း သိုင်းသမားကြီးတွေ ကျွန်မတို့ကို ချမ်းသာ ပေးပါမလားရှင်"



စီးမင်ချူးက...

"မင်းက မလိုအပ်ဘဲ စိတ်ပူနေတာကိုး၊ အထက်လမ်း သိုင်း သမားကြီးတွေဆိုပါမှ မတရားလုပ်ပါ့မလား၊ ကျုပ်တို့ဟာ ဖနီး မောင်နှံတွေ ဖြစ်တယ်၊ နဂါးတို့လူစုကို ကြောက်ရပြီး သူတို့ ခိုင်းတာ လုပ်ပေးနေရတာပဲ၊ ကျုပ်တို့ကို ညှာတာခွင့်လွှတ်ပါလို့ တောင်းပန် လိုက်ရင် ပြီးသွားမှာပဲ"

ပေ့တာ နှာခေါင်း ရှုံ့လိုက်သည်။

"ကျွန်မတို့ဟာ ဖနီးမောင်နှံတွေမှ မဟုတ်တာ၊ ရှင် ဒီလို လျှောက်ပြောနေတော့ ကျွန်မ ဘယ်လောက် သိက္ခာကျမယ်ဆိုတာ တွေးမိရဲ့လား လုံကြိုးခက်နဲ့ စတွေ့တုန်းကတော့ လူဆိုးတွေကြား ထဲမှာ ကျွန်မ အန္တရာယ် မဖြစ်ရလေအောင် ကာကွယ်ပေးတဲ့သဘော နဲ့ ပြောတာလို့ ကျွန်မ လက်ခံနိုင်ပါတယ်၊ သိုင်းသမားကြီးတွေ ရှေ့မှာတော့ ဒီလိုပြောဖို့ မလိုအပ်ဘူး ထင်ပါတယ်"

"ဒါဖြင့် ဆရာ့ကို ဒုက္ခပေးခဲ့လို့ ပညာသင်ဘက် အစ်မက ဆုံးမဖို့ လိုက်ရှာနေတာနဲ့ ထွက်ပြေးနေရတဲ့ မိန်းကလေးပါလို့ ပြော လိုက်ရမလား"

"ဟင်...ရှင်...ရှင်..."

ပေ့တာ မကျေမနပ် ဖြစ်သွားသည်။

စီးမင်ချူး ရယ်မောလိုက်လေသည်။

"စိတ်ချပါ...ကျုပ်က ဒီလိုမပြောပါဘူး"

ပေ့တာ အံ့ကြိတ်လိုက်သည်။

"ရှင်ပြောရဲရင် ပြောကြည့်ပေါ့၊ ရှင်ဟာ နဂါးဆီမှာ တပည့် ခံဖို့ ကြိုးစားခဲ့တယ်ဆိုတာကို ကျွန်မ ထုတ်ဖော်ပြောပြလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စီးမင်းချူး မျက်နှာပျက်သွား၏။

"မင်း ဒီလိုလုပ်လို့ ဘာ အကျိုးထူးမှာလဲ"

"ကျွန်မအကြောင်းကို ထုတ်မပြောလို့လဲ ရှင့်အတွက် ဘာ ထူးမှာလဲ၊ နေပါဦး ... ရှင်က ကျွန်မ အကြောင်းကို ဘယ်လိုလုပ် သိသွားတာလဲ"

"ကျုပ်က ဥာဏ်ကောင်းတယ်လေ၊ တွေးကြည့်တာနဲ့ သိလိုက် တာပေါ့"

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

နှစ်ယောက်စလုံး ကိုယ်ကျိုးရှေ့တန်းတင်သူများ၊ ဥာဏ် ဥာဏ်နက်များသူများ ဖြစ်နေပါသည်။

စိတ်တူကိုယ်တူ ရှိနေသည်ဟုလည်း ဆိုနိုင်ပါသည်။

ပေ့တ္တာက မေးသည်။

"ရှင်က ဘာကြောင့်များ နဂါးဆီမှာ တပည့်ခံချင်ရတာလဲ ပြောစမ်းပါဦး၊ ရှင် မြွေကိုက်ခံရတော့ ရတနာအေး ရှီရွှမ်း အတော် စိတ်ပူခဲ့တယ်၊ ရှီရွှမ်း ဒဏ်ရာနဲ့လဲနေတော့ ရှင် ဘာမှ မခံစားရ အပြင် သူ့ရဲ့ ရတနာအေးကိုတောင် ယူလာခဲ့သေးတာပဲ မဟုတ်လား ရှင့်သဘောက ဘယ်လိုလဲ"

စီးမင်းချူးက ...

"ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မယ်၊ တစ်နေ့ကျ ကျင်းလိမ်ပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲပြီး သိုင်းလောက ပထမဆုံး ရယူမယ်လို့ သန္နိဋ္ဌာန် ချထားတယ်"

ပေ့တ္တာ ခေါင်းယမ်းလိုက်သည်။

"လက်ရှိ ရှင့်ပညာလောက်နဲ့ ရှင် မျှော်မှန်းထားသလို ဖြစ် လာနိုင်မှာ မဟုတ်ဘူးရှင့်"



"ကျုပ် သဘောပေါက်၊ ဒါကြောင့် သိုင်းပညာ တိုးတက် လာအောင် ကြိုးစားနေတာပေါ့"

"ရှင်က ကိုယ်တိုင်မကြိုးစားဘဲ သူများရဲ့ အကောင်းဆုံးဆိုတဲ့ သိုင်းကွက်တွေကိုမှ လိုချင်နေတာကိုး"

"မင်း မဆိုးဘူး၊ ကျုပ်ရဲ့စိတ်ကို နားလည်သဘောပေါက်တာ မင်း တစ်ယောက်ပဲ ရှိသေးတယ်၊ ဒါကြောင့် ကျုပ်က မင်းကို လက်ထပ်ချင်တာပေါ့"

စီးမင်းချူးက ပြောရင်း ပေ့တ္တာကို သိုင်းဖက်လိုက်သည်။

"ရှင် ... ရှင် ..."

"ညီမ ... ကျုပ်က ညီမရဲ့ ပညာသည်ဘက်အစ်မ ယိုဟုန်ကို ဆုံးမပေးပါမယ်၊ ကျုပ်တို့နှစ်ယောက် ပူးပေါင်းလိုက်မယ်ဆိုရင် ယိုဟုန် ဘာတတ်နိုင်မှာတဲ့လဲ၊ ပြီးတော့ ကျုပ်ဟာ တစ်နေ့ကျရင် ပထမဆားသမား ဖြစ်လာမှာပဲ၊ ဒါဆိုရင် သိုင်းလောကတစ်ခုလုံး ညီမရဲ့ ခြေဖဝါးအောက် ရောက်လာနိုင်သေးတာပဲ"

ပေ့တ္တာ ငြိမ်ကျသွား၏။

စီးမင်းချူးက ...

"ကျုပ်တို့နှစ်ယောက် ဘာကြောင့် မပူးပေါင်းနိုင်ရမှာလဲ"

"အစ်ကိုပြောတာ မှန်ပါတယ်ရှင့်"

ပေ့တ္တာက သဘောတူလိုက်သည်။

သိုင်းဖက်လာသော စီးမင်းချူး၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက် လေတော့သည်။

အဆိပ်ရှိသူချင်း ပေါင်းမိသွားကြလေပြီ။

စီးမင်းချူးနှင့် ပေ့တ္တာတို့ ကျောက်တုံးကြီးများ နောက်ကွယ်၌

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြီးကို မြေလျှော့နေချိန်တွင် ကျောက်တုံးရှေ့ မြေကွက်လပ်၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်နေသည်။

ထိပ်သီးဒုစရိုက်ရာဇာ နဂါးနှင့် အထက်လမ်း သိုင်းသမားကြီးများ ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

နဂါး၏သိုင်းပညာမှာ ယခင်ကထက်များစွာ တိုးတက်လာကြောင်း ကျင်းလိမ်မြို့စားတို့ ရိပ်မိကြသည်။

ဂူးတန်းဓားသမား ဆားထင်းက...

"ယား..."

ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်၏။

သူ၏ ဓားကိုင်ထားသော လက်ကို လှုပ်ရှားလိုက်သည်။ ဓားချက် သုံးဆယ့်ခြောက်ချက်တိတိ ထုတ်ဖော်တိုက်ခိုက်ပြီး ဖြစ်သွားသည်။

ဆားထင်း၏ ဂူးတန်းဓားပညာမှာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေပါတော့သည်။

တော်ရုံ သိုင်းသမားတစ်ယောက်ဆိုလျှင် ဆားထင်း၏ ဓားချက်ဖြင့် လဲကျသွားပေးလိမ့်မည်။

နဂါးကား အလွန်ကြောက်မက်ဘွယ် ကောင်းသူ တစ်ယောက် ဖြစ်နေပါသည်။

"ခွမ်း...ခွမ်း..."

သူ၏ အင်္ကျီလက်အိုးကြားမှ ဓားနှစ်လက် ထွက်ပေါ်လာပြီး လက်ထဲ ရောက်ရှိလာသည်။

ထိုဓားနှစ်လက်ကို ဝှေ့ယမ်းလိုက်လျှင်...

"ဝှစ်...ဝှစ်..."



ဆားထင်းသည် လှိုင်းလုံးများ အလိပ်လိုက် အလိပ်လိုက် တက်လာသည့်ပမာ အလုံးအရင်းဖြင့် တိုးဝင်လာသော နဂါး၏ ဓားချက်များကြောင့် ရှေ့ဆက် ရင်မဆိုင်ဝံ့တော့ဘဲ နောက်သို့ ခုန်ထွက်လိုက်လေသည်။

သို့တိုင်...

"ဝှစ်..."

ဓားတစ်ချက်က ဆားထင်း၏ ပခုံးကိုရှပ်ထိကာ သွေးချင်းချင်း နီသွားလေတော့သည်။

"အား..."

ဆားထင်းသည် လေထဲခုန်ထွက်ကာ အဝေးသို့ရောက်အောင် ထွက်သွားလိုက်ရလေတော့သည်။

"တောင်ဝှေးကြည့်ထား..."

ဂူဖီးသီလရှင်က အော်ပေါက်ရင်း ချက်ချင်း ရှေ့သို့ထွက်ကာ ရင်ဆိုင်လိုက်၏။

သူမ၏ တောင်ဝှေးမှာ သံမဏိဖြင့် ပြုလုပ်ထားပြီး ပိသာ ငါးရာကျော် အလေးချိန်ရှိသည်။

တောင်ဝှေးကို ဝှေ့ယမ်းလိုက်သောအခါ တဝီဝီမြည်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ပြင်းထန်သော တောင်ဝှေးရိုက်ချက်များသည် နဂါးထံသို့ ဝင်သွား၏။

"ဟား...ဟား...ဟား..."

နဂါးက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဂူဖီးသီလရှင်...အရင်တစ်ခါ ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ခဲ့ပါတယ်၊ ခင်ဗျား ကျုပ်ကို နိုင်အောင် မတိုက်နိုင်ခဲ့ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



နဂါးက မခံချင်အောင် ပြောလိုက်သည်။

မှန်ပေသည်။

ပထမတစ်ကြိမ် နဂါး သိုင်းလောကသို့ သောင်းကျန်းခဲ့စဉ်က နဂါးအား ဝိုင်းဝန်းနှိမ်နင်းခဲ့ကြသည်။

သိုင်းသမားကြီးများတွင် ဂူဖီးသီလရှင်လည်း ပါဝင်ခဲ့သည်။

ထိုအချိန်က သူတို့နှစ်ယောက် ယှဉ်ပြိုင်ခဲ့ရာ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲ ဖြစ်ခဲ့သည်။

ဂူဖီးသီလရှင် ဒေါသထွက်သွား၏။

"ဒီတစ်ခါတော့ ရှင့်ကို အနိုင်ယူပြမယ်ဆိုတာ မှတ်ထားပါ"

အော်ငေါက်ပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

"ဟား...ဟား...ဟား...ဒီတစ်ခါ အနိုင်ရမှာက ကျုပ်ပါဗျာ"

နဂါးကလည်း ဓားနှစ်လက်ကို အသုံးပြုကာ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

တောင်ဝှေးနှင့်ဓား ပြင်းထန်စွာ ထိတွေ့မိလိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်...."

"ခွမ်း...ခွမ်း..."

"ဝုန်း..."

သံသံချင်း ထိတွေ့မိရာ မီးပွင့်ကလေးများပင် ဖြစ်ပေါ်လာလေသည်။

ဂူဖီးသီလရှင်၏ တောင်ဝှေးကိုင်ထားသော လက်မှာ ထုံကျင်သွား၏။ တောင်ဝှေး လွတ်ကျမသွားအောင် မနည်း ထိန်းထားလိုက်ရပြီး ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

"ပြေးလို့ လွတ်မလား"



နဂါးက ရှေ့သို့ ခုန်တိုးကာ မလွတ်တမ်း တိုက်ခိုက်လိုက်လေသည်။

ဂူဖီးသီလရှင်အတွက် အန္တရာယ် များလှပေသည်။

ဂူးကိုယ်တော်က...

"ကျုပ် ရှိပါသေးတယ်ဗျာ"

မြေပေါ်ခြေဆောင့်ကာ ခုန်ဝင်သွားခြင်းကြောင့် နဂါးက ဆက်၍ မလိုက်တော့ဘဲ ဂူးကိုယ်တော်ဘက်သို့ မြားဦးလှည့်လိုက်သဖြင့် ဂူဖီးသီလရှင် ကံကောင်းသွားလေတော့သည်။

ဂူးကိုယ်တော်သာ အချိန်မီ ကြားဝင်လာခြင်း မရှိလျှင် နဂါး၏ လက်ချက်ဖြင့် ထိခိုက်ဒဏ်ရာ ရသွားမည်မှာ သေချာနေသည်။

ဂူးကိုယ်တော်သည်လည်း ဂူဖီးသီလရှင်အား ကူညီလိုစေဖြင့် အရောသောပါး ခုန်ဝင်လိုက်သည်ဖြစ်ရာ နဂါးနှင့် ရင်ဆိုင်လိုက်ရလျှင် ချက်ခြင်း ဖရိုဖရဲ ဖြစ်သွားလေတော့သည်။

"ရှောင်လင်ကျောင်းက ပညာကို ကျုပ် လေ့လာကြည့်ချင်သေးတယ်"

ဓားနှစ်လက်ဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပြန်တာ ဂူးကိုယ်တော်မှာ မခံနိုင်တော့ဘဲ ဒဏ်ရာသုံးလေးချက်ရကာ နောက်ဆုတ်လိုက်ရတော့သည်။

"အား..."

ဂူးကိုယ်တော် အခြေအနေ မဟန်သည်ကို မြင်သောအခါ ကျန်လူနှစ်ယောက်က တစ်ပြိုင်တည်း ခုန်ဝင်လိုက်ကြ၏။

"ဟူး...ဟူး..."

ကျင်းလိမ်မြို့စားနှင့် လူထူးဆန်း ကျင်းတီတို့က ပြိုင်တူခုန်ဝင်လိုက်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်...

"သေပေတော့..."

လုံကြီးခက်ကလည်း နဂါးဘက်မှ ဝင်၍ တိုက်ခိုက်လာလေသည်။

ကျင်းလိမ်မြို့စားနှင့် ကျင်းတိတို့ နှစ်ယောက်ပေါင်း တိုက်ခိုက်လိုက်ကြသော်လည်း နဂါးကို အနိုင်မရနိုင်ပါချေ။

နဂါး၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် တိုးတက်နေပြီ မဟုတ်ပါလား။

ဓားနှစ်လက်ကို ခြားရဟတ်ပမာ ဖွေ့ယမ်းတိုက်လျှင် ကျင်းလိမ်မြို့စားကော ကျင်းတိပါ အနားမကပ်နိုင်အောင် ဖြစ်သွား၏။

ဒီကြား'ထဲ လုံကြီးခက်ကလည်း ဓားတစ်လက်ဖြင့် တိုက်ခိုက်လာသေး၏။

ထိုအချိန်တွင်...

စီးမင်ချူးနှင့် ပေ့ဟုတို့သည် အိမ်မက်ကမ္ဘာမှ လန့်နိုးလာကြလေသည်။

တခြားသူများ အသေအကျေ တိုက်ခိုက်နေစဉ် သူတို့နှစ်ယောက်က ကျောက်တုံး ကျောက်ခဲများကြား အချစ်ရေယာဉ်ကြော၍ မျှောနေကြ၏။

နှစ်ယောက်သား စူးရှသော အော်ဟစ်သံများကြောင့် ထိတ်လန့်ကာ ကျောက်တုံးများကြားမှ ချောင်းကြည့်လိုက်ကြသည်။

တစ်ဖန်...

အချင်းချင်း ကြည့်လိုက်မိကြလေသည်။

"နဂါးက အပေါ်စီးရနေပြီ"



"ဟုတ်တယ်ရှင့်"

"ကျုပ်တို့ ဘယ်လို လုပ်ကြမလဲ"

"နဂါးဘက်က ရပ်တည်မယ်ဆိုရင်တော့ ခုချိန် ပါဝင်တိုက်ခိုက်ကြတာ အကောင်းဆုံးပဲ"

စီးမင်ချူးက...

နဂါး တကယ်ပဲ အနိုင်ရမယ်လို့ မင်းထင်သလား"

ပေ့ဟုက...

"အခြေအနေအရ အနိုင်ရဖို့ များနေတာပဲ"

စီးမင်ချူးက ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမယ့် နောက်ဆုံး သူ အရေးနိမ့်သွားမှာပဲ"

"ဘာဖြစ်လို့လဲရှင့်"

"တစ်ယောက်ချင်းယှဉ်လို့ သူ့ကို ဘယ်လိုမှ ဟန့်တားလို့ရဘူးဆိုရင် ဆိပ်သီးသိုင်းသမားကြီး ငါးယောက်က ပူးပေါင်းတိုက်ခိုက်ကြမှာပဲ"

"အများနဲ့တစ်ယောက် ဝိုင်းဝန်းတိုက်ခိုက်တာ သိုင်းလောကနည်းကမ်းမှ မညီညွတ်တာရှင့်"

စီးမင်ချူး ရယ်မောလိုက်သည်။

"နဂါးလို လူဆိုးကြီးတစ်ယောက်ကို ဆုံးမဖို့ သိုင်းလောကနည်းကမ်းကို စောင့်ထိန်းစရာလိုပါ့မလား၊ သူတို့က နဂါးကို ဘယ်နည်းနဲ့မှ အလွတ်ပေးကြမှာ မဟုတ်ဘူး"

ပေ့ဟု သက်ပြင်းချလိုက်လေသည်။

ထိုအချိန်မှာပင်...

"ရှောင်နိုင်ရင် ရှောင်ပေတော့..."

လုံကြီးခက်က အော်ဟေါက်ရင်း လက်နက်ပုန်းကလေးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ် တိုက်ခိုက်လိုက်သဖြင့် ကျင်းတီနှင့် ကျင်းလိမ်မြို့စားတို့ ဝိုင်ပြီး အခက် ကြုံသွားကြလေတော့သည်။

လုံကြိုးခက်၏ လက်နက်ပုန်းကလေးများကို ကပျာကယာ ရှောင်တိမ်းလိုက်စဉ်မှာပင် နဂါး၏ ဓားချက်များက တိုးဝင်လာလေ တော့သည်။

မသဲမကွဲ ညည်းတွားသံများ ထွက်ပေါ်လာကာ ကျင်းတီနှင့် ကျင်းလိမ်မြို့စားတို့ ဒဏ်ရာအသီးသီး ရရှိကာ နောက်ဆုတ်သွား ကြရလေတော့သည်။

"ဟား...ဟား...ဟား..."

နဂါးက သဘောကျစွာ ရယ်မောလိုက်သည်။

ထိပ်သီး သိုင်းသမားကြီး ငါးယောက်နှင့် ရင်ဆိုင်နေရသော် လည်း လုံးဝ အမှုမထားပါချေ။

သူ့အား ဝိုင်းဝန်းကူညီမည့် လုံကြိုးခက်နှင့် ရင်ဆိုင်နေရ သော်လည်း လုံးဝ အမှုမထားပါချေ။

သူ့အား ဝိုင်းဝန်းကူညီမည့် လုံကြိုးခက်ကလည်း အနီး၌ ရှိနေသည် မဟုတ်ပါလား။

ပေ့ဗှာက...

"ကျွန်မ ပြောသားပဲ၊ နဂါးကို ကူညီမယ့် လုံကြိုးခက်ရှိနေ တော့ သိုင်းသမားကြီးတွေ အခက်ကြုံနေပြီပေါ့"

ဟု ပြောလိုက်သည်။

စီးမင်ချူးက...

"မြွေစိမ်းတောင်မှာ အထက်လမ်း သိုင်းသမားတွေ ရာထောင် ချီပြီး ရောက်နေကြပြီး သိုင်းသမားကြီးတွေဘက်က ကူညီမယ့်သူ ရောက်မလာဘူးလို့ ဘယ်သူပြောနိုင်မလဲ"



သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟူး...ဟူး..."

ငှက်တစ်ကောင် ပျံဝဲလာသည့်ပမာ လူရိပ်တစ်ခုသည လေထဲ ကျွမ်းထိုးရင်း တိုက်ပွဲဖြစ်နေသည့် မြေကွက်လပ်သို့ ရောက်ရှိလာ လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

## နဂါးသက် ရွှေသူ

အဝတ်အစား လေတိုးသံနှင့်အတူ လူတစ်ယောက်သည် လေထဲကျွမ်းပစ်ရင်း မြေကွက်လပ်သို့ ရောက်ရှိလာ၏။

မြေကွက်လပ်တွင် ခြေချမိသည်နှင့် ခါးရောင်တစ်ချက် ဝင်းလက်သွားသည်။

"အား..."

လုံကြီးခက် အသံနက်ကြီးဖြင့် အော်လိုက်၏။

သိုင်းပညာ အားကိုးဖြင့် အများတကာ၏ အသက်ကို ချွေမည့်သူနှင့် တွေ့လိုက်ရသောအခါ မရှုမလှ ခံလိုက်ရပြီး မြေပေါ်သို့ လဲကျကာ အသက်ပျောက်သွားလေတော့သည်။

"ဟင်..."

"ဟာ..."

သိုင်းသမားကြီးများ အံ့အား သင့်သွားကြသည်။

"မင်း..."

နဂါးကိုယ်တိုင်လည်း ရင်ထိတ်သွားကာ နောက်ဆုတ်လိုက်မိလေသည်။



ပုန်းအောင်းကာ ချောင်းကြည့်နေကြသည့် စီးမင်းချူးနှင့် ပေ့ဂှာတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

ချက်ချင်း သတိဝင်လာသူမှာ စီးမင်ချူး ဖြစ်သည်။

"ကျူပ် ပြောသားပဲ၊ သိုင်းသမားကြီးတွေဘက်က ကူညီမယ့် လူတစ်ယောက် ရောက်လာနိုင်တယ်ဆိုတာလေ အခု လက်တွေ့ပဲ မဟုတ်လား"

ပေ့ဂှာ မဲ့ပြုံး ပြုံးလိုက်သည်။

"လုံကြီးခက်ကာ အငိုက်မိသွားလို့ ခုလို ခံလိုက်ရတာပါ၊ သေသေချာချာလည်း ကြည့်ပါဦး၊ အခု ရောက်လာတဲ့လူဟာ တကယ် ပဲ အားကိုးအားထား ပြုလောက်ရဲ့လားရှင့်..."

စီးမင်ချူး ချောင်းကြည့်လိုက်ရာ ရောက်လာသူမှာ သူနှင့် အသက်ချင်း မတိမ်းမယိမ်းလောက်သာ ရှိဦးမည့် လူရွယ်တစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"သူဟာ နဂါးကို ယှဉ်ပြိုင် အနိုင်ယူမှာတဲ့လားရှင်"

ပေ့ဂှာ ခနဲ့လိုက်သောအခါ စီးမင်ချူး ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားရသည်။

ထိုစဉ်...

"ချင်းကိုး..."

လူထူးဆန်းကြီး ကျင်းတိ၏အသံ ထွက်ပေါ်လာသည်။

ကျင်းတိသည် ချင်းကိုး ရောက်လာသည်ကို မယုံနိုင်အောင် ဖြစ်နေသကဲ့သို့ စိုးရိမ်စိတ်များလည်း ဖြစ်ပေါ်လာသည်။

ချင်းကိုးသည် သူ၏မိဘများအား သတ်ဖြတ်သွားသည့် နဂါးကို အမုန်းကြီး မုန်းနေသည် မဟုတ်ပါလား။

ရောက်ရှိလာသော လူရွယ်မှာ ချင်းကိုး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးသည် သိုင်းလေ့ကျင့်ပြီး စိတ်တိုင်းကျသည်နှင့် သိုင်းလောကထဲသို့ ဆင်းလာခဲ့ခြင်း ဖြစ်သည်။

မြွေစိမ်းတောင်၌ တိုက်ပွဲများ ဖြစ်နေပြီး လူဆိုးခေါင်းဆောင်မှာ သူ့မိဘများအား သတ်သွားသည့် နဂါးဖြစ်နေကြောင်း သိရသောအခါ မြွေစိမ်းတောင်သို့ ချက်ချင်း လိုက်လာခဲ့ခြင်း ဖြစ်သည်။

ကျင်းတီကို တွေ့ရသဖြင့် ချင်းကိုး ဝမ်းသာသွား၏။

ကျင်းတီ ဒဏ်ရာရထားသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိသည်။

"မင်း..."

"နဂါးကို ကျွန်တော် ဆုံးမပါရစေဗျာ"

"ချင်းကိုး...မင်းကိုယ်မင်း ဘာများ မှတ်နေသလဲ၊ နဂါးရဲ့ လက်ချက်နဲ့ မင်း သေသွားနိုင်တယ်"

ချင်းကိုး ပြုံးလိုက်လေသည်။

"ကျွန်တော် သေဆုံးသွားမယ်ဆိုရင် နိုင်ဖုံးမြို့က ကျွန်တော့် မိဘတွေရဲ့ အုတ်ဂူဘေးမှာ ကျွန်တော့်ကို မြှုပ်နှံပေးပါခင်ဗျာ"

ကျင်းတီ မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

နဂါးက ချင်းကိုးအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်လေသည်။

"မင်းက ငါ့ကို ရင်ဆိုင်ချင်တယ် ဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...ခင်ဗျား သေရလိမ့်မယ်"

"ဟား...ဟား...ဟား...မင်း တော်တော် အပြောကြီးတဲ့ ကောင်ပဲ။ ဘာကြောင့်များ ငါ့ကို ဒီလောက်တောင် မုန်းတီးနေရတာလဲ ပြောစမ်းပါဦး..."



"ခင်ဗျားရဲ့ လက်ချက်နဲ့ ကျုပ်မိဘတွေ သေဆုံးသွားရတာကို ခင်ဗျား မေ့နေပြီလား"

"နေပါဦး...မင်းရဲ့မိဘတွေက ဘယ်သူတွေလဲ"

ချင်းကိုးက မိဘနှစ်ပါး၏ အမည်များကို ပြောပြလိုက်၏။

နဂါး ခေါင်းခါယမ်းလိုက်သည်။

"ငါ မသိဘူး၊ ငါ့လက်နက်နဲ့ သေသွားရသူတွေ နည်းတာမှ မဟုတ်တာ၊ ငါ ဘယ်မှတ်မိနိုင်ပါ့မလဲကွာ"

သူက ရယ်သွမ်းသွေးရင်း ဆက်ပြောလိုက်သည်။

"ငါ့လက်ချက်ကြောင့် သေသွားရတဲ့ လူတွေအတွက် မကျေနပ်လို့ ငါ့ကို သုတ်သင်ကြမယ်ဆိုရင် ငါ သေသွားတာ အကြိမ်ပေါင်း ရေတွက်နိုင်မှာတောင် မဟုတ်တော့ဘူးကွ"

ချင်းကိုးက...

"ကျုပ်က သူများနဲ့ မတူဘူးဆိုတာ ခင်ဗျား သိရပါလိမ့်မယ်၊ ကဲ...သတိထားပါ"

စကားဆုံးလျှင် ဓားရှေ့ယမ်းကာ နဂါးအား တိုက်ခိုက်လိုက်လေတော့သည်။

နဂါးက တဟားဟား ရယ်မောရင်း ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ချင်းကိုးသည် ကိုယ်ပိုင်တီထွင်ထားသော ဓားကွက်များကို အသုံးပြုကာ တိုက်ခိုက်လိုက်သည်။

သူ၏ ဓားကွက်များမှာ လျှပ်ပြက်သကဲ့သို့ လျှင်မြန်လွန်းပြီး မထင်မှတ်သော ရှုထောင့်များမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

နဂါး၏ ရယ်မောသံများမှာ တဖြည်းဖြည်း ရပ်တန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"ဓားကြည့်ထား ..."

အော်ပေါက်ရင်း ဓားနှစ်လက်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

ချင်းကိုးနှင့် နဂါးတို့ ထိပ်တိုက် ရင်ဆိုင် မိလိုက်ကြပြီ ဖြစ်ပါသည်။

ထိပ်သီး သိုင်းသမားကြီး ငါးယောက်တို့သည် တိုက်ပွဲကို ငေးမော ကြည့်နေမိကြတော့သည်။

နဂါး၏ဓားသိုင်းကလည်း ထက်မြက်ပြီး ကြောက်စရာကောင်းလှပေသည်။

ထို့အတူ ...

ချင်းကိုး၏ ဓားကွက်များကလည်း ခန့်မှန်း၍ မရနိုင်အောင် မထင်မှတ်သော ရှုထောင့်များမှ ထွက်ပေါ်လာသည်။

နဂါးမဆိုထားနှင့် ထိပ်သီးသိုင်းသမားကြီး ငါးယောက်သည်ပင် ချင်းကိုးက ဓားတစ်ကွက် ထုတ်ဖော်ပြီးသည်နှင့် နောက်ထပ် ဓားတစ်ကွက် မည်သို့မည်ပုံ ဆက်လက်ထုတ်ဖော်မည်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေသည်။

နဂါးသည် ချင်းကိုးနှင့် ရင်ဆိုင်ရင်း စိုးရွံ့သိတ်လန့်မှု ဖြစ်ပေါ်လာတော့သည်။

ချင်းကိုး၏ ဓားကွက်များကို ကြိုတင်ခန့်မှန်းနိုင်စွမ်း မရှိ မည်သို့ ခုခံကာကွယ်ရမည်၊ မည်သို့ ပြန်လည် တိုက်ခိုက်ရမည်ကို ဆုံးဖြတ်မရနိုင်အောင် ဖြစ်နေသည်။

ဤပုံစံအတိုင်း ဆက်၍ တိုက်ခိုက်သွားလျှင် မကြာမီ မိမိ အရေးနိမ့်သွား လိမ့်မည်ဟု နဂါး ရိပ်မိလာသည်။



"မဖြစ်ဘူး ... ဒီကောင်လေးကို ပြတ်ပြတ်သားသား တိုက်ခိုက်မှပဲ"

ဟု ဆုံးဖြတ်ကာ အတွင်းအား အသုံးပြုကာ ဓားနှစ်လက်ကို အဆက်မပြတ် ဝှေ့ယမ်းကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့သည်။

ချင်းကိုးကလည်း အံတင်းတင်းကြိတ်ကာ ပြန်လည် ရင်ဆိုင်တိုက်ခိုက်လိုက်သည်။

နဂါး၏ ဓားနှစ်လက်မှာ အကောင်းစား သံမဏိဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး အလွန်ခိုင်ခံ့ မာကျောလှသည်။

သံများ၊ ကျောက်တုံး ကျောက်ခဲများကိုပင် ခုတ်ဖြတ်ပစ်နိုင်စွမ်း ရှိလေသည်။

ချင်းကိုး၏ ဓားမှာမူ နယ်စားကြီးရိဝမ်း၏ သိုင်းကျမ်းသေတ္တာ သာရှောက် ရှာဖွေသူများထံမှ လုတစ်ယောက် လွှတ်ကျကျန်ခဲ့သော ဓားဖြစ်ပါသည်။

ထိုဓားသည် ဓားကောင်းတစ်လက် ဖြစ်သော်လည်း နဂါး၏ အကောင်းစား သံမဏိဓားကို မယှဉ်နိုင်ခဲ့ချေ။

ဓား ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသည်နှင့် ...

"ခြွမ်း ..."

ချင်းကိုး၏ ဓားမှာ ထက်ပိုင်း ကျိုးသွားလေတော့သည်။

ကျင်းတီ အပါအဝင် သိုင်းသမားကြီး ငါးယောက်သည် ချင်းကိုး၏ အံ့သြစရာကောင်းသော ဓားကွက်ဆန်းများကြောင့် နဂါးအား ကောင်းစွာ ယှဉ်ပြိုင်နိုင်မည်အပြင် အနိုင်ယူကောင်းယူနိုင်သည်ဟု ယုံကြည်မိကြသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ဟန်တားခြင်း၊ ပါဝင်ကူညီခြင်း မပြုဘဲ လက်စိုက်ကြည့်နေ ခဲ့ကြခြင်း ဖြစ်လေသည်။

ချင်းကိုးနှင့် နဂါးတို့ အပြင်းအထန် တိုက်ခိုက်နေကြပြီ အရေးအကြီးဆုံး အချိန်ရောက်တော့မှ ချင်းကိုး၏ဓား ကျိုးပဲ့သွား သည်ကို တွေ့လိုက်ရလျှင်...

"ဟင်..."

"ဟာ..."

"ဒုက္ခပါပဲ..."

အားလုံး အထိတ်တလန့် ဖြစ်သွားကြသည်။

နဂါးမှမူ ချင်းကိုး၏ဓား ကျိုးသွားသဖြင့် ဝမ်းသာသွား သည်။

"မင်း ဘာတတ်နိုင်သေးသလဲ၊ သေဖို့သာ ပြင်ထားပေတော့ ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့ကောင်..."

အော်ငေါက်ရင်း ဓားနှစ်လက်ဖြင့် ပြင်းပြင်းထန်ထန် တို ခိုက်လိုက်၏။

နဂါး၏ လက်ချက်ဖြင့် ချင်းကိုး သေဆုံးသွားရတော့မည် အားလုံး ယုံကြည်လိုက်ကြသည်။

ထို တဒင်္ဂအချိန်လေးမှာပင်...

"ဖမ်းထားလိုက်..."

စီးမင်ချူးသည် ကျောက်တုံးကြီး တစ်တုံးပေါ်သို့ ခုန် ကာ ရှီစွမ်း၏ ရတနာဓားကို ပစ်ပေးလိုက်သည်။

"ဝိုး..."

ရတနာဓား ပစ်လွင့်လာ၏။

"ဟိတ်..."



ချင်းကိုးက ညာသံတစ်ချက် ပေးလိုက်ပြီး လေထဲခုန်တက် ကာ လက်ဆန့်ထုတ်လိုက်ပြီး ဖမ်းယူလိုက်သည်။

လက်ထဲသို့ ဓားရောက်လာသည်နှင့်...

"ယား..."

ညာသံပေးကာ နဂါးကို တိုက်ခိုက်လိုက်လေတော့သည်။

အဖြစ်အပျက်ကို လျှပ်ပြက်သကဲ့သို့ လျှင်မြန်နေသည်။

ချင်းကိုးနှင့် နဂါးတို့ ထိပ်တိုက် ရင်ဆိုင်မိပြီး လူရိပ်များ ရောထွေးသွား၏။

"အား..."

စူးရှသောအော်သံ ထွက်ပေါ်လာသည်။

လူချင်းကွဲသွားပြီး ချင်းကိုးနှင့် နဂါးတို့ ပြိုင်တူနောက်ဆုတ် လိုက်ကြသည်။

"မင်း..."

နဂါး ဒေါသတကြီးဖြင့် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက် သော်လည်း လုံးဝ မဟန်နိုင်တော့ဘဲ...

"ဝုန်း..."

မြေပေါ်သို့လဲကျကာ အမိုက်ဓာတ် သိမ်းသွားလေတော့သည်။

နဂါး...။ သိုင်းလောကအား ဒုက္ခပေးဖို့ အမျိုးမျိုး ကြိုးစား ခဲ့သော နဂါးမှာ အမိုက်ဓာတ် သိမ်းသွားပြီ ဖြစ်ပါသည်။

ချင်းကိုး ဝမ်းသာနေ၏။

သိုင်းလောက လူဆိုးကြီး(ဝါ) သူ၏ မဟာရန်သူကြီးအား သုတ်သင်ရှင်လင်း ပစ်နိုင်ခဲ့ပြီ မဟုတ်ပါလား။

ကျင်းတီတို့ လူစုသည်လည်း အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩ ကုန်နိုင်ဖွယ် ဖြစ်ပါ၏။

သိုင်းလောက၏ မျက်နှာစိမ်း လူရွယ်တစ်ယောက်က ထိပ်ထိပ်ကျဲ လူဆိုးကြီးတစ်ယောက်အား သုတ်သင် ရှင်းလင်းပစ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဂူဖီးသီလရှင် သက်ပြင်းချလိုက်၏။

"သိုင်းလောက လူငယ်လူရွယ်တွေ အတော်ကို တိုးတက်လာကြပြီပဲ..."

ရှောင်လင်ဂူးကိုယ်တော်က...

"ဟုတ်တယ်...လူငယ်လူရွယ်တွေဆိုပြီး အထင်သေးလို့ မရတော့ဘူး"

ဂူတန်းဓားသမား ဆားထင်း ပြုံးလိုက်သည်။

"ဒီကောင်လေးက ဓားသိုင်းကို အသုံးချသွားတာပဲ ဆိုပေမယ့် ဘယ်လိုဓားသိုင်းကို အသုံးချသွားတယ်ဆိုတာ ကျုပ် လုံးဝ မမြင်နိုင်အောင် မျက်စိလည်သွားတာပဲ"

ဓားပညာနှင့် ပတ်သက်လျှင် ဂူတန်းဂိုဏ်းသည် သိုင်းလောက၌ အစဉ်အလာ ကြီးမားသည်။

ဂူတန်းဓားပညာရှင် ဆားလင်းကိုယ်တိုင် ချင်းကိုး၏ ဓားသိုင်းကို ဝေဖန်နိုင်စွမ်း မရှိသဖြင့် ချင်းကိုး၏ ဓားသိုင်းမှာ ထူးခြားဆန်းပြားလှကြောင်း ထင်ရှားနေပေတော့သည်။

"ဟား...ဟား...ဟား..."

လူထူးဆန်းကြီး ကျင်းတီက တဟားဟားဖြင့် ရယ်မောလိုက်သည်။

"ဒီကောင်လေးအကြောင်းကို သိချင်ရင် ကျုပ် ပြောပြနိုင်တယ်ဗျာ၊ မဟုတ်မခံစိတ်ရှိတဲ့ ကောင်လေးတစ်ယောက်ပါ"



ချင်းကိုး၏ အကြောင်းကို သူသိထားသမျှ ပြောပြလိုက်လေတော့သည်။ အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြ၏။

ချင်းကိုး၏ အကြောင်းကို သိလိုက်ရသော ကျင်းလိမ်မြို့စားက ဝမ်းသာအားရ ပြောကြားသည်။

"ဒီနှစ်ထဲမှာ ကျင်းလိမ် သိုင်းပြိုင်ပွဲကျင်းပဖို့ ရှိတယ်၊ ကျုပ်တို့ အချိန်ခံ၊ အလုပ်ရှုပ်ခံပြီး ကျင်းပနေစရာ မလိုတော့ဘူး၊ ဒီကောင်လေးကိုပဲ 'ပထမဓားဘွဲ့' ပေးအပ်လိုက်ရင် ပြီးတာပဲ"

"ဟုတ်တယ်...ကျုပ် လက်ခံတယ်၊ ဒီကောင်လေးရဲ့ ဓားပညာဟာ 'ပထမဓားဘွဲ့' ထိုက်တန်တဲ့ ပညာရပ်ပဲ"

ဂူတန်းဓားသမား ဆားထင်းက ချက်ချင်း ထောက်ခံလိုက်၏။

ဂူဖီးသီလရှင်နှင့် ရှောင်လင်တာဝန်ခံ ဂူးကိုယ်တော်တို့ကလည်း ခေါင်းတညိတ်ညိတ် ရှိနေကြသည်။

ချင်းကိုးအား 'ပထမဓားဘွဲ့' ပေးအပ်သည်ကို သဘောတူညီသည့်သဘောပင် ဖြစ်သည်။

နဂါးကို နှိမ်နင်းနိုင်ခဲ့သော ဓားပညာရှင်မှာ တော်ရုံဓားပညာ မဟုတ်ပါချေ။

ချင်းကိုးမှာ 'ပထမဓားဘွဲ့' ထိုက်တန်သည်ဟု အားလုံးက ညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြလေသည်။

ဂူဖီးသီလရှင်က...

"နဂါးတို့လူစု ပြိုကွဲသွားပြီဆိုတော့ သိုင်းလောက မကြာခင် ချမ်းသာယာ သွားမှာပဲ၊ ကျွန်မလည်း ဂူဖီးတောင်ကို ပြန်တော့မယ်"

"ဟုတ်တယ်...ကျုပ်လည်း ရှောင်လင်ကျောင်းကို ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝူးကိုယ်တော်ကလည်း ပြောလေသည်။

ဆားထင်းက...

"လူထူးဆန်းကြီး ဒီကောင်လေးကို ကောင်းကောင်း လမ်းညွှန် စောင့်ရှောက်လိုက်ပါဗျာ၊ အားလပ်ရင် ကျုပ်တို့ ဂူတန်းတောင်ကို အလည်အပတ် ခေါ်လာခဲ့ပါဦး"

ကျင်းတီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ...ကောင်းပြီ..."

ကျင်းလိမ်မြို့စားကလည်း နှုတ်ဆက်လိုက်လေသည်။

"ပဏ္ဍမဓားသမားဘွဲ့နဲ့ ပတ်သက်ပြီး သိုင်းလောကတစ်ခုလုံး သိအောင် ကြေညာလိုက်ဖို့ ကျင်းလိမ်မြို့ကို ပြန်ပြီး ဆောင်ရွက်စရာ ရှိတာလေးတွေ ဆောင်ရွက်လိုက်ဦးမယ်၊ ကျုပ်ကို ခွင့်ပြုပါဦး"

သိုင်းသမားကြီးများက အသီးသီး နှုတ်ဆက်ကာ ထွက်သွား ကြရာ နောက်ဆုံး ကျင်းတီ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေ တော့သည်။

ချင်းကိုးသည် နဂါးကို အနိုင်ရလိုက်သော်လည်း ကောင်း မပျော်နိုင်ပါချေ။

နဂါး၏ဓားကြောင့် သူ၏ဓား ကျိုးသွားခဲ့ရာ အန္တရာယ် ကြုံတွေ့ရဖို့ သီသီကလေး လိုခဲ့သည် မဟုတ်ပါလား။

သူ၏ လက်ထဲ၌ ထက်ပိုင်းကျိုးနေသော ဓားကျိုး ကျန် ခဲ့သည်။

နဂါးက တိုက်ခိုက်လာသောအခါ ထိုဓားကျိုးဖြင့်ဝင် သူ ကိုယ်သေ ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့သည်။

မည်သည့်နည်းနှင့်မဆို နဂါးအား သုတ်သင် ရှင်းလင်း နိုင်မည် ဖြစ်သလို သူလည်း သေဆုံးသွားရမည် ဖြစ်ပါသည်။



နဂါးအား သုတ်သင်နိုင်လျှင် သူသေပျော် ဖြစ်ပါသည်။

မည်သို့ဆိုစေ...လူတစ်ယောက်က အချိန်မီ ဓားတစ်လက် ပစ်ပေးခဲ့သည်။ ထိုဓားမှာ ဓားကောင်းတစ်လက် ဖြစ်နေပြီး နဂါးအား သုတ်သင် ရှင်းလင်းပစ်နိုင်ခဲ့သည်။

ချင်းကိုးက ထိုလူအား အလွန်ပင် ကျေးဇူးတင်သွားလေတော့ သည်။

နဂါးအား သုတ်သင် ရှင်းလင်းပြီးသည်နှင့် ကျောက်တုံးကြီး းအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

ပေ့တာနှင့် စီးမင်ချူး တို့ကလည်း ကျောက်တုံးကြီး နောက် ကွယ်မှ ထွက်လာကြသည်။

ချင်းကိုး ဦးညွှတ်လိုက်သည်။

"ကျုပ်အတွက် ဓားတစ်လက် ပစ်ပေးခဲ့တာကို ကျေးဇူးတင် တယ်ဗျာ၊ မိတ်ဆွေ ကူညီခဲ့လို့ ကျုပ်ရဲ့ မဟာရန်သူတော်ကြီးကို သုတ်သင် ရှင်းလင်း ပစ်နိုင်ခဲ့တာပါပဲ..."

ရတနာဓားကို ပြန်ပေးလိုက်လေသည်။

"ဟား...ဟား...ဟား..."

စီးမင်ချူးက သဘောကျစွာ ရယ်မောလိုက်သည်။

"ကျုပ်တို့ ဇနီးမောင်နှံကို နဂါးရဲ့လူတွေက ဖမ်းဆီးထား ကြတာ၊ တောင်ပေါ်မှာ တိုက်ပွဲတွေ ဖြစ်လာတော့ ကျုပ်တို့ ထွက်ပြေး ပြီး ကျောက်တုံးကြီးတွေ နောက်မှာ ပုန်းအောင်းနေခဲ့ကြတာပါ၊ ကောင်းပြီး မိတ်ဆွေကို ကူညီနိုင်တာပါ၊ ကျုပ်က စီးမင်ချူး၊ ျုပ်ရဲ့ဇနီးကတော့ ပေ့တာပါ"

ပေ့တာသည် အလွန် ချောမောလှပသည့် မိန်းကလေး ဖြစ်နေ သည်ကို ချင်းကိုး သတိပြုမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့တ္တာကလည်း ပြုံးပြသည်။

"အစ်ကိုက နဂါးကို သုတ်သင် ရှင်းလင်း ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

စီးမင်ချူးက နှုတ်ဆက်လိုက်သည်။

"ကဲ...ကျုပ်တို့ကို ခွင့်ပြုလိုက်ပါဦး"

"ကောင်းပါပြီဗျာ..."

"လာ ညီမ သွားစို့..."

စီးမင်ချူးက ပေ့တ္တာ၏ လက်ကိုဆွဲကာ ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

မြွေစိမ်းတောင်၌ အခြေချနေသော လူဆိုးဓားပြ အောက်လမ်းသိုင်းသမားများသည် သိုင်းလောကသားများ၏ စုပေါင်းချေမှုန်းခြင်း ခံရကာ ပြိုကွဲပျက်စီး သွားကြပြီ ဖြစ်သည်။

ခေါင်းဆောင်ဖြစ်သော နဂါးနှင့် သက်ချောဘီလူး လုံကြူးခက်တို့လည်လည်း သေဆုံးသွားကြသည်။

အောက်လမ်းသိုင်းသမားများ အထိနာသွားကြပြီး တော်တော်နှင့် ပြန်လည် ခေါင်းထောင်လာကြတော့မည် မဟုတ်ချေ။

သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားပြီး လူတိုင်းလူတိုင်း ဝမ်းသာ ပျော်ရွှင် နေကြလေတော့သည်။

စားသောက်ဆိုင်လေး တစ်ဆိုင်...။

ထိုစားသောက်ဆိုင်လေးသို့ မင်းသားလေးနှင့်တူသော လူရွယ်တစ်ဦးနှင့် နတ်မိမယ်လေးအလား ချောမောလှပသည့် မိန်းမချောလေးတစ်ယောက်တို့ ရောက်ရှိလာကြပါသတည်း။



ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆိုကာ နေရာထိုင်ခင်းပေးလိုက်ကြသည်။

မှာကြားသည့် စားသောက်ဖွယ်ရာများကိုလည်း ချက်ချင်းချပေးကြလေသည်။

ခရီးပမ်းပြီး ဆာလောင်လာကြသော စီးမင်ချူးနှင့် ပေ့တ္တာတို့သည် အားပါးတရ စားသောက်လိုက်ကြသည်။

စားသောက်၍ ပြီးစီးသွားတော့မှ...

"ရှင့်ကို ကျွန်မ မေးစရာ ရှိသေးတယ်"

ပေ့တ္တာက ပြောလေသည်။

စီးမင်ချူး...

"ဘာလဲ...မြွေစိမ်းတောင်က ဘာကြောင့် အလျင်စလိုထွက်လာရသလဲလို့ မေးမယ် မဟုတ်လား"

ပေ့တ္တာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..."

စီးမင်ချူးက...

"အကြောင်းရှိလို့ပေါ့"

ပေ့တ္တာက...

"ရှင်က အခွင့်အရေးတစ်ခုကို လက်လွှတ် ဆုံးရှုံးခံလိုက်တာ ချင်းကိုးနဲ့သာ မိတ်ဖွဲ့နိုင်ခဲ့ရင် ထိပ်သီး သိုင်းသမားကြီးတွေနဲ့လည်း ရင်းနှီးမှုရပြီး သိုင်းလောကမှာ တွင်ကျယ်နိုင်မယ်၊ ကျွန်မလည်းဆုန်ကို ကြောက်စရာ မလိုတော့ဘူး"

စီးမင်ချူး ပြုံးလိုက်သည်။

"ညီမက စိတ်လောနေတာကိုး"

"ဘာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ချင်းကိုးနဲ့ ခမ္မတွေ့ဖူးကြတာ၊ အခွင့်အရေး ယူလိုက်မယ် ဆိုရင် ဘယ်လိုဖြစ်လာမလဲ၊ သူ့အဘေးက ထိပ်သီးသိုင်းသမားကြီး တွေဟာ ခေတ့်လူတွေ မဟုတ်ဘူး၊ အင်မတန် ပါးနပ်ကြတာ၊ တစ်ချက်ကလေး မှားလိုက်တာနဲ့ ကျုပ်တို့မှာ ဘယ်လိုသဘောထား ရှိတယ်ဆိုတာ ချက်ချင်း ရိပ်မိသွားကြလိမ့်မယ်"

သူက မည်သို့ရှင်းပြသည် ဖြစ်စေ ပေ့ဝှာကား အားမလိုအား မရ ဖြစ်နေပါတော့သည်။

စီးမင်းချူး၏ မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ချင်းကိုးလို လူစားမျိုးဟာ တလွယ်တကူ ချည်းကပ်လို့ရတဲ့ လူစားမျိုး မဟုတ်ဘူး၊ သူနဲ့ပတ်သက်ရင် အစစအရာရာ သတိထား နိုင်မှ တန်ကာကျမယ်၊ ကျုပ်တို့ ထွက်လာတာ အကောင်းဆုံးပဲ၊ ဒါမှ ချင်းကိုးဟာ ကျုပ်တို့ကို အမြဲတမ်း သတိရနေလိမ့်မယ်"

ပေ့ဝှာက...

"ရှင်ကကော...ဘာထူးသလဲ၊ ချင်းကိုးထက်တောင် ထူးဆန်း တဲ့ လူတစ်ယောက် ဖြစ်နေတာပဲ မဟုတ်လား"

စီးမင်းချူး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မထူးဆန်းပါဘူး၊ ပထမဓားဘွဲ့ လိုချင်တဲ့ လူတစ် ယောက်ပါ၊ ဒါထက် မပိုပါဘူး"

"နေပါဦး...ပထမဓားဘွဲ့ကို ဘာကြောင့် ဒီလောက်တောင် အရူးအမူး ဖြစ်နေရတာလဲ"

"ကျုပ်လည်း မပြောတတ်ဘူး"

"ရှင့်စိတ်ထဲမှာ အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့"

"ဟင့်အင်း...ဘာမှ မရှိဘူး၊ ဘာကြောင့် ဒီလောက်တောင်မှ လိုချင်မက်မောနေရသလဲ ဆိုတာကို ကျုပ်လည်း မပြောတတ်ဘူး



ဒါပေမယ့် ပထမဓားဘွဲ့ကို ရမယ်ဆိုရင်တော့ ကျုပ် သေပျော်တာ အမှန်ပဲ"

"ရှင့် ပထမဓားဘွဲ့က ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမလဲ ဆိုတာတော့ မသိဘူး၊ သိုင်းလောက တစ်ခု လုံးက ရိုသေလေးစားလာကြမှာ အမှန်ပဲ..."

သိုင်းလောက တစ်ခုလုံး၏ ကြည်ညိုလေးစားခံရဖို့ ဆိုသည် မှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။

ပေ့ဝှာက...

"ခုလောလောဆယ်တော့ ပထမဓားဘွဲ့ကို ရချင်းရ ရှင်ရမှာ မဟုတ်ဘူး၊ ချင်းကိုးပဲ ရသွားလိမ့်မယ်"

စီးမင်းချူး ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့...ကျင်းလိမ်မြို့စား ပြောနေတဲ့ စကားကို ကျုပ် မကြားဘဲ နေပါ့မလား"

ပေ့ဝှာက...

"ဒါဖြင့်...ရှင် ဘာလုပ်မလဲ"

"လောလောဆယ်တော့ ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာပဲ၊ ဒါပေမယ့် ပထမဓားဘွဲ့ဆိုတာ ပိုတော်တဲ့လူ ပေါ်ပေါက်လာတာနဲ့ လွှဲပြောင်းပေးရတဲ့ သဘောရှိနေတာပဲ မဟုတ်လား"

စီးမင်းချူး၏ မျက်လုံးများ ဝင်းလက် တောက်ပြောင်လာ၏။

"တစ်နေ့ကျရင် ပထမဓားဘွဲ့ဟာ ကျုပ်လက်ထဲကို ရောက် လာဘူးလို့ ဘယ်သူ ပြောနိုင်သလဲ"

ပေ့ဝှာက...

"လက်စသတ်တော့ ရှင်က ချင်းကိုးလက်ထဲက တစ်ဆင့် ယူမှာကိုး"

www.burmeseclassic.com

www.burmeseclassic.com



သေချာတာပေါ့၊ ပထမ ဓားဘွဲ့ဟာ ကျုပ်အတွက်ပဲ ဖြစ်ရမှာပေါ့"

ပေ့တာ ခေါင်းခါယမ်းလိုက်သည်။

"ရှင့်မှာ တခြား အရည်အချင်းတွေ ရှိကောင်းရှိမယ်၊ ဒါပေမယ့် ပထမဓားဘွဲ့ ရယူနိုင်လောက်တဲ့ ဓားပညာ အရည်အချင်းတော့ ရှိမှာ မဟုတ်ဘူး"

စီးမင်ချူး အလျှော့မပေးချေ။

"ကျုပ်ရဲ့ တခြား အရည်အချင်းတွေက ပထမဓားဘွဲ့ ရရှိနိုင်လောက်တဲ့ ဓားပညာကို ရရှိလာအောင် အထောက်အကူ ပြုလိမ့်မယ်ဆိုရင်ကော..."

ပေ့တာ မည်သို့ ပြောရမှန်း မသိ ဖြစ်သွားသည်။

စီးမင်ချူးက...

"ကျုပ်က ပထမဓားဘွဲ့ရှင်ဖြစ်လာပြီဆိုရင် မင်းလည်း ဘာမဆိုလုပ်နိုင်တဲ့ အခွင့်အရေးတွေ အလိုလို ရလာလိမ့်မယ်၊ သဘောမကျဘူးလား"

"အဲဒါတော့ သဘောကျစရာ ကောင်းတယ်ရှင့်"

"စိတ်ချ...ကျုပ်က မင်းကို ဘယ်တော့မှ ပစ်မထားပါဘူး။ ယိုဟုန် ကိစ္စကိုလည်း ဖြေရှင်းပေးမယ်၊ ပထမဓားဘွဲ့ကို ကျုပ်ရယူပြီးတာနဲ့ သိုင်းလောကထဲမှာ မင်း လုပ်ချင်ရာ လုပ်နိုင်အောင် စီစဉ်ပေးပါ့မယ်"

"ရှင် တကယ်ပြောတာနော်"

"တကယ်ပေါ့...ကျုပ်ရဲ့ဘဝ မြင့်မားတိုးတက်လာရင် ကျုပ်ဇနီးသည်ရဲ့ ဘဝလည်း အလိုလိုမြင့်မား တိုးတက်လာရမှာပေါ့။ ရေမြင့်ရင် ကြာလည်း မြင့်ရမယ် မဟုတ်ဘူးလား"



ပေ့တာသည် စီးမင်ချူး၏ စကားကို သဘောကျကာ နိုးနိုးခစ်ခစ် ရယ်မောလိုက်လေတော့သည်။

စီးမင်ချူးက...

"ကဲ...လောလောဆယ် စိတ်ရှုပ်စရာတွေကို မေ့ထားပြီး ပျော်ပျော် နေလိုက်ကြရအောင်၊ မင်း ခိုင်ဖုံးမြို့ကို ရောက်ဖူးသလား"

"မရောက်ဖူးဘူး၊ ဘာဖြစ်လို့လဲ"

"ခိုင်ဖုံးမြို့ဟာ မြို့တော်ကြီး တစ်ခုဖြစ်ပြီး ကြီးကျယ်ခမ်းနားလှတယ်၊ အင်မတန် ပျော်စရာကောင်းပြီး နေချင်စရာ ကောင်းတယ်လို့ သတင်းကြီးနေတာပဲ"

"ရှင်က ခိုင်ဖုံးမြို့ကို သွားမလို့လား"

"ဟုတ်တယ်...အဲဒီမှာ တစ်နှစ် နှစ်နှစ်လောက် သွားနေမလားလို့"

ပေ့တာ အံ့ဩ၍သွားသည်။

"ရှင် တကယ်ပြောနေတာနော်"

"ဒါပေါ့...ခုလောလောဆယ် ပထမဓားဘွဲ့အတွက် လှုပ်ရှားစရာ ဘယ်လိုအကြောင်းကိစ္စမှ မရှိတော့ဘူးလေ၊ ပြီးတော့ ယိုဟုန်ရဲ့ အန္တရာယ်ကလည်း ရှောင်တိမ်းပြီးသား ဖြစ်သွားအောင် ခိုင်ဖုံးကို သွားကြတာပေါ့"

"ကောင်းတာပေါ့ရှင်"

ပေ့တာ သဘောတူလိုက်လေ၏။

စီးမင်ချူး၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

ခိုင်ဖုံးသို့ရောက်လျှင် အိမ်တစ်လုံး ဝယ်ယူကာ အေးအေးဆေးဆေး အခြေချ နေထိုင်ရန် စိတ်ကူးထားသည်။

ဓားပညာ နည်းပါးသော်လည်း ပထမဓားဘွဲ့ ရယူလိုသည်

www.burmeseclassic.com

www.burmeseclassic.com



အခြားသူများထက်ပို၍ စိတ်ရှည်ရမည်ဖြစ်ပြီး ပို၍ တွေးတောစဉ်းစား တတ်ရမည်ဟု သဘောပိုက်ထားသည်။

စီးမင်းချူးနှင့် ဖေ့ဗွာတို့သည် စားသောက်ပြီး ကျသင့်ငွေကို ပေးချေကာ ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

ထို့နောက်...

မြင်းလှည်းတစ်စီး ငှားရမ်းကာ ခိုင်ဖုံးမြို့သို့ ဦးတည်ကာ ခရီးထွက်လာခဲ့ကြလေတော့သည်။

ခိုင်ဖုံးမြို့သည် ချင်းကိုး၏ ဇာတိမြို့ ဖြစ်သည်။

စီးမင်းချူးက ခိုင်ဖုံးမြို့သို့ အဘယ်သို့သော အကြောင်းကိစ္စနှင့် သွားခဲ့ပါသနည်း။

❖ ❖ ❖

### အခန်း(၁၈)

## ပထမဓားဘွဲ့

မြွေစိမ်းတောင်သည် အဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

ချင်းကိုးသည် မြွေစိမ်းတောင်ကို ကျော်ခိုင်ကာ ထွက်လာခဲ့လေသည်။

သူ၏ ခြေလှမ်းများက ပေါ့ပါးသွက်လက်နေသည်။

ရင်ထဲ၌ ရွှင်လန်းအေးမြနေသည်။

မိဘများအား သတ်ပစ်လိုက်သည့် လူဆိုးဓားပြကြီး နဂါးကို ဆုံးမနိုင်လိုက်ပြီ မဟုတ်ပါလား။ သူ၏တာဝန် ကျေသွားပြီဖြစ်၍ ခိုင်ဖုံးမြို့သို့ ပြန်ရုံသာ ရှိတော့သည်ဟု ချင်းကိုး ခံယူထားသည်။

"ဟော့...ဟော့...နေပါဦးကွ"

နောက်ကျောဘက်မှ ဟန့်တားသံများ ထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ လူထူးဆန်းကြီး ကျင်းတိ ပြေးလိုက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ခင်ဗျားကိုး..."

ကျင်းတိသည် ချင်းကိုး အနီးသို့ ရောက်လာပြီး အသက် ပြင်းပြင်း ရှူရှိုက်လိုက်ကာ အမောဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကျင်းတီက မေးသည်။

"မင်း ဘယ်သွားမလို့လဲ"

ချင်းကိုး ပြုံးလိုက်သည်။

"အိမ်ပြန်တော့မယ်လေ..."

"ဩော်... မင်းရဲ့ကိစ္စပြီးတာနဲ့ အိမ်ပြန်တော့မယ်ပေါ့ ဟုတ်လား"

ချင်းကိုးက...

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ... နဂါးကို သုတ်သင်ရှင်းလင်းပြီးပြီဆိုတော့ ဘာမှ ဆက်လုပ်စရာမှ မရှိတော့တာ အိမ်ကိုပြန်ရမှာပဲပေါ့ မဟုတ်ဘူးလား..."

"မဟုတ်ဘူး"

"ဗျာ..."

"မင်းဒီအတိုင်း ပြန်သွားရင် မင်းအပေါ်မှာ စေတနာထားခဲ့တဲ့ လူတွေကို စော်ကားတာနဲ့ အတူတူ ဖြစ်သွားမှာပေါ့ကွာ"

"ဟာ... ကျွန်တော့်မှာ ဒီလိုသဘောမျိုးမှ မရှိတာပဲဗျာ"

ကျင်းတီ၏ စကားကြောင့် ချင်းကိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

ကျင်းတီက...

"မင်းက မရည်ရွယ်ပေမယ့် ငါ ပြောသလို ဖြစ်သွားမှာအမှန်ပဲကွ"

ချင်းကိုးက...

"ဒါဆို ကျွန်တော်က အိမ်မပြန်ရရင် ဘယ်ကို သွားရမလဲ ပြောပါဦးဗျာ"



"သိုင်းလောကထဲကို သွားပေါ့"

"ဗျာ..."

"နဂါး သေဆုံးသွားပြီဆိုပေမယ့် သိုင်းလောကဟာ တကယ်တမ်း အေးချမ်းသာယာသွားတာ မဟုတ်သေးပါဘူး၊ ဒုစရိုက်သမားတွေ၊ မကောင်းမှု ပြုသူတွေဟာ နေရာအနှံ့အပြားမှာ ရှိနေကြသေးတာပဲ၊ ဒီလို လူစားမျိုးတွေ ရှိနေရင် အတိဒုက္ခ ရောက်သူတွေလည်း ရှိကြလိမ့်မယ်၊ သူတို့ဟာ အကူအညီ လိုအပ်နေကြမှာ အမှန်ပဲ..."

ချင်းကိုး ငိုင်သွားသည်။

သူ၏ မိဘများမှာ နဂါး၏ လက်ချက် မိခဲ့ကြသဖြင့် သူ မိဘမဲ့ ဖြစ်ခဲ့ရသည်။

သူ့အား ကူညီစောင့်ရှောက်မည့်သူ လိုအပ်ခဲ့သည်။

သူကိုယ်တိုင် အတိဒုက္ခ ရောက်ခဲ့ရဖူးသည်ဖြစ်ရာ ကျင်းတီ ပြောသည့်စကား၏ အဓိပ္ပာယ်ကို ကောင်းစွာနားလည် သဘောပေါက်လေသည်။

ကျင်းတီက...

"မင်းက အိမ်ပြန်သွားမယ်ဆိုရင် သူတို့ကို ဘယ်လို ကူညီနိုင်တော့မှာလဲ... မင်း ကြိုးစားသင်ယူခဲ့တဲ့ သိုင်းပညာဟာ အဓိပ္ပာယ်မရှိသလို ဖြစ်သွားလိမ့်မယ်"

ချင်းကိုးက...

"ကျွန်တော် သဘောပေါက်ပါပြီဗျာ"

ကျင်းတီ ကျေနပ်သွားသည်။

ဤလူငယ်သည် ပြောရဆိုရခက်သော လူငယ် မဟုတ်ပေ။

"ဒီလိုမှပေါ့ကွာ... သိုင်းပညာဆိုတာ အများအကျိုး၊ တိုင်းပြည်အကျိုး သည်ပိုးဆောင်ရွက်ရာမှာ အသုံးပြုရတဲ့ ပညာရပ်မျိုး ဖြစ်

www.burmeseclassic.com



တယ်လို့ မင်းကို ငါပြောခဲ့တာပဲ မင်း တတ်ထားတဲ့ပညာနဲ့ အကျိုး
အကျိုးကို ဆောင်ရွက်သင့်တယ်၊ ဒါမှ သိုင်းပညာ သင်ကြားလေ့ကျ
ခဲ့ရကျိုးနပ်မယ့်အပြင် မင်း အပေါ်မှာ စေတနာထားသူတွေ ကျေ
နပ်သိမ့်ကြလိမ့်မယ်"

ချင်းကိုးက...

"စိတ်ချပါ...ကျွန်တော် သင်ကြားထားတဲ့ ပညာတွေ အလ
မဲ့ မဖြစ်စေရပါဘူး"

"ဒီလိုမှာပေါ့ကွာ...မြေစိမ်းတောင်မှာ နဂါးနဲ့ ရင်ဆိုင်ဖို့
ရင်း လမ်းမှာ ငါ သတင်းတစ်ခု ကြားခဲ့ရတယ်ကွ"

"ဒီလိုမှပေါ့ကွာ...မြေစိမ်းတောင်မှာ နဂါးနဲ့ ရင်ဆိုင်ဖို့လာ
လမ်းမှာ ငါ သတင်းတစ်ခု ကြားခဲ့ရတယ်ကွ"

"ဟုတ်ကဲ့...ပြောပါဗျာ"

ကျင်းတီက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်
လေသည်။

"တောင်ပိုင်းမှာ ထင်ရှားနေတဲ့ သိုင်းသမားကြီး တစ်ယော
ဖြစ်တဲ့ တောင်ပိုင်းရာဇာ လင်ချန်းစိမ်းဟာ သိုင်းလောကထဲ
လာပြီး ပြိုင်ဘက် လိုက်ရှာနေတယ်ဆိုတဲ့ သတင်းပဲကွ"

တောင်ပိုင်းရာဇာ လင်ချန်းစိမ်းဆိုသော အမည်ကို ချ
စိတ်ဝင်စားသွားသည်။

ကျင်းတီက...

"ကျုပ် သိရသလောက်တော့ လင်ချန်းစိမ်းဟာ လူ
တစ်ယောက်ပါ၊ တောင်ပိုင်းမှာ ပြိုင်ဘက်ကင်းမဲ့နေတာကြောင့်
လောကထဲ ဆင်းလာပြီး သူရဲ့ပညာကို စမ်းသပ်တဲ့သဘော
ဘက်ရှာနေတာပါ"



ချင်းကိုး လွှတ်ခနဲ ပြောလိုက်သည်။

"ဒါဟာ အကျိုးမရှိတဲ့ အလုပ်မဟုတ်ဘူးလားဗျာ...၊ သူ့မှာ
တခြား လုပ်စရာတွေ အများကြီး ရှိနေတာပဲ..."

ကျင်းတီ ရယ်မောလိုက်သည်။

"မှန်တာပေါ့ကွာ...ပြိုင်ဘက်ရှာရာကနေပြီး တိုက်ပွဲတွေ
ရန်ငြိုးရန်စတွေ ဖြစ်ပေါ်လာမှာ စိုးရိမ်ရတယ်၊ မှားယွင်းမှုတစ်ခုခု
ဖြစ်ပြီဆိုတာနဲ့ နောက်ဆက်တွဲ ပြဿနာတွေ ပေါ်ပေါက်လာမှာ
သေချာတယ်"

ချင်းကိုးက မေးသည်။

"ဒီကိစ္စကို ကျွန်တော် ဘယ်လို ဆောင်ရွက်ပေးစေချင်သလဲ
ဆိုတာ ပြောပါခင်ဗျာ"

ချင်းကိုး သက်ပြင်းချလိုက်သည်။

"လင်ချန်းစိမ်းက မကြာခင် မင်းကို လိုက်ရှာလိမ့်မယ်လို့
ငါထင်နေတာပဲ"

"ဗျာ..."

"ထိပ်သီးသိုင်းသမားကြီးတွေ တိုင်ပင်ညှိနှိုင်းပြီး ကျင်းပစရာ
ရှိတဲ့ ကျင်းလိမ်သိုင်းပြိုင်ပွဲကို မကျင်းပတော့ဘဲ သိုင်းလောက ပထမ
ဓားဘွဲ့ကို မင်းကို ပေးအပ် ချီးမြှင့်ကြလိမ့်မယ်"

"ဟာ...မဟုတ်တာ..."

ချင်းကိုး အလန့်တကြား ဖြစ်သွားသည်။

ကျင်းတီက...

"မင်းက နဂါးကို ဆုံးမလိုက်တဲ့ ဓားသိုင်းကို အားလုံးက
ချီးကျူးနေကြတယ်၊ မင်းသာ ပထမဓားဘွဲ့နဲ့ ထိုက်တန်တယ်လို့
အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်...ကျွန်တော်..."

ချင်းကိုး မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

ကျင်းတီက...

"မကြာခင် သိုင်းလောက တစ်ခုလုံးက မင်းဟာ 'ပထမဓားဘွဲ့' ရှင်ဆိုတာ သိသွားကြလိမ့်မယ်"

ပထမဓားဘွဲ့ရှင် ဖြစ်လာဖို့ဆိုသည်ကို ချင်းကိုး အိမ်မက်ပင် မမက်ခဲ့ဘူးပါချေ။

ကျင်းတီ ဆက်ပြောသည်။

"တောင်ပိုင်းရာဇာ လင်ချန်းစိမ်းဟာ ဒီသတင်းကိုကြားရင် မင်းကို ကျိန်းသေ လိုက်ရှာမှာပဲ"

"သူနဲ့ ကျွန်တော်ကြားမှာ မသိကြတာ၊ လိုက်ရှာစရာအကြောင်း ရှိပါမလား"

"ရှိတာပေါ့ မင်းဟာ ပထမဓားရှင် ဖြစ်နေပြီး သူက ပြိုင်ဘက်ကောင်းကို လိုက်ရှာနေတဲ့သူ ဖြစ်နေတယ်လေ"

ယခုမှ ချင်းကိုး သဘောပေါက်သွားလေတော့သည်။

"ဒုက္ခပါပဲဗျာ"

ကျင်းတီ လက်ကာပြလိုက်သည်။

"ဒုက္ခရောက်စရာ အကြောင်းမရှိပါဘူး လင်ချန်းစိမ်းသာ လူကောင်းတစ်ယောက်လို့ ကျုပ် ပြောပြီးပါပြီ၊ သူနဲ့တွေ့ရင် အသက် ယှဉ်ပြိုင်မှုမျိုး မလုပ်ဖို့ ဖျောင်းဖျလိုက်ပေါ့"

ချင်းကိုး အခက်ကြုံနေသည်။

ကျင်းတီက...

"ငါ အာမခံတယ်၊ လင်ချန်းစိမ်းဟာ မင်းနဲ့တွေ့ပြီးရင် အမှန်ရပြီး တောင်ပိုင်းကို ပြန်သွားလိမ့်မယ်"



"ကျွန်တော်..."

"ငါ့စကား နားထောင်ပါ၊ သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်တဲ့အနေနဲ့ သူနဲ့ သွားတွေ့လိုက်ပါ"

ကျင်းတီက တိုက်တွန်းနေသဖြင့် ချင်းကိုးမှာ မငြင်းပယ်နိုင်တော့ချေ။

"ကောင်းပါပြီ တောင်ပိုင်းရာဇာ လင်ချန်းစိမ်းနဲ့ ကျွန်တော် သွားတွေ့လိုက်ပါမယ်"

ချင်းကိုးက သဘောတူလိုက်ရလေတော့သည်။

ကျင်းတီသည် သိုင်းလောကအတွက် လူတော်လူကောင်းလေး တစ်ယောက် ထွက်ပေါ်လာပြီဟု တွေးကာ ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

❖ ❖ ❖

သိုင်းလောက၌ ထူးခြားသော သတင်းတစ်ပုဒ် ထွက်ပေါ်လာသည်။

ကျင်းလိမ်မြို့စားကြီးသည် ယခုနှစ် သိုင်းပြိုင်ပွဲကို ကျင်းပခြင်း မရှိတော့ဘဲ ဖျက်သိမ်းလိုက်ကြောင်း ကြေညာခြင်း ဖြစ်သည်။

သိုင်းပြိုင်ပွဲ၌ မကျင်းပဘဲ ဖျက်သိမ်းလိုက်ရသည့် အကြောင်းရင်းကိုလည်း ရှင်းပြထားသည်။

မြေစိမ်းတောင် တိုက်ပွဲ၌ လူဆိုးကြီး နဂါးအား သုတ်သင်ရှင်းလင်းပစ်ခဲ့သည့် ချင်းကိုး၏ ဓားပညာမှာ 'ပထမဓားဘွဲ့' ရထိုက်သဖြင့် ပြိုင်ပွဲကျင်းပစရာ မလိုတော့ဘဲ ချင်းကိုးအား ပထမဓားဘွဲ့ အပ်နှင်းမြှင့်လိုက်သည်ဟု ဖြစ်သည်။

www.burmeseclassic.com



ရှောင်လင် ဂူကိုယ်တော်...

ရှတန်းဓားသမား ဆားထင်း...

လူယုဆန်းကြီး ကျင်းတိ...

ဂူဖီးသီလရှင်တို့ကလည်း ချင်းကိုးအား ပထမဓားဘွဲ့ ပေးအပ်ချီးမြှင့်သည်ကို ထောက်ခံကြောင်းလည်း ဖော်ပြထားသည်။

နဂါးနှင့် အပေါင်းအပါများ၏ နှိပ်စက်ဒုက္ခပေးခြင်း ခံခဲ့ရဖူးသော အများပြည်သူက ချင်းကိုးအား သူရဲကောင်းအဖြစ် သတ်မှတ်ကာ ကျင်းလိမ်မြို့စားကြီး၏ ကြေညာချက်ကို ကောင်းချီး သြဘာပေးကြသည်။

အထက်လမ်း သိုင်းလောက သားများကလည်း လက်ခံကြလေသည်။

သို့ဖြင့်...

ချင်းကိုးသည် "ပထမဓားဘွဲ့"ကို အလိုလို ရရှိသွား၏။

ပထမဓားဘွဲ့ရှင် ချင်းကိုးဟူသော အမည်သည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသွားလေတော့သည်။

ပထမဓားဘွဲ့ကို အလိုအလျောက် ရရှိလိုက်သော ချင်းကိုးမှာ သိုင်းလောကသားတကာကို ရောက်မှန်းမသိ ရောက်ရှိလာခဲ့သည်။

သူက နဂါးကို သုတ်သင်ရှင်းလင်း ပြီးနောက် အိမ်ပြန်ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်...

ကျင်းတိက လိုက်လာပြီး သိုင်းပညာဖြင့် တိုင်းပြည်အကျိုး အများအကျိုး ဆောင်ရွက်ဖို့ ပြောလာသောအခါ ချင်းကိုး လက်ခံလိုက်သည်။



လူဆိုး ဓားပြများ အောက်လမ်း သိုင်းသမားများကြောင့် သူ့လို အဖြစ်ဆိုးနှင့် မကြုံတွေ့ရလေအောင် ကူညီဆောင်ရွက်ရမည်ဟု တွေးမိခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။

ချင်းကိုးအတွက် ပထမဆုံး ထမ်းဆောင်ရမည့် သိုင်းလောကတာဝန်မှာ တောင်ပိုင်းရာဇာ လင်ချန်းစိမ်းအား တားမြစ်ရန် ဖြစ်ပါသည်။

ချင်းကိုးသည် သိုင်းလောကထဲဆင်းကာ တောင်ပိုင်းရာဇာ လင်ချန်းစိမ်းအား လိုက်လံရှာဖွေခဲ့သည်။

လင်ချန်းစိမ်းကလည်း သူ၏သတင်းကို ကြားသိသွားပြီး သူနှင့် ယှဉ်ပြိုင်ဖို့ လိုက်လံ ရှာဖွေနေကြောင်း ကြားသိလာရသည်။

ချင်းကိုးသည် လင်ချန်းစိမ်းကို ရှာဖွေရင်း ဓားသမား ထင်းမိန်ဆိုသူနှင့် တွေ့ဆုံခဲ့ရပေတော့သည်။

❖ ❖ ❖

တောင်ပိုင်းရာဇာ လင်ချန်းစိမ်းသည် သိုင်းလောကထဲ ရောက်ရှိလာပြီး သိုင်းသမားအချို့အား ယှဉ်ပြိုင်အနိုင်ယူကာ သတင်းကြီးလာသည်။

လင်ချန်းစိမ်း သတင်းကြီးလာလေလေ ချင်းကိုး စိတ်ပူလာလေလေပင်...။

"ဒီအတိုင်းဆိုရင် သိုင်းလောကမှာ ရန်ငြိုးရန်စတွေ ဖြစ်ပေါ်လာနိုင်တာပဲ၊ လင်ချန်းစိမ်းကို အမြန်ဆုံး တားဆီးနိုင်မှ ဖြစ်မယ်"

လင်ချန်းစိမ်း မည်သည့်အရပ် ရောက်ရှိနေပြီဆိုသည်ကို သူ မသိပါ။ လူထူးဆန်းကြီး ကျင်းတိကလည်း လမ်းခွဲသွားပြီး မည်သည့်နေရာသို့ ရောက်နေပြီ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးတစ်ယောက်တည်း မြို့ကလေးတစ်မြို့သို့ ရောက်လာပြီး အခက်ကြုံနေစဉ် လူရွယ်တစ်ယောက်က သူထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် မျက်နှာချင်းဆိုင်မှ တည့်တည့်ကြီး လျှောက်လာနေသဖြင့် လမ်းပိတ်ထားလိုက် သကဲ့သို့ ရှိနေရာ ချင်းကိုးသည် ရှေ့ဆက်မသွားနိုင်ဘဲ ခြေလှမ်းရပ်လိုက်ရလေတော့သည်။

ထိုလူရွယ်သည် အစိမ်းရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ခါး၌ ဓားတစ်လက်ကို ချိတ်ဆွဲထားသည်။

သိုင်းပညာ တတ်မြောက်ထားသူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည်။

ချင်းကိုးက ထိုလူရွယ်ကို ကြည့်လိုက်သည်။

လူရွယ်ကလည်း မကျေနပ်သော အကြည့်ဖြင့် ချင်းကိုးအား ကြည့်နေသည်။

ထိုလူရွယ်က မေးလာလေ၏။

"ခင်ဗျားဟာ ပထမဓားဘွဲ့ ရခဲ့တဲ့ ချင်းကိုး မဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်နာမည်ကို သိနေတာ ကြည့်စရာပဲ၊ မိတ်ဆွေက ဘယ်သူများလဲဗျာ၊ ကျုပ် မသိရဘူးလား"

ထိုလူမဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်ဟာ ခင်ဗျားလို ကျော်ကြားတဲ့ ပထမဓားဘွဲ့ရှင်မှ မဟုတ်တာ ကျုပ်ကို ဘယ်လိုလုပ် သိမှာလဲ"

"ဗျာ ..."

"ကျုပ်နာမည်က 'ထင်းမိန်'လို့ ခေါ်တယ်၊ ကျင်းလိမ်မြို့မှာ



ကျင်းပမယ့် ဓားပြိုင်ပွဲမှာ ဝင်ပြိုင်ပြီး ပထမဓားဘွဲ့ ရယူဖို့ ကြိုးစားနေတာ ကြာပြီ..."

"ဪ..."

သူက နှာခေါင်းရှုံ့လိုက်၏။

"သိုင်းပြိုင်ပွဲ မကျင်းပတော့ဘဲ ပထမဓားဘွဲ့ ခင်ဗျားကို ခွဲပြောင်း ပေးလိုက်တဲ့အတွက် ကျုပ် ဘယ်လောက် နစ်နာသွားရသလဲ ဆိုတာ စဉ်းစားကြည့်စမ်းပါ"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား ရည်ရွယ်ချက်ထားပြီး ကြိုးစားခဲ့ပေမယ့် မအောင်မြင်ဘူးဆိုရင် ဝမ်းနည်းစရာ ကောင်းတာပေါ့ဗျာ၊ ကျုပ်လည်း ဒီဘွဲ့ကိုရဖို့ မမျှော်လင့်ပါဘူး၊ သူတို့က အတင်းပေးအပ်ကြတာပါ"

နဂါးကို သုတ်သင်နိုင်ရန် သူကြိုးစားခဲ့ရသည့်အဖြစ်နှင့်နှိုင်းယှဉ်ကာ ပြောလိုက်မိခြင်း ဖြစ်သည်။

သို့သော် ဓားသမား ထင်းမိန်ဆိုသူသည် ချင်းကိုးက ခနဲ့နေသည်ဟု အထင်မှားကာ ဒေါသထွက်သွားလေတော့သည်။

"ကျုပ်က ဝမ်းနည်းရမယ့် အဖြစ်မျိုးကို ဘယ်တော့မှ လက်မခံဘူး၊ ကျုပ် ကြိုးစားခဲ့တဲ့အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမှာပဲ"

"ဒါ မှန်တာပေါ့ဗျာ၊ လူတိုင်း ကြိုးစားသင့်တာပဲ ..."

ဓားသမား ထင်းမိန် မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျား၊ လက်ခံတယ်ဆိုရင် ဓားထုတ်လိုက်ပေတော့"

"ဟင် ..."

ချင်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဘာလို့ ဓားထုတ်ရမှာလဲ"

"ကျုပ်တို့ ယှဉ်ပြိုင်ကြမယ်လေ"

"ဟာ ..."

"ကျုပ်က ခင်ဗျားနဲ့ ယှဉ်ပြိုင်လို့ အနိုင်ရပြီဆိုရင် ခင်ဗျားဆီက ပထမဓားဘွဲ့ကို လွှဲပြောင်းရယူ နိုင်ပြီပေါ့ဗျာ"

ချင်းကိုးသည် ပထမဓားဘွဲ့နှင့် ပတ်သက်နေသည့် အဓိပ္ပာယ်တစ်ခုကို သဘောပေါက်သွားကာ စိတ်ပျက်သွားလေသည်။

"ခြွမ်း ..."

ထင်းမိန်က ဓားဆွဲထုတ်လိုက်လေသည်။

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် တို့နှစ်ယောက် မယှဉ်ပြိုင်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး"

"ဒီလိုဆိုရင်တော့လည်း ပထမဓားဘွဲ့ကို ခင်ဗျားပဲ ယူသွားပါတော့ဗျာ"

"ဘာ ... ဘာပြောလိုက်တယ်"

ထင်းမိန် ဒေါပွသွားသည်။

ချင်းကိုးက ...

"ကျုပ်က နဂါးကို ဆုံးမချင်တာ တစ်ခုပဲသိတယ်၊ ပထမဓားဘွဲ့ကို လိုချင်လို့ မဟုတ်ဘူး၊ ကျင်းလိမ်မြို့စားကြီးက သူ့သဘောနဲ့ သူ ချီးမြှင့်ခဲ့တာ၊ ဒါကြောင့် ... ကျုပ်က ကျင်းလိမ်မြို့စားကြီးကို ပြောပေးပါမယ်၊ ပထမဓားဘွဲ့ ခင်ဗျားကို လွှဲပြောင်းပေးပါမယ်ဗျာ"

"တောက် ... မင်း ... မင်း"



ချင်းကိုးက သဘောရိုးဖြင့် အမှန်အတိုင်း ပြောနေသည်ကို ထင်းမိန်က လှောင်ပြောင်ပြောဆိုနေသည်ဟု ထင်ကာ စိတ်မထိန်းနိုင်တော့ချေ။

"သေပေတော့ ..."

ဓားဆွဲကာ စတင် တိုက်ခိုက်လိုက်သည်။

"ဝှစ် ..."

ပြင်းထန်သော ဓားချက်သည် ချင်းကိုးထံသို့ ကျရောက်လာသည်။

"ဟာ..."

ချင်းကိုး အထိတ်တလန့် အော်လိုက်လေ၏။

နောက်ဆုတ် ရှောင်တိမ်းဖို့ အချိန်မရတော့ပါ။

ခုခံကာကွယ်ခြင်း မပြုလျှင် အသက်ဆုံးရှုံးသွားနိုင်ကြောင်း သိလည်းမိသဖြင့် ဓားတစ်လက်ထုတ်ကာ ကပျာကယာ ခုခံလိုက်သည်။

ကျင်းတီသည် တောင်ပိုင်းရှာဓာ လင်ချန်းစိမ်းနှင့် ရင်ဆိုင်ရသည်ဖြစ်၍ လိုရမယ်ရ ဆောင်ထားရန် ဓားတစ်လက် ပေးထားသသည်။

ထိုဓားမှာ ဂူတန်းဓားသမား ဆားထင်း၏ ဓားဖြစ်၏။

ဆားထင်းသည် နဂါးနှင့် ယှဉ်ပြိုင်စဉ်က ချင်းကိုး၏ ဓားကျိုးသွားသည်ကို လည်းကောင်း၊ ချင်းကိုး ခဏယူသုံးပြီး ရတနာဓား စီးမင်ချူးထံ ပြန်ပေးခဲ့သည်ကို လည်းကောင်း ဆားထင်း တွေ့မြင်ပြီး ဖြစ်သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ဂူတန်းဝေတာင်ပေါ်သို့ မပြန်မီ ကျောင်းတီနှင့် တိုင်ပင်ကာ သူ၏ဓားကို ချင်းကိုးအတွက် လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

ကျောင်းတီ၏ လက်ထဲမှတစ်ဆင့် ချင်းကိုးထံ ရောက်လာခြင်း ဖြစ်လေသည်။

ဆားလင်း၏ဓားမှာ အထူးစီမံ ထုတ်လုပ်ထားသော ဓားကောင်းတစ်လက် ဖြစ်သည်။

ထိုဓား၏အမည်မှာ အရိပ်မဲ့ဓား ဖြစ်၏။ ထိုဓားသည် ဆားထင်းပိုင်ဓား ဖြစ်သော်လည်း နာမည်မကျော်ကြားခဲ့သော ချင်းကိုးတီထွင်လိုက်သည့် အရိပ်မဲ့ သိုင်းကွက်များကြောင့် အရိပ်မဲ့ဓားဟု ကျော်ကြားလာခြင်း ဖြစ်သည်။ ချင်းကိုးသည်လည်း သိုင်းလောက၌ အရိပ်မဲ့လူဟုသာ ခေါ်ဝေါ်လာခဲ့သည်။

ချင်းကိုးက ဓားဆွဲထုတ်လိုက်ကာ ခုခံလိုက်သဖြင့် သူ၏ဓားနှင့် ထင်းမိန်၏ဓား အရှိန်ပြင်းစွာ ထိတွေ့မိလိုက်လေသည်။

"ခြွမ်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ထင်းမိန်၏ ဓားကိုင်ထားသောလက် ထုံကျင်သွားကာ ဓားလည်း ထက်ပိုင်းကျိုးသွား၏။

ထို့အပြင် ချင်းကိုး၏ ဓားသည် ထင်းမိန်၏ ရင်ဝကို ထောက်ထားပြီးသား ဖြစ်သွားလေတော့သည်။

ထင်းမိန် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ခင် ... ခင်ဗျား"

ချင်းကိုးက ဓားကို ကပျာကယာ ရုပ်သိမ်းလိုက်သည်။

"အားနာလိုက်တာ ... ခင်ဗျားက တကယ့် တိုက်ခိုက်လိုက်တာကိုး"



ထင်းမိန် အံ့ကြိတ်လိုက်သည်။

"ကျုပ် ရှုံးသွားပါပြီ ... ခင်ဗျားကို ဘယ်လိုမှ မယှဉ်နိုင်ပါဘူး ကျုပ်ကို မလှောင်ပြောင်သင့်ပါဘူး"

"ကျုပ် ... ကျုပ် ..."

ထင်းမိန်သည် လက်ထဲမှ ဓားကျိုးကိုပစ်ချကာ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ချင်းကိုးသည် အကြီးအကျယ် စိတ်ပျက်နေပါသည်။

ပထမဓားဘွဲ့ကို ရရှိလိုက်သည့် အကျိုးဆက်အဖြစ် သူနှင့် ဓားပညာ ယှဉ်ပြိုင်လိုသူများနှင့် ရင်ဆိုင်ရတော့မည် မဟုတ်ပါလား။

"ငါဟာ ကျော်ကြားမှုကို လိုချင်လို့ ကြိုးစားခဲ့တာ မဟုတ်ဘူး၊ ခုတော့ ... ဒုက္ခရောက်ရပြီ"

သူ တွေးတောနေစဉ်မှာပင် ...

"မိတ်ဆွေလေးဟာ ပထမဓားဘွဲ့ရှင် ချင်းကိုး မဟုတ်လား"

မေးမြန်းသံ ထွက်ပေါ်လာသဖြင့် ချင်းကိုး အထိတ်တလန့် ဖြစ်သွားပြန်သည်။

သူသည် ပထမဓားဘွဲ့ကို အလွန်စိတ်ကုန်နေသည်။

မေးမြန်းလာသူအား ကြည့်လိုက်ရာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်ခန့် ရှိသူတစ်ဦး ဖြစ်နေသည်ကို တွေ့ရလေသည်။

ချင်းကိုးက မဝံ့မရဲဖြင့် ပြန်မေးလိုက်သည်။

"ကျွန်တော် ချင်းကိုးပါ ဘာကိစ္စများ ရှိပါသလဲ ခင်ဗျား"

ထိုလူသည် ဓားလှံလက်နက် ဆောင်ထားခြင်း မရှိသည့်အပြင် ပြုံးရွှင်သော မျက်နှာထားဖြင့် သဘောမနောကောင်းသူ ဖြစ်ပုံရှိနေ၍

www.burmeseclassic.com



သူ့အား လာရောက်ယှဉ်ပြိုင်ခြင်း မဟုတ်ဟုလည်း ယုံကြည်မိသည်။

ထိုလူက...

"မိတ်ဆွေလေး ချင်းကိုး...ကျုပ်နဲ့ လိုက်ခဲ့ပါဗျာ"

"ဗျာ..."

မမျှော်လင့်ဘဲ ဖိတ်ခေါ်ခြင်း ခံလိုက်ရသဖြင့် ချင်းကိုး အံ့ဩ သွားရပြန်သည်။

"ကျွန်တော် လိုက်ခဲ့ရမယ် ဟုတ်လား၊ ဘယ်ကို လိုက်ခဲ့ ရမှာလဲ"

ထိုလူက...

"လိုက်သာ လိုက်ခဲ့ပါ...ဟိုရောက်ရင် သိရပါလိမ့်ဗျာ"

"ကျွန်တော်နဲ့ သိုင်းပညာ ယှဉ်ပြိုင်ချင်လို့လားဗျာ"

"ဟာ...မဟုတ်ပါဘူး...ကျုပ်တို့က မိတ်ဆွေလေးကို သူ ကောင်းတစ်ယောက်လို သဘောထားပြီး ချီးကျူးဂုဏ်ပြုချင်လို့ပါ"

ချင်းကိုးသည် ကြားလိုက်ရသော စကားများကို မယုံနိုင် အောင် ဖြစ်နေပါသည်။

ထိုလူက...

"ကျုပ်တို့မြို့က လူတွေဟာ နဂါးဦးဆောင်တဲ့ လူဆိုး တွေရဲ့ နှိပ်စက်မှုကို ကျောကော့အောင် ခံခဲ့ရဖူးပါတယ်၊ နဂါး လူစု ဒီမြို့အနီး ပတ်ဝန်းကျင်က ထွက်သွားပြီး မြေစိမ်းတောင် ရောက်သွားကြပေမယ့် ဘယ်နေ့ ပြန်ရောက်လာပြီး နှိပ်စက်ဦးမ လို့ စိတ်ပူနေခဲ့ရပါတယ်၊ ခုတော့ နဂါးတို့လူစုကို မိတ်ဆွေလေး ဆုံးမနှိမ်နင်း လိုက်တဲ့အတွက် ကျုပ်တို့အားလုံး ဝမ်းသာပျော်ရွှင် ကြပါတယ်၊ မိတ်ဆွေလေး ဒီမြို့ကိုရောက်လာတယ် သတင်းကြား



ကြောင့် ဂုဏ်ပြုညှော်ခံဖို့ ကျုပ်တို့ စီစဉ်ထားကြတာပါ၊ မိတ်ဆွေလေး ကြွပါဗျာ"

အကျိုးအကြောင်း ရှင်းပြကာ လေးလေးစားစား ဖိတ်ခေါ် လာသည်။

ချင်းကိုး ပင့်သက် ရှိုက်လိုက်မိလေ၏။

ပထမအားဖြင့်ဟူသော ဂုဏ်ပုဒ်ကို မက်မောသူများက ယှဉ်ပြိုင်ဖို့ ကြိုးစာမည်ဖြစ်ရာ စိတ်ပျက်စရာ ကောင်းလှပေသည်။

သို့သော်...

သိုင်းပညာ အသုံးပြုကာ လူဆိုးဓားပြများအား သုတ်သင် ရှင်းလင်း ပစ်နိုင်ခဲ့ခြင်းကြောင့် အပြစ်မဲ့သူများ ဘေးကင်းချမ်းသာမှု ရရှိကြသည်မှာ ဝမ်းသာပျော်ရွှင်စရာ ကောင်းလှသည်။

"သိုင်းပညာဟာ အသုံးချတဲ့အပေါ်မှာ မူတည်ပြီး ကောင်းကျိုး ဆိုးကျိုး ခံစားရတာပဲလား...ငါ စိတ်ပျက်နေလို့ မဖြစ်သေးပါဘူး"

ချင်းကိုက တွေးတောရင်း လာရောက် ဖိတ်ခေါ်သူနောက်သို့ စိတ်ပါလက်ပါ လိုက်သွားမိလေတော့သည်။

❖ ❖ ❖

ချင်းကိုးသည် သိုင်းပညာရပ်နှင့် ပတ်သက်ပြီး အသုံးချသူ အပေါ်မူတည်ကာ အကျိုးကျေးဇူးရှိပုံကို နားလည်သဘောပေါက်ခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့်...

စိတ်ပျက်အားငယ်မှုများ ပျောက်ကွယ်သွားသည်။

အများအကျိုး သိုင်းလောကအကျိုးကို အဓိကထားပြီး ဆောင်ရွက်သွားရန်လည်း နိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး တာဝန်ခံအဖြစ် တောင်ပိုင်းရာဇာ လင်ချန်းစိမ်း အား လိုက်ရှာခဲ့သည်။

များမကြာမီ တောင်ပိုင်းသိုင်းရာဇာ လင်ချန်းစိမ်းနှင့် ဆုံတွေ့ ခဲ့ရလေ၏။

လင်ချန်းစိမ်းသည် ပြိုင်ဘက်ရှာရင်း အထက်လမ်းသိုင်းသမား ဟု ခံယူထားသော်လည်း စိတ်ထားကောင်းမွန်ခြင်း မရှိသည့် သိုင်း သမား တစ်ယောက်နှင့် ဆုံတွေ့ခဲ့ရသည်။

ထိုသိုင်းသမားက သူ့မိတ်ဆွေများကို ခေါ်လာပြီး လင်ချန်း စိမ်းကို ဝိုင်းဝန်းတိုက်ခိုက်ကာ အနိုင်ယူဖို့ ကြိုးစားခဲ့ကြသည်။

မထင်မှတ်သော ဖြစ်ရပ်ကြောင့် လင်ချန်းစိမ်း ဒဏ်ရာရ သွားခဲ့ရသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ချင်းကိုး အချိန်မီ ရောက်ရှိသွားပြီး လင်ချန်းစိမ်း၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။ လင်ချန်းစိမ်း သိရှိသွားသည်။

"မင်း...မင်းက အရိပ်မဲ့ဓားကိုး"

လင်ချန်းစိမ်းသည် ချင်းကိုးအား အလွန်ပင် ကျေးဇူးတင်သွား ပြီး တောင်ပိုင်းသို့ ပြန်သွားခဲ့သည်။

ချင်းကိုးက နောက်ထပ် ကောင်းကျိုးတစ်ခု ဆောင်ရွက်နိုင် ခဲ့ခြင်း ဖြစ်သည်။

ချင်းကိုး ပိုပြီးအားတက်လာသည်။

အများအကျိုး ဆောင်ရွက်လိုစိတ်များ ပို၍ကိန်းအောင်းလာ အိမ်မပြန်ဖြစ်တော့ဘဲ သိုင်းလောကထဲ၌ ကျင်လည်ကျက်စားနေ မိတော့သည်။



ပထမဓားဘွဲ့ရှင် အရိပ်မဲ့ဓား ချင်းကိုး ဟူသော အမည်မှာ လည်း သိုင်းလောကတစ်ခုလုံး မသိသူ မရှိအောင် ပို၍ ပို၍ ထင် ရှား ကျော်ကြားလာခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၉)

# မြေခွေးနှင့် မြေခွေးမ

ခိုင်ဖုံးမြို့....။

စည်းကားသိုက်မြိုက်လှသော ခိုင်ဖုံးမြို့တော်ကြီးသို့ စီးမင်ချူး နှင့် ပေ့ဗှာတို့ ရောက်ရှိလာကြသည်။

စီးမင်ချူး စုံစမ်းကြည့်ရာ မကြာပါချေ ချင်းကိုး၏အိမ်ကို တွေ့ရှိခဲ့သည်။

အိမ်တံခါး ပိတ်ထားသည်။

လူသူမနေဘဲ စွန့်ပစ်ထားသော်လည်း ချင်းကိုး၏အိမ်မှာ ခိုင်ခံ ပြီး နေချင်စဖွယ်ကောင်းအောင် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

စီးမင်ချူးက မင်းသားလေးတစ်ပါးလို ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည်။

ပေ့ဗှာသည်လည်း နတ်မိမယ်လေးအလား ချောမောလှပသူ လေး ဖြစ်သည်။

ဦးလေးလွှနှင့် ဒေါ်လေးကူးတို့မှာ အလိုလိုနေရင်း အထင်ကြီး သွားကြလေတော့သည်။

စီးမင်ချူးက...



"ဦးတို့ ဒီမြို့မှာနေတာ အတော်ကြာပြီ ထင်ပါတယ်"

"ဟာ...ဘယ်ပြောကောင်းမလဲ၊ ကျုပ်တို့ ဇာတိမြို့ပေါ့၊ ဒီမှာ နေလာတာ နှစ်ပေါင်း ငါးဆယ်ကျော်ပြီလေ"

စီးမင်ချူးက...

"ဒါဖြင့်...ဒီက ပြောင်းသွားရမယ်ဆိုရင် ဘယ်ပြောင်းချင်ကြမလဲနော်"

ပေ့ဗှာသည် စီးမင်ချူးက ချည်သို့သော သဘောဖြင့် မေးမြန်းနေသည်ကို ရိပ်မိထားပြီး နံဘေးမှရပ်ကာ ပြုံးကြည့်နေလေသည်။

ဦးလေးလွှက...

"ဟာ...မပြောင်းချင်ပါဘူး၊ ဒီမြို့မှာပဲ နေမှာပေါ့ ဘာဖြစ်လို့ ပြောင်းရမှာလဲ"

စီးမင်ချူးက...

"ဦးတို့အိမ်ကို သူဌေးလေးတစ်ယောက်က ဈေးကောင်းပေးပြီး ဝယ်မယ်ဆိုရင်ကော"

"ဟော..."

ဦးလေးလွှမှာ အံ့ဩသွားကာ ဒေါ်လေးကူးကို လှမ်းကြည့် လိုက်သည်။

ဒေါ်လေးကူးက...

"ကျုပ်တို့က ဆင်းရဲတယ်၊ အိမ်မပြင်နိုင်တာ ကြာပြီ၊ ကြည့် ...ား၊ လေပြင်းပြင်း တိုက်ရင်တောင် ပြိုကျပျက်စီး သွားနိုင် လောက်တယ်၊ ဘယ်သူက ဈေးကောင်းပေးပြီး ဝယ်မှာလဲ"

စီးမင်ချူးက...

"ဈေးကောင်းပေးပြီး ဝယ်မယ်ဆိုရင်ကော အဒေါ်တို့ ရောင်းမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကျူးက...

"အင်း...ရောင်းဖို့ဆိုတာက"

"ရောင်းမယ်...ရောင်းမယ်"

ဦးလေးလွှက ဝမ်းသာအားရ ပြောလေသည်။

"ဈေးကောင်းရရင် ရောင်းမယ်၊ မြို့စွန်မှာ ပြောင်းပြီးနေကြ မယ်၊ ပိုတဲ့ငွေကို မင်း အရင်းအနှီး လုပ်ပေါ့"

ဒေါ်လေးကျူး စိတ်ယိုင်သွား၏။

ငွေပိုငွေလျှံလေးရလျှင် ဈေးဆိုင်လေး ဖွင့်နိုင်မည် ဖြစ်သည် အသက်ကြီးပြီဖြစ်၍ မျိုးခြစ်ချွေတာကာ တစ်သက်လုံး အေးအေး ချမ်းချမ်း နေသွားလိုသည်။

ဦးလေးလွှက အရက်သောက်ပစ်မည် ဖြစ်သော်လည်း ပို သောငွေကို သူမ ထိန်းချုပ်ထားနိုင်မည်ဟု ယုံကြည်ပါသည်။

ဒေါ်လေးကျူးက မေးလိုက်သည်။

"ဘယ်သူက ဝယ်မှာလဲ သူဌေးလေးလား"

စိးမင်ချူးကို အထင်ကြီးကာ သူဌေးလေးဟု ခေါ်လိုက်သ

စိးမင်ချူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ အိမ်တန်ဖိုးကို နှစ်ဆပေးမယ်၊ ကျွန် က ဒီနေရာကို သဘောကျလို့ပါ"

ဦးလေးလွှကော ဒေါ်လေးကျူးပါ စိးမင်ချူးပေးသော မငြင်းနိုင်တော့ပါ။

သူတို့၏ အိမ်ကလေးကို ရောင်းချကာ မြို့စွန်သို့ ပြော သွားကြလေတော့သည်။

စိးမင်ချူးသည် ဦးလေးလွှ၏ အိမ်ကလေးကို ဝယ် ဖြိုဖျက်ပစ်လိုက်သည်။



ထို့နောက်...

အလွန် လှပတင့်တယ်သော နှစ်ဆောင်ပြိုင် အိမ်ကြီးတစ်လုံး ဆောက်လုပ်ထားလိုက်သည်။

အိမ်ဖော်များ အလုပ်သမားများလည်း ငှားရမ်းလိုက်သည်။

ခမ်းခမ်းနားနား ထည်ထည်ဝါဝါဖြစ်အောင် ပြုလုပ်ပြီးလျှင် ခိုင်ဖုံးမြို့မှ တင်ရှားသူများ ကုန်သည်ပွဲစား သူဌေးသူကြွယ်များကို ဖိတ်ခေါ်ကာ ကောင်းမွေ ညွှန့်ပေဆိုသော စားသောက်ဖွယ်ရာများ အရက်များဖြင့် ဧည့်ခံကျွေးမွေးသည်။

စိးမင်ချူးသည် ခိုင်ဖုံးမြို့သို့ ရောလာသည်မှာ ဘာမှမကြာ သေးသော်လည်း သူဌေးလေး တစ်ယောက်အဖြစ် မသိသူမရှိ သလောက် ဖြစ်သွားလေတော့သည်။

မြို့မျက်နှာဖုံးများနှင့် ရင်းနှီးကျွမ်းဝင်အောင် ပေါင်းသင်းသကဲ့ သို့ ဆင်းရဲနွမ်းပါးသူများ ငွေကြေး အခက်ကြုံနေသူများကိုလည်း းကမ်းထောက်ပံ့ ကူညီသဖြင့် တစ်မြို့လုံးက ချီးကျူးလေးစားခြင်း ရသူ ဖြစ်လာတော့သည်။

စိးမင်ချူး ည်သည် ပထမခြေလှမ်းကို ကောင်းစွာ လှမ်းနိုင်ခဲ့ပြီ စ်ကြောင်း ပေ့တွာ နားလည်သဘောပေါက် ထားလိုက်သည်။

စိးမင်ချူးက သူဌေးလေးဟု လူသိများလာပြီး သူမကိုလည်း ာ်မိမယ်လေးအဂ ဘား ချောမောလှပသည့် သူဌေးကတော်လေးဟု အားလုံး သိလာကြလေတော့သည်။

စိးမင်ချူးနှင့် ပေ့တွာတို့သည် ခိုင်ဖုံးမြို့၌ လျှင်မြန်စွာ အသား သွားကြလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် နေထိုင်ခဲ့ကြသူများပော သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ဂ္ဂာက စီးမင်ချူးနှင့် နေထိုင်ရသည်ကို သဘောကျမိ
ဘာဆိုဘာမှ လိုလေသေး မရှိသည့်အပြင် လုံခြုံစိတ်ချ
နေထိုင်နိုင်ခဲ့သည် မဟုတ်ပါလား။

သို့သော်...

ယို့ဟုန်သည် သူမအား မည်သည့်နည်းနှင့်မျှ အလွတ်ပေး
မဟုတ်ကြောင်းကို ပေ့ဂ္ဂာက ကောင်းစွာ နားလည်သဘောပေါ
ထားသည်။

တစ်နေ့...

ပေ့ဂ္ဂာသည် မြို့ထဲသို့ဈေးဝယ် ထွက်မည်ဖြစ်၍ ကိုယ့်ကိုကို
အလှပဆုံးဖြစ်အောင် မှန်နှံ့သာခြယ်သကာ ဝတ်ကောင်းစား
ဝတ်ဆင်လိုက်လေသည်။

စိတ်တိုင်းကျ ပြင်ဆင်ပြီးလျှင် စီးမင်ချူးကိုသွားပြီး အသိ
လိုက်သည်။

"ကျွန်မ ဈေးဝယ်ထွက်မလို့ ရှင်ကော ဘာမှာဦးမလဲ"

"ဘာမှ မှာစရာတော့ မရှိဘူး၊ ဒါပေမယ့် ပြောစရာ
ရှိနေတယ်"

"ဘာများလဲရှင်"

"မင်း ခုလို အလှပြင်ထားမယ့်အစား အဘွားအိုကြီး
ယောက်လို ပြင်ဆင်ပြီး သေလုမျောပါး ဝေဒနာခံစားနေရ
အိမ်ရာထဲမှာ လှဲနေလိုက်တာက ပိုကောင်းမယ်"

"ဘာရှင့်"

ပေ့ဂ္ဂာ ဒေါသထွက်သွားသည်။

"ရှင်...ဘာကြောင့် အရွဲ့တိုက်ချင်ရတာလဲ ပြောစမ်း
စီးမင်ချူး ခေါင်းခါယမ်းလိုက်လေသည်။



"ကျုပ်က အရွဲ့တိုက်တာ မဟုတ်ဘူး၊ အကောင်းဆုံးနည်းလမ်း
ကို ပြောနေတာ"

"ကျွန်မကို ဒီလို ပြောနေမယ့်အစား ရှင်က အဘိုးကြီး
တစ်ယောက်လို အိပ်ရာထဲ သွားလှဲနေလိုက်ပါလားရှင်"

"ယို့ဟုန်ကသာ ကျုပ်နောက်ကို လိုက်နေတယ်ဆိုရင် မင်း
ပြောသလို ကျုပ်လုပ်မိမှာပဲ"

"ဘာရှင့်..."

"ယို့ဟုန်က နိုင်ဖုံးမြို့ကို ရောက်နေပြီ"

"ရှင်..."

ပေ့ဂ္ဂာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

စီမင်ချူးက...

"မနက်က မြို့ထဲသွားရင်း မင်းရဲ့ အမည်ကိုမေးပြီး လိုက်စုံ
မ်းနေတဲ့ ရုပ်ဆိုးဆိုး အမျိုးသမီးတစ်ယောက်ကို တွေ့ခဲ့ရတယ်၊
သူဟာ ယို့ဟုန်ကလွဲပြီး ဘယ်သူ ဖြစ်နိုင်ဦးမှာလဲ"

"သူ...သူ..."

"ဟုတ်တယ်...သူ လိုက်လာပြီ"

"ကျွန်...ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ"

ပေ့ဂ္ဂာ အထိတ်တလန့် ဖြစ်နေပါတော့သည်။

စီးမင်ချူးက...

"စောစောက ကျုပ် ပြောသလို လုပ်ပေါ့၊ ယို့ဟုန်ရဲ့ အခြေ
အနေကို မြေခွေးတို့ လူစုကို စောင့်ကြည့်နိုင်းထားတယ်၊ မင်းကိုယ်
င်း အိပ်ရာထဲလဲနေတဲ့ အဘွားကြီး တစ်ယောက်လို ပြင်ဆင်ဖို့
အချိန်ရပါသေးတယ်"

နိုင်ဖုံးမြို့၌ သူဌေးလေး တစ်ယောက်အဖြစ် နေထိုင်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ချူးသည် ဆိုးသွမ်းမိုက်မဲသည့် မြေခွေးဆိုသူနှင့် အဖော်များကို လက်ရုံးတပည့်များအဖြစ် စည်းရုံးသိမ်းသွင်း ထားခဲ့သည်။

ဉာဏ်များသည့် စီးမင်ချူးတွင် ဘာမဆို လုပ်ဝံ့သည့် လူဆိုး လူမိုက် မြေခွေးတို့ တပည့်တပန်းတစ်စု ရှိနေပြီ ဖြစ်ပါသည်။

စီးမင်ချူးက ငေါက်လိုက်သည်။

"မင်း ဘာလုပ်နေတာလဲ"

ပေ့ဟွာ မယုံနိုင်သေးချေ။

"ရှင်...တကယ်ပြောတာနော်"

"ကျုပ်က လိမ်ပြောနေရမှာလား ယို့ဟုန်ရောက်လာရင် မင်း ဟာ သေလုမျောပါး ဝေဒနာ ခံစားနေရတဲ့အသွင် ဟန်ဆောင်ပြီး အပြစ်တွေကို ဝန်ချတောင်းပန်ပါ၊ နောက်းပိုင်းကိစ္စ ကျုပ်ကြည့် စီစဉ်မယ်"

"ကောင်းပါပြီရှင်"

ပေ့ဟွာသည် သူမထက်ပို၍ ဉာဏ်များပြီး ကောက်ကျစ်စဉ်းလဲ သည့် စီးမင်ချူးကို အားကိုးအားထား ပြုနေရလေတော့သည်။

ရှေးဝယ် မထွက်ဖြစ်တော့ပါ။

ချက်ချင်း အဝတ်အစားလဲကာ အဘွားအိုကြီးပမာ ဖြင်း လိုက်သည်။

ထို့နောက်...

အိပ်ရာထဲ ခွေခွေကလေး လှဲလျောင်းနေလိုက်သည်။

ပေ့ဟွာမှာ အချိန်မီကလေး ဟန်ဆောင် ပြင်ဆင်နိုင်ခဲ့ခြင်း ဆိုနိုင်သည်။

"ဒေါက်...ဒေါက်...ဒေါက်..."

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။



"ပေ့ဟွာ...ငါ ရောက်လာပြီလေ၊ ငါ့ကို ကြိုဆိုပါဦး"

ယို့ဟုန်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ တော့သည်။

စီးမင်ချူးက ခကောင်းမွန်စွာ ကြိုဆို ညွှန်ခံလိုက်၏။

ယို့ဟုန် ကျိန်းသေရောက်လာမည်ကို သိထားခြင်းကြောင့် စားတောင်းသောက်ဖွယ်များ အချိန်မီ စီမံထားခဲ့သည်။

သို့သော်...

ယို့ဟုန်က လုံးဝစိတ်မဝင်စားချေ။

အိမ်ထဲရောက်လာသည်နှင့် ခပ်ထန်ထန် မေးလိုက်လေသည်။

ပေ့ဟွာ ဘယ်မှာလဲ"

စီးမင်ချူးက ဦးညွှတ်လိုက်သည်။

"ရှိပါတယ်ခင်ဗျာ...အစ်မကြီးဟာ ယို့ဟုန် ထင်ပါရဲ့၊ ထိုင်ပါ ဦး...တစ်ခုခု စားသောက်ပြီး အမောဖြေလိုက်ပါဦး၊ ပြီးမှ အေးအေး ဆေးဆေး စကားပြောကြတာပေါ့"

ယို့ဟုန် လက်မခံချေ။

"မလိုချင်ဘူး၊ ငါက စားဖို့သောက်ဖို့ လာခဲ့တာ မဟုတ်ဘူး၊ ပေ့ဟွာနဲ့ တွေ့ချင်တယ်၊ သူက ထွက်မတွေ့ဘူးဆိုရင်တော့ ငါ့အိမ်ထဲ ဝင်ရှာရမှာပဲ"

စီးမင်ချူးက...

"ကျွန်တော် တောင်းပန်ပါတယ်၊ အစ်မကြီး စိတ်နည်းနည်း ထိန်းစေချင်ပါတယ်၊ ပေ့ဟွာဟာ သူ့အပြစ်တွေကို သူသိပြီး နောင်တ ရနေပါပြီ၊ အစ်မကြီးကိုလည်း တွေ့ချင်နေပါတယ်"

ယို့ဟုန်က ရယ်မောလိုက်လေသည်။

"ငါ့ကို တွေ့ချင်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သူ့ရဲ့အပြစ်တွေကို ဝန်ချပြီး တောင်းပန်ချင်နေပါတယ်"

"ဪ သူက ဒီလိုဝန်ချတောင်းပန်တာနဲ့ ငါက ခွင့်လွှတ်ရမှာလား"

စီးမင်ချူး သက်ပြင်းချလိုက်သည်။

"အစ်မကြီး ခွင့်မလွှတ်လည်း သူက သေရတော့မှာပါ"

"ဘာ…"

"ပေ့ဗ္ဗာဟာ အမှားလုပ်ပြီး ထွက်ပြေးလာပြီးတဲ့နောက် တစ်နေ့တစ်ရက်မှ စိတ်ချမ်းသာပါဘူး၊ အမှားလုပ်မိတဲ့ စိတ်က ခြောက်လန့်ခြင်းခံရပါတယ်၊ ကြာတော့ အအိပ်ပျက် အစားပျက် ဖြစ်လာပြီး ရောဂါဝေဒနာတွေ ဝင်လာပါတယ်၊ လွန်ခဲ့တဲ့ သုံးလလောက်ကစပြီး အိပ်ရာထဲမှာ ဘုန်းဘုန်းလဲသွား တော့တာပါပဲ"

ယို့ဟုန်သည် စီးမင်ချူးစကားကို မျက်မှောင်ကြုတ်ကာ နားထောင်နေသည်။

စီးမင်ချူးက…

"ခုချိန်မှာ အစ်မကြီးလက်ဝါးနဲ့ တစ်ချက်လောင် ရိုက်စရာမလိုတော့ပါဘူး၊ သမားတော်တွေလည်း လက်လျှော့သွားကြပါပြီ၊ သူ ကြာကြာခံတော့မှာ မဟုတ်ပါဘူး"

ယို့ဟုန် တွေဝေသွားသည်။

"မင်း ပြောတာ အမှန်ပဲလား"

စီးမင်ချူးက…

"ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ယို့ဟုန်အား ပေ့ဗ္ဗာ၏ အခန်းသို့ ခေါ်ဆောင်သွားလေ၏။

အခန်းတွင်းမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်နေ၏။



ဆိုးဝါးသော အနံ့အသက်များလည်း ထွက်ပေါ်နေ၏။

အခန်းထောင့်ရှိ ခုတင်တစ်လုံးတွင် ပေ့ဗ္ဗာက ခွေခွေကလေး လှဲလျောင်းကာ ညည်းတွားနေခြင်း ဖြစ်သည်။

ယို့ဟုန်သည် အခန်းတွင်း လှမ်းဝင်လိုက်မိသည်နှင့် အသက်အောင့်ထားလိုက်ရသည်။

စီးမင်ချူးက ခုတင်အနီးသို့ ကပ်သွားပြီး…

"ညီမလေး ပေ့ဗ္ဗာ…ညီမလေးရဲ့အစ်မ ယို့ဟုန် ရောက်လာပြီလေ၊ ညီမလေးပဲ တွေ့ချင်တယ်ဆို"

"မမ…မမ…"

ပေ့ဗ္ဗာက သနားစဖွယ် ညည်းတွားနေသည်။

ယို့ဟုန်သည် ပေ့ဗ္ဗာကိုကြည့်ရင်း စိတ်မကောင်း ဖြစ်သွား၏။

"ပေ့ဗ္ဗာ ညည်းတော်တော် မိုက်မဲတာပဲ"

"မမရယ်…ကျွန်မ မှားသွားပါတယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ"

ပေ့ဗ္ဗာက သနားစဖွယ် တောင်းပန်နေသည်။

သူမသည် အလွန် ဟန်ဆောင်ကောင်းလှသည်ဖြစ်ရာ ယို့ဟုန်မှာ အဟုတ် ထင်မှတ်သွားလေတော့သည်။

သူမ သက်ပြင်းချလိုက်သည်။

"ပေ့ဗ္ဗာ…ညည်းကိုငါ ခွင့်လွှတ်ချင်တယ်၊ ဒါပေမယ့် ဆရာအပေါ် အကောက်ကြံခဲ့တာကြောင့် ဘယ်နည်းနဲ့မှ ခွင့်လွှတ်လို့မဖြစ်နိုင်တော့ဘူး၊ ဒါပေမယ့် ညည်း သေလုမျောပါး ဖြစ်နေပြီဆိုတော့ ငါက ညည်းကို မဆုံးမတော့ပါဘူး၊ ညည်းထိုက်နဲ့ ညည်းကံ ခံပေတော့"

ပေ့ဗ္ဗာ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ရှိုက်ကာ ရှိုက်ကာ ငိုနေသည်။

စီးမင်ချူးက ချော့မော့လိုက်လေသည်။

"မငိုပါနဲ့ ညီမရယ်၊ မမယို့ဟုန်က ညီမကို မဆုံးမတော့ဘူး ဆိုတာ ခွင့်လွှတ်လိုက်တဲ့ သဘောပါပဲ၊ တိတ်နော်..."

ပေ့ဗှာ မျက်လုံး မှိတ်ထားလိုက်လေသည်။

စီးမင်ချူးက...

"အစ်မကြီး...လာပါဗျာ"

ယို့ဟုန်အား အပြင်ဘက်သို့ ပြန်လည်ခေါ်ဆောင် သွားလေတော့သည်။

စီမင်ချူးက စားကောင်း သောက်ဖွယ်များဖြင့် ဧည့်ဝတ်ပြု လေသည်။

သို့သော်...

ယို့ဟုန်သည် ရေနွေးကြမ်း တစ်ခွက်သောက်ပြီး အခြား ဘာမှ မစားချေ။

စီးမင်ချူးက တောင်းပန်လိုက်သည်။

"ပေ့ဗှာ ကြာကြာ နေရမှာ မဟုတ်ပါဘူး၊ သူ ပြုလိုက်မိတဲ့ အမှားကြောင့် တစ်ချိန်လုံး စိတ်ထိခိုက်ခဲ့ရပြီး ခုလို ဖြစ်သွားတာပါ၊ ဒါကြောင့် အစ်မကြီးက သူ့ရဲ့ နောက်ဆုံး အချိန်လေးမှာတော့ ဂရုဏာ ထားပြီး ခွင့်လွှတ်စေချင်ပါတယ် ခင်ဗျာ"

ယို့ဟုန်က...

"သူက ငါ့ကို စော်ကားခဲ့တယ်ဆိုရင် ခွင့်လွှတ်ဖို့ မခက်ပါဘူး ဆရာဟာ သူ့ကြောင့် သေဆုံးသွားခဲ့ရတယ်၊ ဒါကြောင့်...သူ့ကို ခွင့်လွှတ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

သူမ စိတ်ဆိုးပြေနိုင်တော့မည် မဟုတ်ပါ။



အကယ်၍ ပေ့ဗှာကိုသာ ဝတ်ကောင်းစားလှဖြင့် တွေ့ရမည် ဆိုလျှင် ချက်ချင်း သတ်ပစ်လိုက်မည်မှာ သေချာနေပါတော့သည်။

ယို့ဟုန်က...

"သူ့ရဲ့ အခြေအနေကို ငါစောင့်ကြည့်မယ်၊ သူ တကယ် သေဆုံးသွားပြီဆိုရင် ငါ ပြန်မယ်၊ ဒါမှမဟုတ်ဘဲ သူ နေပြန်ကောင်း လာတယ်ဆိုရင် ငါပြန်သွားတာ အမှားကြီး မှားနေမှာပေါ့၊ သူ နေကောင်းလာရင် ငါနဲ့ မတွေ့အောင် ရှောင်နေတော့မှာပဲ"

စီးမင်ချူး ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ အစ်မကြီး သဘောပါပဲ"

မျက်နှာတစ်ခုလုံး ပြုံးချိုနေကာ ရိုသေလေးစားစွာ ဧည့်ဝတ် ပြုနေသော်လည်း စီးမင်ချူး၏ မျက်လုံးများက ဂနာမငြိမ် ဖြစ်နေပါသည်။

ယို့ဟုန်အား တစ်ချိန်လုံး အကဲခတ်နေသည်။

ယို့ဟုန်သည် ဒေါနှင့်မောနှင့် ပြောနေရာမှ ရုတ်တရက် ခန္ဓာကိုယ်မှာ တစ်ချက် ယိမ်းယိုင်သွားလေသည်။

စီးမင်ချူးက...

"အစ်မကြီး...ဘာဖြစ်သွားတာလဲ"

ယို့ဟုန်က...

"ငါ ဘာမှ မဖြစ်ဘူး"

ပြောလိုက်သော စကားသံက လျှာလေးအားလေးဖြစ်နေသည်။

စီးမင်ချူး ဝမ်းသာသွား၏။

ယို့ဟုန်အား ကျွေးမွေးသော စားသောက်ဖွယ်ရာများနှင့် ရေနွေးကြမ်းတွင် ထုံထိုင်းစေတတ်သော ဆေးများကို ခတ်ထားသည် မဟုတ်ပါလား။

www.burmeseclassic.com



ယို့ဟုန်က ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ် သူမ၏ ခန္ဓာ ယိမ်းယိုင်သွားပြန်သည်။

ယို့ဟုန်သည် လဲပြိုကျမသွားရလေအောင် စားပွဲကို လက် တစ်ဖက်ဖြင့် ထောက်ထားလိုက်ပြီး စီးမင်ချူး အော်ငေါက်လိုက် လေသည်။

"မင်းက ငါ့ကို အကောက်ကြံတယ် ဟုတ်လား"

စီးမင်ချူးက...

"ပေ့ဂွာ အတွက်ပါဗျာ"

"ဘာ..."

"ကျုပ်နဲ့ ပေ့ဂွာ ရှေ့ဆက် လက်တွဲပြီး ဆောင်ရွက်သွားဖို့ ကိစ္စတွေ အများကြီး ရှိနေသေးတယ်၊ ဒါကြောင့် သူ တစ်ခုခုဖြစ် သွားမှာကို ကျုပ် မလိုလားပါဘူး"

"မင်း...မင်း..."

"ခင်ဗျား မရှိတော့ဘူးဆိုမှ ပေ့ဂွာရဲ့နောင်ရေး စိတ်အေးရမယ် မဟုတ်လားဗျာ"

ယို့ဟုန် အံ့ကြိတ်လိုက်သည်။

"ပေ့ဂွာနဲ့ ပေါင်းနေမှတော့ မင်းလည်း လူယုတ်မာ တစ် ယောက်ပဲ ဖြစ်မယ်ဆိုတာကို ငါ သတိထားသင့်တာပေါ့၊ ဘာပဲဖြစ် ဖြစ် မင်းတို့ နှစ်ယောက်လုံးကို ချမ်းသာ မပေးနိုင်တော့ဘူး"

သူမ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ချိန်မှာပင် နောက်ကျော ဘက်မှ လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယို့ဟုန် လှည့်ကြည့်လိုက်လျှင် ပေ့ဂွာက သူမအနီးသို့ ရောက် ရှိနေပြီ ဖြစ်သည်ကို တွေ့ရ၏။

ပေ့ဂွာက ပြုံးနေသည်။



"ညည်း..."

"ကျွန်မ အခု နေကောင်းသွားပြီ"

သူမ၏ အသံလေး ချိုလွင်နေသည်။

သူမသည် ဓားတစ်လက် ကိုင်လာပြီး ယို့ဟုန်၏ နောက် ကျောအား တိတ်တစ်ဆိတ် ထိုးသွင်းလိုက်ပြီ မဟုတ်ပါလား။

ယို့ဟုန်၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာ၏။

"ပေ့ဂွာ...ညည်း...ညည်း..."

သူမ စကားဆုံးအောင် မပြောနိုင်တော့ပါ။

"ဝုန်း..."

ခွေးများကွေးညွှတ်ကာ ကြမ်းပြင်ပေါ်သို့ တအိအိ ပြိုလဲကျသွား လေတော့သည်။

"ဟား...ဟား...ဟား..."

"ခစ်...ခစ်...ခစ်..."

ပေ့ဂွာနှင့် စီးမင်ချူးတို့ သဘောကျစွာ ရယ်မောလိုက်ကြ၏။

ပေ့ဂွာအား ဒုက္ခပေးမည့် ယို့ဟုန်ကို နှစ်ယောက်ပေါင်းပြီး ခုတ်သင် ရှင်းလင်းပစ်နိုင်ခဲ့ပြီ မဟုတ်ပါလား.

ယို့ဟုန် သေဆုံးသွားချေပြီ။

ပေ့ဂွာကို ဘယ်သောအခါမှ ဒုက္ခပေးနိုင်တော့မည် မဟုတ် ချေ။

ပေ့ဂွာက သွေးများပေကျံနေသော လက်ထဲမှဓားကို ကြမ်းပြင် ပေါ် ပစ်ချလိုက်သည်။

ယို့ဟုန်ကို တစ်ချက်ကြည့်လိုက်သည်။

ရုပ်ဆိုးသော ယို့ဟုန်မှာ ဝေဒနာခံစားရပြီး သေဆုံးသွားခြင်း ကြောင့် မျက်နှာကြီးမှာ ကြောက်မက်ဖွယ်ပင် ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့တုမှာ ကြက်သီးထသွား၏။

"မြေခွေးကိုခေါ်ပြီး ဒီအလောင်းကြီးကို မြန်မြန်ရှင်းပစ်လိုက်စမ်းပါရှင်"

စီးမင်ချူးက...

"ကောင်းပြီ..."

သူက လက်ခုပ်တစ်ချက် တီးလိုက်လျှင် မြေခွေးဆိုသူက ပြေးလွှား ရောက်ရှိလာလေသည်။

"ဒီအလောင်းကို အမြန်ဆုံး ရှင်းပစ်လိုက်"

"ကောင်းပါပြီ..."

ပေ့တုက စီးမင်ချူးကို တစ်လှည့် မြေခွေးကို တစ်လှည့် ကြည့်နေသည်။

မြေခွေးဟူသော အမည်မှာ စီးမင်ချူးနှင့်သာ လိုက်ဖက်သည်ဟု တွေးနေမိသည်။

စီးမင်ချူးက...

"လာ ညီမ...လေသာဆောင်မှာ သွားပြီး စကားပြောကြရအောင်"

"ကောင်းပါပြီရှင်"

ပေ့တုသည် စီးမင်ချူး နောက်သို့ ချက်ချင်း လိုက်သွားလေ၏။

လေသာဆောင်သို့ ရောက်သွားကြလျှင် စီးမင်ချူးက ပေ့တုအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်၏။

ပေ့တု အံ့ဩသွားသည်။

"ရှင် ဘာကြည့်တာလဲ"

"သြော်...မင်းဟာ တကယ့်ကို နတ်မိမယ်လေးလို ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ဆိုတာ တွေးမိလို့ပါ"



ပေ့တု နှာခေါင်း ရှုံ့လိုက်သည်။

"ရှင်က တကယ်ပဲ အလှအပကို ခံစားတတ်လို့လား"

"ကျုပ်က အရေးမကြီးဘူး"

"နေပါဦး ဘယ်သူက အရေးကြီးနေလို့လဲရှင့်"

"ချင်းကိုး"

"ဟင်..."

ပေ့တု အံ့ဩသွားရ ပြန်သည်။

စီးမင်ချူးက...

"ဘယ်သူမဆို မင်းကိုတွေ့လိုက်ရင် နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်ပါဘူး"

"ရှင် မပါပါဘူး...ရှင်က အဲဒီလို လူစားမှ မဟုတ်တာ"

"ချင်းကိုးကော..."

"ဘာဆိုင်လို့လဲရှင့်"

စီးမင်ချူးက...

"ဆိုင်တယ်...ချင်းကိုးက မင်းကို ဘယ်လိုသဘောထားမလဲဆိုတာ ကျုပ် သိချင်တယ်"

ပေ့တု ခေါင်းခါယမ်းလိုက်သည်။

"ချင်းကိုးက ရှင့်ထက်တောင် ဆိုးဦးမယ်၊ သူ့ရဲ့စိတ်ထဲမှာ လှအပတော့ မိန်းကလေးတွေပါ ရှိနေကြမှာ မဟုတ်ဘူး၊ သူ့ကို တစ်ကြိမ်တစ်ခါသာ တွေ့လိုက်ရပေမယ့် သူဟာ စိတ်ထဲမှာ သိုင်းသာ အကြောင်းကိုသာ တစ်ချိန်လုံး တွေးတောစဉ်းစားနေမယ့် သူတစ်ယောက်ဆိုတာ ကျွန်မ ရိပ်မိလိုက်တာပေါ့ရှင်"

စီးမင်ချူး သက်ပြင်းချလိုက်လေသည်။

"ချင်းကိုးကို လျှော့မတွက်သင့်ဘူးဆိုတာ ကျုပ် သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ပေပုဂ္ဂိုလ်ကို စိုက်ကြည့်ကာ ဆက်ပြောလိုက်သည်။

"မင်းက ချင်းကိုး စိတ်ဝင်စားလာအောင် မလုပ်နိုင်ဘူးလား"

ပေပုဂ္ဂ တခစ်ခစ် ရယ်မောလိုက်လေသည်။

စီးမင်းချူးက...

"ဒါရယ်စရာ မဟုတ်ဘူး၊ ကျုပ် အတည်ပြောနေတာ"

"ရှင့်ကို မိန်းမ မယားနဲ့ မြူဆွယ်လို့ ရနိုင်သေးပေမယ့် ချင်းကိုး ကိုတော့ မထင်ဘူးရှင့်"

"မင်း..."

"ကျွန်မလည်း အတည်ပြောတာပါရှင်"

စီးမင်းချူး သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ချင်းကိုးကို ဒုက္ခပေးနိုင်တာ ဒီတစ်နည်းပဲ ရှိတယ်၊ ဒီနည်းလမ်းက ပိုပြီး စိတ်ချရတယ်၊ ချင်းကိုး တစ်သက်လုံး ခေါင်းထောင်နိုင်မှာ မဟုတ်တော့သလို ကျုပ်တို့ကိုလည်း အာခံဖို့မှာ မဟုတ်ဘူး"

ပေပုဂ္ဂ မေးလိုက်သည်။

"ရှင့်မှာ ဘယ်လိုအောက်လမ်း နည်းလမ်းတွေများ ရှိနေလို့ လဲ ပြောစမ်းပါဦး"

စီးမင်းချူး၏ မျက်လုံးများက ကောက်ကျစ်စဉ်းလဲမှုကြောင့် အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

"ကျုပ်က နိုင်ငံဖုံးမှာလာပြီး အခြေချလိုက်တာဟာ ချင်းကိုး အိမ်ပြန်လာမယ့် အချိန်ကို စောင့်နေတာပဲ၊ သူဟာ တစ်နေ့မဟုတ် တစ်နေ့ အိမ်ကိုလွမ်းတဲ့စိတ်နဲ့ နိုင်ငံဖုံးကို ပြန်လာရမှာပဲ၊ သူ ပြန် ရောက်လာရင်"

စီးမင်းချူးသည် သူ၏ အကြံအစည်ကို ပြောပြလိုက်လေသည်။



ပေပုဂ္ဂ နားထောင်နေရင်း သက်ပြင်းအခါခါ ချမိသည်။

စီးမင်းချူးမှာ မြွေဆိုး တစ်ကောင်ထက်ပင်ပို၍ ကောက်ကျစ် စဉ်းလဲသေးသည်ဟု၍လည်း တွေးနေမိလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

# ထောင်ချောက်

လတ်လတ် ဆတ်ဆတ် ဘဲကင်မှာ မွှေးကြိုင်သင်းပျံ့ နေသ
သို့ စားရသည်မှာလည်း အရသာ ရှိလှသည်။

ကျင်းတီက မေးလိုက်သည်။

"ဘယ်လိုလဲ စားလို့ကောင်းတယ် မဟုတ်လား"

ချင်းကိုး ခေါင်းညိတ်လိုက်သည်။

"ဒီလို အရသာရှိတဲ့ ဘဲကင်ကို တစ်ခါစားပြီးရင် တစ်သ
မေ့သွားမှာ မဟုတ်ပါဘူးဗျာ"

"ဟား...ဟား...ဟား..."

ကျင်းတီက သဘောကျစွာ ရယ်မောလိုက်သည်။

ချင်းကိုးက...

"ကျွန်တော် တကယ် ပြောတာပါဗျာ"

ကျင်းတီက...

"ငါ ယုံပါတယ်၊ သိုင်းလောကထဲ ကျင်လည်ကျက်စား
အများအကျိုး ဆောင်ရွက်နေတာနဲ့ အစားအသောက်ကိုတောင်
မစိုက်နိုင်ဘဲ ဖြစ်နေတယ်ဆိုတာ ငါ နားလည်ပါတယ်"



ချင်းကိုးသည် သိုင်းလောက တာဝန်များကို ထမ်းဆောင်ရင်း
အားမလပ် ဖြစ်ခဲ့ရ ရှာသည်။

ရှက်ယှင်ဒေသ၌ ဆိုးသွမ်း သောင်းကျန်းနေသော လူဆိုးကြီး
ယောက်အား ဆုံးမနှိမ်နင်းပြီး အပြန်ခရီး၌ ကျင်းတီနှင့် ဆုံတွေ့
ခြင်း ဖြစ်သည်။

ကျင်းတီက စားသောက်ဆိုင်သို့ ခေါ်သွားကာ ကျွေးမွေးနေ
း ဖြစ်သည်။

ကျင်းတီက...

"ချင်းကိုး...မင်းရဲ့အတင်းတွေဟာ သိုင်းလောကမှာ မွှေးကြိုင်
ပျံ့နေတာပဲကွ၊ မကောင်းသူပယ်၊ ကောင်းသူကယ်တယ်၊ လာပြီး
ပြိုင်တဲ့လူတွေကို နားဝင်အောင် ဖျောင်းဖျ ပြောဆိုပြီး သိုင်းပညာ
ဘာ သူသာတယ် ကိုယ်သာတယ် ယှဉ်ပြိုင်ရမယ့် ပညာမျိုး
တ်ဘဲ အများအကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်ရာမှာ
သုံးကျရတဲ့ ပညာမျိုးဖြစ်ကြောင်း သက်သေပြနိုင်ခဲ့တယ်၊ အထူး
ခြင့် တောင်ပိုင်းသိုင်းရာဇာကို ကူညီနိုင်ခဲ့တာကို အားလုံးက
ချီးမဆုံးကြဘူး"

ချင်းကိုးက ရယ်မောလိုက်သည်။

"ကျွန်တော်ကို ဒီလောက်တောင် ချီးမွမ်းနေကြတော့ အနေရ
ခက်တာ အမှန်ပါပဲဗျာ၊ ဒါထက် ကျွန်တော် ပြောစရာ ရှိသေးတယ်"

"ဘာလဲ...မင်း အိမ်ပြန်ချင်ပြီလား"

"ဦးက ကျွန်တော့် အတွေးကို သိနေတာကိုး၊ နိုင်ဖိုးက
တော် ထွက်လာတာ အတော်ကြာသွားပြီ၊ ဒါကြောင့် တစ်ခေါက်
လောက်တော့ ပြန်ချင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် ကျင်းတီက တားမြစ်ခြင်း မပြုတော့ချေ။

"ဒါပေါ့ကွာ... ဘယ်သူမဆို အိမ်ကိုလွမ်းတဲ့ စိတ်ရှိ တာပေါ့ပဲ၊ မင်း ပြန်ချင်ရင်တယ် ဆိုရင်လည်း ငါ မတားတော့ပါဘူ မင်းဟာ သိုင်းပညာနဲ့ သိုင်းလောကအကြောင်းကို ကောင်းကော သိနေပြီပဲ"

ချင်းကို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ကျွန်တော်ဟာ သိုင်းသမားဘဝကို စံ သိုင်းလောကထဲမှာ တစ်သက်လုံး နေသွားမှာပါ"

"အေးလေ... နိုင်ဖုံးက မင်းပြန်လာရင် ငါတို့ ပြန်ဆုံ ကြသေးတာပေါ့"

"ကောင်းပါပြီဗျာ"

ကျင်းတီက စားသောက်ခများကို ရှင်းပေးကာ ထိုင်ရာ လိုက်သည်။

ရုတ်တရက် သူ၏ လက်တစ်ဖက်သည် စားပွဲပေါ်မှ ပန်းက တစ်လုံးကို တိုက်မိကာ ကြမ်းပြင်ပေါ် ကျကွဲသွားသည်။

"ခွမ်း..."

"ဟင်..."

ကျင်းတီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ပန်းကန်ကွဲတယ်ဆိုတာ အတိတ်နိမိတ် မကောင်းဘူး လမ်းမှာ မင်း သတိထားပါ"

"စိတ်ချပါခင်ဗျာ... ကျွန်တော့်အတွက် ဘာမှ မစိုးရိမ် မတော်တဆ ပန်းကန်ကွဲသွားတာပါ၊ ဦးစိတ်ထဲမှာ ဘယ် သဘောမထားပါနဲ့"



ချင်းကိုးက နှစ်သိမ့်လိုက်သော်လည်း ကျင်းတီမှာ မျက်နှာ ကောင်းချေ။

နှစ်ယောက်သား ဆိုင်ထဲမှ ထွက်လာခဲ့ကြပြီး ဆိုင်အပြင်သို့ ရောက်လျှင် ကျင်းတီက ချင်းကိုးအား သတိထားပြီး ခရီးသွားရန် တွတ်တွတ် မှာကြားကာ လမ်းခွဲလိုက်ကြလေတော့သည်။

❖ ❖ ❖

နိုင်ဖုံးမြို့...။

မွေးရပ်မြေဖြစ်သော နိုင်ဖုံးမြို့သို့ ချင်းကိုး ပြန်လည်ရောက်ရှိ လာပြီ ဖြစ်ပါသည်။

ချင်းကိုး၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ် လာရသည်။

ဇာတိ မွေးရပ်မြေကို ပြန်လည် ရောက်ရှိလာသဖြင့် ဝမ်းသာ ပျော်ရွှင်မိသည်။

သို့သော်...

မိဘနှစ်ပါး၏အကြောင်းကို တွေးတောစဉ်းစား လိုက်သော အခါ ဝမ်းနည်း ကြေကွဲလာရပြန်လေတော့သည်။

ချင်းကိုးသည် မြို့ထဲမဝင်သေးဘဲ မြို့ပြင်သုသာန်သို့ သွားကာ မိဘနှစ်ပါး၏ အုတ်ဂူ၌ ကန်တော့လိုက်သည်။

"ဖေဖေနဲ့ မေမေ ခင်ဗျာ... လူဆိုးကြီး နဂါးကို ကျွန်တော် မနိုင်ခဲ့ပါပြီ၊ အများကောင်းကျိုးလည်း ဆောင်ရွက်နိုင်သူ ဖြစ်နေ ပြီ၊ ကောင်းကင်ဘုံက နေပြီး ကျေနပ်ပါတော့ ခင်ဗျာ"

ချင်းကိုးသည် မိဘများအား တိုင်တည်ပြီး အုတ်ဂူအနီးတစ်ဝိုက် သန့်ရှင်းရေး ပြုလုပ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ...

ခိုင်ဖုံးမြို့ထဲ ဝင်လာခဲ့သည်။

ချင်းကိုး ရောက်လာသည်ကို ရုတ်တရက် မည်သူမျှ မသိချေ။

ချင်းကိုးက သူ၏အိမ်သို့ အရောက်သွားလိုက်သည်။

သူ ထွက်လာစဉ်ကအတိုင်း အိမ်တံခါး ပိတ်ထားပြီး ဘာမှ အပြောင်းအလဲ မရှိချေ။

ပြောင်းလဲနေသည်ကား ဦးလေးလွှေတို့၏ အိမ်ကလေး ဖြစ်လေသည်။

ဦးလေးလွှေ၏ စုတ်ပြတ်နုံချာသော အိမ်ကလေးမှာ ယခုတော့ အိမ်ကြီးအိမ်ကောင်း ဖြစ်နေချေပြီ။

ဦးလေးလွှေ ချမ်းသာကြွယ်ဝ သွား၍လော...။

မဟုတ်ပါ...

တစ်ဖက်အိမ်၌ ဦးလေးလွှေနှင့် ဒေါ်လေးကူးတို့ ဇနီးမောင်နှံကို မတွေ့ရဘဲ လူစိမ်းများကို တွေ့မြင်နေရသည်။

ချင်းကိုးက သူ၏ အိမ်ထဲဝင်မည်အပြုတွင်...

"အစ်ကို..."

ချိုလွင်သောခေါ်သံ ထွက်ပေါ်လာသဖြင့် နောက်လှည့်ကြည့်လိုက်ရာ နတ်မိမယ်လေးအလား ချောမောလှပသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းမချောလေးကား ပေ့ဗှာ ဖြစ်ပါသည်။

ပေ့ဗှာက...

"ဘာကြောင့် ဒီလောက်တောင် ငေးနေရတာလဲ၊ ကျွန်မကို မမှတ်မိတော့ဘူးလားရှင်"



ချင်းကိုး ကောင်းစွာ မှတ်မိပါသည်။

"မှတ်မိပါတယ်၊ ကျုပ်တို့ မြွေစိမ်းတောင်ပေါ်မှာ တွေ့ခဲ့ကြတာ မဟုတ်လား"

"မှန်ပါတယ်ရှင်...ဒီလောက်နှစ်တွေ ကြာနေတာတောင် ကျွန်မကို မှတ်မိနေတာ ဝမ်းသာပါတယ်ရှင်"

သူမ၏အပြုံးနှင့် အသံက ချင်းကိုးအား ဆွဲဆောင်နေ၏။

ချင်းကိုးလည်း ရုတ်တရက်မို့ ငေးမောကြည့်နေပြီးမှ သတိဝင်လာသည်။

"ဒါထက် ညီမရဲ့ ခင်ပွန်းသည်ကော ပါမလာဘူးလား"

"သူ ရှိပါတယ်"

"ဘယ်မှာလဲ..."

"ဟိုမှာလေ..."

အသစ်တည်ဆောက်ထားသည့် အိမ်ကြီးကို ညွှန်ပြလိုက်မှ ချင်းကိုး သဘောပေါက်သွားလေသည်။

"လက်စသတ်တော့ ဦးလေးလွှေတို့ အိမ်ကို ညီမတို့ ဝယ်လိုက်ကြတာကိုး..."

"ဟုတ်ပါတယ်ရှင်...အစ်ကိုစီးမင်ချူးဟာ ခိုင်ဖုံးမြို့ကို သဘောကျတာနဲ့ ဒီမှာနေဖို့ ဆုံးဖြတ်လိုက်တာပါပဲ၊ ကျွန်မတို့အိမ်ကို အလည်လိုက်တော့ဘူးလားရှင်"

ပေ့ဗှာက ဖိတ်ခေါ်လာသည်။

ချင်းကိုးသည် မြွေစိမ်းတောင်တွင် ရတနာဓားပေးကာ ကူညီသည့် စီးမင်ချူးကို လုံးဝ မေ့မရပါချေ။

စီးမင်ချူးက သူ့အပေါ်၌ ကျေးဇူးတစ်ခု ရှိနေသည်ဟု ခံယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

ပေ့ဂွာက ဖိတ်ခေါ်လာသောအခါ မငြင်းနိုင်ပါ။ ငြင်းပယ်လျှင် ကျေးဇူးကန်းသလို ရှိမည်ဟု ယူဆထားသူ ဖြစ်သည်။

"ကောင်းသားပဲ...ကျုပ်က ညီမရဲ့ခင်ပွန်းသည်နဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲ..."

"ကြွပါရှင်..."

ပေ့ဂွာက ဖိတ်ခေါ်လိုက်သောအခါ ချင်းကိုးလည်း လိုက်ပါသွားသည်။

ထိုသို့ လိုက်သွားမိခြင်းကြောင့် ထောင်ချောက်တစ်ခု အတွင်းသို့ သက်ဆင်းမိမည် ဖြစ်ကြောင်း ချင်းကိုး ကြိုတင်သိနိုင်ခဲ့မည်ဆိုပါလျှင်...

❖ ❖ ❖

"ဟား...ဟား...ဟား..."

စီးမင်ချူး သဘောကျစွာ ရယ်မောနေသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အရက်များ အလျှံပယ်ရှိနေသည်။

ချင်းကိုး၏ သတင်းကို မျက်ခြည်မပြတ် နားစွင့်နေရန် မြေခွေးကို တာဝန်ပေးထားရာ ချင်းကိုး ရောက်ရှိလာသည်နှင့် စီးမင်ချူး သိရှိလိုက်ပြီး ဧည့်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်သည်။

"ကျုပ်က ခိုင်ဖုံးမြို့ကို သဘောကျမိတာနဲ့ အခြေချနေမယ်ဆိုပြီး အိမ်ဝယ်လိုက်တာ၊ ကံကောင်းချင်တော့ မိတ်ဆွေနဲ့ အိမ်နီးပါးချင်း ဖြစ်နေတယ်၊ မြွေစိမ်းတောင်မှာ ကောင်းကောင်းတောင်



စကားမပြောခဲ့ရဘူး၊ မမျှော်လင့်တဲ့ အန္တရာယ်တွေ ပေါ်ပေါက်လာမှာကို စိုးရိမ်လို့ ကတိုက်ကရိုက် ထွက်လာခဲ့ရတာ ခုတော့ ကျုပ်တို့ ဇနီးမောင်နှံ အေးအေး ချမ်းချမ်း ဖြစ်နေပါပြီဗျာ"

ချင်းကိုးက...

"အဲဒီတုန်းက ခင်ဗျား ကူညီခဲ့တာကို ကျုပ် ဘယ်တော့မှ မေ့သွားမှာ မဟုတ်ပါဘူးဗျာ၊ မြွေစိမ်းတောင်ပေါ်က ဆင်းလာပြီးတဲ့ နောက်ပိုင်းလည်း သိုင်းလောကထဲမှာ မိတ်ဆွေကို တွေ့ရလို တွေ့ငြား ရှာဖွေ ကြည့်မိသေးတယ်"

စီးမင်ချူးက...

"ဘယ်တွေ့မလဲဗျာ...ကျုပ်က ခိုင်ဖုံးမှာလာပြီး အခြေချနေတာကိုး...၊ ကဲ...စားလိုက်ပါဦး"

"ကျေးဇူးပါပဲဗျာ"

ချင်းကိုးမှာ ခရီးပမ်းလာသည့်အပြင် ဗိုက်ထဲဆာလောင်နေပြီ ဖြစ်သည်။

အကြောင်းမသိဘဲ စီးမင်ချူးတို့နှင့် အိမ်နီးချင်း ဖြစ်ရသည်ကို ဝမ်းသာနေမိသည်။

စီးမင်ချူးကိုလည်း မိတ်ဆွေရင်းချာ တစ်ယောက်ပမာ သဘောထားလိုက်မိသည်။

"စားပါရှင် ဘာမှ အားနာစရာ မလိုပါဘူး၊ အစ်ကိုကြီး ခိုင်ဖုံးကို ပြန်ရောက်လာပြီဆိုတော့ ကျွန်မတို့လည်း အဖော်ရတာပေါ့၊ ညီအစ်ကို မောင်နှမတွေလို ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြတာ ပေါ့ရှင်"

ပေ့ဂွာကလည်း တရင်းတနှီး ပြောကာ ချင်းကိုးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းများ ခပ်ပေးသည်။

သဘောရိုးဖြင့် ချင်းကိုးမှာ ပျော်ရွှင်စရာကောင်းသော ဘဝ တစ်ခုကို ရှာဖွေတွေ့ရှိလိုက်သည်ဟု ခံစားလိုက်ရသည်။

စီးမင်ချူးနှင့် ပေ့ဟွာကိုလည်း ယုံကြည်စိတ်ချသွားပြီး ရင်းရင်းနှီးနှီး စားသောက်လိုက်သည်။

"ညီမပါ တစ်ခါတည်း ဝင်စားပါလား"

ချင်းကိုးက ခေါ်လိုက်လျှင် စီးမင်ချူးက...

"ဟုတ်သားပဲ...မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ စားကြသောက်ကြတာပေါ့၊ ညီမလာ..."

"ကောင်းပါပြီရှင်..."

ပေ့ဟွာလည်း ဝင်၍ စားသောက်လိုက်၏။

စီးမင်ချူးက ချင်းကိုးအတွက် အရက်တစ်ခွက် ငှဲ့ပေးလိုက်လေသည်။

"သောက်လိုက်ပါဦးဗျာ"

ချင်းကိုး ခေါင်းခါယမ်းလိုက်သည်။

"နေပါစေဗျာ...ကျုပ် မသောက်တတ်လို့ပါ"

သူက ငြင်းလိုက်သော်လည်း စီးမင်ချူးက လက်မခံချေ။

"ဟာ...ကျုပ်တို့ကို တကယ်ခင်ရင် တစ်ခွက်လောက်တော့ သောက်ပါ၊ မိတ်ဆွေသာမက ညီရင်းအစ်ကိုတွေလို ဖြစ်ကြပြီဆိုတဲ့ အထိမ်းအမှတ်နဲ့ပေါ့ဗျာ"

သိုင်းလောက၌ အရက် သောက်တတ်ကြသည်မှာ ဓလေ့ထုံးစံ တစ်ခုကဲ့သို့ ဖြစ်နေပါသည်။

"ဟုတ်ပါတယ်ရှင်...မင်္ဂလာအရက်ကို မငြင်းသင့်ပါဘူး"



ပေ့ဟွာကလည်း တိုက်တွန်းနေသဖြင့် ချင်းကိုး မည်သို့မျှ မတတ်သာအောင် အရက်တစ်ခွက်ကို သောက်လိုက်လေသည်။

သူ၏ရင်ထဲ ပူလောင်သွားပြီး ဦးခေါင်းထဲ ချက်ချင်း မူးနောက်ရီဝေလာလေသည်။

စီးမင်ချူး၏ ဆေးခတ်ထားသော အရက်ကို သောက်လိုက်မိခြင်း ဖြစ်လေသည်။

စီးမင်ချူးက...

"တကယ့်ကို ပျော်စရာကောင်းပြီး မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါပဲဗျာ"

ဟု ပြောကာ အရက်တစ်ခွက်ပြီး တစ်ခွက် သောက်နေ၏။

ချင်းကိုးသည် စီးမင်ချူး အရက်သောက်ပုံကို ကြည့်ကာ ထိတ်လန့်လာလေသည်။

"ခင်ဗျား ဒီလောက်အများကြီး မသောက်သင့်ဘူးလေ..."

သူက တားမြစ်လိုက်သော်လည်း မရချေ။

"ပျော်လွန်းလို့ပါဗျာ..."

စီးမင်ချူးသည် တားမရဆီးမရ တစ်ခွက်ပြီးတစ်ခွက် သောက်နေပြီး နောက်ဆုံး လုံးဝမဟန်နိုင်တော့ဘဲ အရက်မူးကာ စားပွဲပေါ် မှောက်လျက် အိပ်ပျော်သွားတော့သည်။

"ကျုပ် အိမ်ပြန်မှ ဖြစ်မယ်"

ချင်းကိုး ထရပ်လိုက်သည်။ ရုတ်တရက် ဦးခေါင်းထဲ မိုက်ခနဲ ဖြစ်သွားပြီး လဲကျမလို ယိမ်းယိုင်သွားလေသည်။

"အစ်ကို..."

ပေ့ဟွာက ဖေးမလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်...ကျုပ်..."

"အစ်ကိုက အရက်တစ်ခါမှ မသောက်ဖူးဘူးဆိုတော့ မူးသွားတာပေါ့...ဘာမှ မပူပါနဲ့၊ ခဏလောက် လှဲနေလိုက်ရင် သက်သာသွားမှာပါ၊ ကျွန်မ စီစဉ်ပေးပါ့မယ်၊ ကဲ...လာ...လာ..."

ချင်းကိုး၏ လက်ကိုတွဲကာ ခေါ်သွား၏။

ချင်းကိုးမှာ မခံမရပ်နိုင်အောင် မူးနောက်ရီဝေနေပြီး လဲပြိုကျမတတ် ဖြစ်နေသည်။

ခဏလောက် လှဲနေလိုက်လျှင် သက်သာသွားမည်ဆိုသော မေ့ဗွာ၏ စကားကို ယုံကြည်မိသဖြင့် သူမ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားမိလေတော့သည်။

အချိန်မည်မျှ ကြာသွားမှန်း မသိ...။

ချင်းကိုး အိပ်ရာမှ နိုင်လာသောအခါ ငိုရှိုက်သံသဲ့သဲ့ ကြားလိုက်ရလေသည်။

ထို့အပြင်...

အိစက်နူးညံ့သော အိပ်ရာတစ်ခုပေါ် ရောက်နေသည်ကိုလည်း သတိပြုမိ လိုက်လေသည်။

"ဟင်..."

ချင်းကိုး ရင်ထိတ်သွားကာ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ထိုအခါမှ...

ခြေရင်းဘက်၌ ကျုံ့ကျုံ့ကလေးထိုင်ကာ တရှုံ့ရှုံ့ ငိုကြွေးနေသည့် မေ့ဗွာကို တွေ့လိုက်ရ၏။

မေ့ဗွာ၏ အဝတ်အစားများ ဖရိုဖရဲ ဖြစ်နေ၏။



ချင်းကိုး အလန့်တကြား ဖြစ်သွား၏။

"မင်း...မင်း..."

သူ၏ အသံကြားလျှင် မေ့ဗွာက ပို၍ငိုက်ရှိုက်လိုက်လေသည်။

"မဟုတ်ဘူး...မဟုတ်ဘူး..."

ချင်းကိုး အထိတ်တလန့် အော်လိုက်သည်။

ချက်ချင်းပင် ခုန်ထွက်ရင်း အခန်းတံခါးကို ဝုန်းခနဲ တွန်းဖွင့်ကာ အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

အပြင်ဘက် စင်္ကြံလမ်းသို့ ရောက်လျှင် သူ့အား မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေသည့် စီးမင်ချူးကို တွေ့လိုက်ရသည်။

"ဟင်..."

ချင်းကိုး ထိတ်လန့်သွားသည်။

ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

စီးမင်ချူး...

"ခင်ဗျားဟာ ပထမဓားဘွဲ့ ရထားတော့ သိုင်းပညာအားကိုးနဲ့ ခင်တိုင်းကျဲနေတာပေါ့ ဟုတ်လား"

"မဟုတ်ဘူး...မဟုတ်ဘူး..."

"ခင်ဗျားကို ကျုပ် ဘာမှမတတ်နိုင်ပေမယ့် ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ မှတ်ထားပါ"

"မဟုတ်ဘူး...ကျုပ် မဟုတ်ဘူး..."

ချင်းကိုး ငိုသံပါကြီးနှင့် အော်ဟစ်လိုက်သည်။

ထို့နောက်...

စီးမင်ချူးကို တွန်းဖယ်ကာ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေတော့သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ အမှားအတွက် ခန်ဗျား ပြန်ပြီးပေးဆပ်ရလိမ့်မယ်"

စီးမင်းချူး၏အသံက နောက်ကျောဘက်မှ ထွက်ပေါ်လာကာ ချင်းကိုးနောက်သို့ ထပ်ကြပ်မကွာ လိုက်ပါလာလေတော့သည်။

"မဟုတ်ဘူး...မဟုတ်ဘူး ..."

ချင်းကိုး ရူးရူးဝါးဝါး အော်လိုက်သည်။

သူ၏အိမ်သို့ ပြန်လည် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

သို့သော်...

သူ၏အိမ်မှာ ပျော်စရာကောင်းသည်ဟု မထင်ရတော့ပါ။

အိမ်တံခါးများ အလုံပိတ်ကာ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ဖြစ်အောင် ဖြစ်သွားသည်။

ချင်းကိုးက တစ်နေ့လုံး တစ်ညလုံး အိမ်ထဲမှာ အောင်းနေလိုက်သည်။

သူ၏ နားထဲ၌ စီးမင်းချူး နောက်ဆုံး ပြောလိုက်သော စကားသံများက ပဲ့တင်ထပ် မြည်ဟီးနေသည်။

"ခင်ဗျားရဲ့ အမှားကို ပြန်ပြီး ပေးဆပ်ရလိမ့်မယ်"

သူ၏ အမှား...

ချင်းကိုး လက်မခံနိုင်ပါ...။

ထိုကဲ့သို့ အဓိပ္ပာယ်မရှိသော အမှားမျိုးကို သူ ဘယ်တော့မှ ကျူးလွန်မည် မဟုတ်ပါ။

သို့သော်...

သူ့ခြေရင်း၌ ကျုံ့ကျုံ့ကလေး ထိုင်ကာ တရှုံ့ရှုံ့ ငိုကြွေးနေသော ပေ့ဟွာအား ပြန်လည်မြင်ယောင် လာလေသောအခါ...

"ငါ တကယ်ပဲ မှားသွားပြီလား..."



ချင်းကိုး ဆောက်တည်ရာမရ ဖြစ်လာလေတော့သည်။

အရာရာသည် သူ့အား ခြောက်လန့်နေသည်။

ပေ့ဟွာကိုလည်းကောင်း၊ စီးမင်းချူး ကိုလည်းကောင်း ရင်မဆိုင်ဝံ့တော့ပါ။

နောက်ဆုံးတွင်...

ချင်းကိုးသည် ဦးလေးလွှေကို သတိရလာလေသည်။

ဦးလေးလွှေက လောကကြီး တစ်ခုလုံးအား မေ့ပစ်နိုင်ရန် အရက်မူးအောင် သောက်နေရသည်ဟု သူ့အား ပြောဖူးသည်မဟုတ်ပါလား...။

အရက်...

အရက်ကြောင့် အမှားဖြစ်ခဲ့ရသည်ကို ချင်းကိုးမှာ မဆင်ခြင်နိုင်တော့ဘဲ အရက်ဆိုင် တစ်ဆိုင်သို့အရောက် ပြေးသွားမိလေတော့သည်။

အရက်မည်မျှ သောက်ခဲ့မိမှန်း ချင်းကိုး မသိတော့ပါ။

သူ၏တစ်ကိုယ်လုံး အရက်နံ့ တစ်ထောင်းထောင်း ထနေသည် ဘယ်နေ့ ဘယ်ရက်ရှိပြီ ဆိုသည်ကိုလည်း မသိနိုင်တော့ပါ။

ခေါင်းမထူနိုင်အောင် အရက်မူးနေသော်လည်း ငိုကြွေးနေသည့် ပေ့ဟွာ၏ ရုပ်သွင်က သူ၏ အာရုံထဲမှ ပျောက်မသွားပါချေ။

ထို့အပြင်...

စီးမင်းချူးက အရက်ဆိုင်သို့ လိုက်လာပြီး တွေ့ဆုံခဲ့သည်ကိုလည်း မှတ်မိနေသည်။

စီးမင်းချူး ပြောသွားသည့် စကားများကို သူ မှတ်မိနေသည်။

"ခင်ဗျား ဒီမြို့က ထွက်မသွားရဘူး၊ ထွက်သွားတာနဲ့ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို မှားယွင်းခဲ့တယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိသွား လိမ့်မယ်၊ ဒီအတောအတွင်း ခင်ဗျားရဲ့ သိုင်းကွက်တွေကိုလည်း ကျူပ်ကို ရေးပေးရမယ်၊ ဒါဟာ ခင်ဗျားရဲ့ ပေးဆပ်မှုပဲ..."

ထို့နောက် ဆက်၍ ပြောသည်။

"ခင်ဗျားဟာ ပထမတားဘွဲ့ကို စွန့်လွှတ်ပြီး အရက်သမား ဘဝကို ခံယူစလိုက်စမ်းပါ၊ ခုဆိုရင် ခင်ဗျားဟာ အရက်သမားကြီး လုံးလုံး ဖြစ်သွားပြီး အရှက်မရှိတဲ့ အရက်သမားကြီးပေါ့ဗျာ..."

ထိုစကားများကိုသာ မှတ်မိခဲ့သည်။

စီးမင်ချူးက ပေ့ဟွာ၏ ကိစ္စနှင့်ပတ်သက်ပြီး တောင်းဆို တစ်ခု ပြုလုပ်ခဲ့သည်။

ချင်းကိုးကလည်း မှားယွင်းမိသောအပြစ်ကို ကျေပါစေတော့ ဟု စီးမင်ချူး ကျေနပ်အောင် လိုက်လျောခဲ့ရသည်။

ည ည ည

အပြောင်းအလဲမှာ မြန်ဆန်လွန်းလှပေသည်။

ချင်းကိုးသည် မြေစိမ်းတောင်၌ နာမည်ကို ဆုံးရှုံးခဲ့ရသော သူရဲကောင်း ဖြစ်လာသည်။

သိုင်းလောက ပထမတားဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်း ခံရ မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင် သိုင်းသမား ယောက် ဖြစ်လာသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားရင်း အများ၏ ချီးကျူး ကို ခံခဲ့ရသည်။

ချင်းကိုးသည် အားလပ်သွားသည်နှင့် ဇာတိဖြစ်သော နိုင် မြို့သို့ ခေတ္တပြန်သွားခဲ့သည်။



ထို့နောက်ပိုင်းတွင်...

ချင်းကိုးသည် ပထမတားဘွဲ့ကို စွန့်လွှတ်ကာ သိုင်းလောက သို့ လုံးဝမပြန်တော့ဘဲ အရက်သမားကြီးအဖြစ် လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့လေတော့သည်။

❖ ❖ ❖

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

# အောက်တန်းအကျဆုံးလူ

နေဝန်းနီမှာ အနောက်ဘက်တွင် ကွယ်ပျောက်သွားပြီ ဖြစ်
သည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ထု လွှမ်းသွားသည်။

ကြယ်ရောင်လရောင် ထွက်ပေါ်မလာမီ နေဝင်ချိန် စ
မတ်ကူး ကာလကလေးသည် အလွန်မှောင်မိုက်သော အချိန်
ကလေးဟု ဆိုနိုင်ပါသည်။

ချင်းကိုးသည် အိမ်ရှေ့ကြမ်းပြင်ဝယ် ခြေဆင်းကာ ထိုင်နေ
မီးထွန်းမထားသဖြင့် တစ်အိမ်လုံး မှောင်နင့်မည်းမည်း
နေ၏။

အိမ်တံခါးမကြီးကို လည်းကောင်း ပြတင်းပေါက်များကို
ကောင်း ဟာလာ ဟင်းလင်း ဖွင့်ထား၏။ နေ့ဖြစ်စေ ညဖြ
သူက တံခါးပိတ်ဖို့ တစ်ခါမျှ မစဉ်း စားပါ။

အိမ်တံခါးပိတ်ခြင်း အိမ်ကို လုံခြုံအောင်လုပ်ခြင်းသည်
ဝှက်မည့် သူများ၏ အန္တရာယ်မှ ကာကွယ်ရန် ဖြစ်သည်ဟု ချ
က နားလည်ထားသည်။



သူ့အိမ်တွင် ခိုးဝှက်စရာ အပ်တိုတစ်ချောင်းပင် မရှိပါ။

ရှိလျှင်လည်း သူကိုယ်တိုင် အရင်ဆုံး၊ ပေါင်နှံရောင်းချပစ်
ိုက်မည်သာ ဖြစ်ပါသည်။

သူ့တွင် တန်ဖိုးရှိသည့် ပစ္စည်းဆို၍ ဘာတစ်ခုမှ မရှိတော့ပါ။

အိမ်နှင့်ခြံပင်လျှင် သူ မပိုင်တော့ပါ။

နေစရာမရှိ၍ အတင်းကပ်နေခြင်း ဖြစ်သည်။

သူ့ထံမှ ဝယ်ယူသူက ထွက်သွားဖို့ နှင်ထုတ်နေသည်မှာ
ငြိမ်ဖန်များပြီ ဖြစ်သည်။

ချင်းကိုးသည် ငြိမ်သက်စွာထိုင်ရင်း တောင်စဉ်ရေမရ တွေး
မိသည်။

မည်မျှ ကြာသွားမှန်းမသိ ခံတွင်းချဉ်လာပြီ။

"အေ့..."

ကြို့ထိုးလိုက်သည်။

ချဉ်စုပ်စုပ် စူးရှရှ အရက်နံ့ ထောင်းခနဲ ထွက်ပေါ်လာ၏။

အရက်နံ့သည် သူ၏ ခန္ဓာကိုယ်မှသာမက အဝတ်အစားများ
စွဲကပ်နေပါသည်။

သူ့ကို မမြင်ရမီ အရက်နံ့ကို အရင်ရလိမ့်မည် ဖြစ်လေသည်။

ကြို့ထိုးလိုက်ပြီးမှ အရက်သောက်လိုစိတ်က ခြင်းခြလာလေ
တော့သည်။

"အေ့...အေ့..."

အဆက်မပြတ် ကြို့ထိုးလိုက်ပြီး ရင်ထဲ အောင့်လာလေသည်။

အသက်ရှူ ကျပ်လာသည်။

ခေါင်းထဲ မူးနောက်နောက် ရီဝေဝေ ခြေတုန်လက်တုန်
လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ အားယူထကာ ထရပ်လိုက်သောအခါ ဒယီးဒယိုင်ဖြစ်သွားသည်။

လဲကျသွားတော့မည်ဖြစ်၍ အိမ်နံရံကို လက်ဖြင့် ထောက်ထားလိုက်ရလေသည်။

မူးသွားမှုဖြစ်တော့မည်။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် အိမ်ထဲမှ ထွက်လာခဲ့သည်။

အပြင်ဘက်၌ မှောင်မည်းနေ၏။

သူ၏ ဘဝသည်လည်း ပိန်းပိန်းပိတ်အောင် မှောင်မည်းနေပေတော့သည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီ ဖြစ်သည်။

အိမ်တိုင်းအိမ်းတိုင်းလိုလို မီးထွန်းညှိထားလိုက်ကြပြီ ဖြစ်သည်။

ချင်းကိုးသည်လည်း အနံ့ဆိုးကောင်းသော အမဲလိုက်ခွေးကောင်ကဲ့သို့ အရက်နံ့များ ကြိုင်လှိုင်နေသည့် အရက်ဆိုင်တစ်ဆိုင်ပေါက်သို့ ရောက်နေပြီ ဖြစ်လေသည်။

ယခင်က ဆိုင်ရှေ့တွင် လက်တစ်ဖက်ပြတ်နေသည့် ဒုက္ခိတစောင့်ကြပ်လေ့ရှိသည်။

အရက်မူးပြီး ခိုက်ရန်ဖြစ်ပွားလျှင်သော်လည်းကောင်း၊ အရှုံးသူများ အနှောင့်အယှက်ဖြစ်အောင် မူးရူးရမ်းကားလျှင်သော်လည်းကောင်း ဖျန်ဖြေရန်၊ ဖြေမရပါက ဆိုင်ထဲမှ ဆွဲထုတ်ပစ်ရန် ဆိုင်ရှင်က လူမိုက်ငှားထားခြင်း ဖြစ်သည်။

သို့သော်...

တမြန်နေ့က ဖြစ်ပွားခဲ့သော ရန်ပွဲတွင် ဒုက္ခိတသည် ဖျန်ဖြေခြင်း မပြုနိုင်ခဲ့သဖြင့် ဆိုင်ထဲမှ ပစ္စည်းပစ္စယများ ပျက်စီးဆုံးရှုံးရလေသည်။



ထို့ကြောင့်...

ဆိုရှင်သည် ဒုက္ခိတကို အလုပ်ထုတ်ပစ်လိုက်ပြီး နောက်ထပ်လူသစ်တစ်ယောက်ကို ငှားရမ်းထားလိုက်သည်။

ထိုလူသည် အလွန်သန်မာထွားကြိုင်းသော လူသန်ကြီး တစ်ယောက် ဖြစ်သည်။

ချင်းကိုးသည် အရက်ဆိုင်ရှေ့သို့ ရောက်လျှင် ခါတိုင်းမြင်နေကျ ဒုက္ခိအစား မျက်နှာခက်ထန် တင်းမာသော လူသန်ကြီးတစ်ယောက်ကို တွေ့လိုက်ရလျှင် ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားပါတော့သည်။

သူ၏ပုံသဏ္ဌာန်သည် အရောင်အဆင်း လွင့်ပြယ်နေသော အဝတ်အစားများကို ဖြစ်ကတတ်ဆန်း ဝတ်ဆင်ထားသလို ဆံပင်များရှုယောင်းယောင်းဖြစ်ကာ မျက်နှာကြီး ဖောသွပ်နီရဲနေသဖြင့် အရက်ခိုးထဲတွင် ကျွမ်းထိုးမှောက်ခုံ ကျနေသော အရက်သမားတစ်ယောက်ဖြစ်ကြောင်း အတိုင်းသား ပေါ်လွင်နေသည်။

အရက်မသောက်ရသဖြင့် ခြေတုန်လက်တုန်ပင် ဖြစ်နေသေးရာ၍ အကျည်းတန်နေသည်ဟု ဆိုရတော့မည် ဖြစ်သည်။

ချင်းကိုးသည် အရက်အား သောက်ချင်လွန်းသဖြင့် ခံတွင်းညှိနေသည်။

**သို့သော်...**

**ဆိုင်ရှေ့တွင် ရပ်နေသည့်** လူသန်ကြီးကြောင့် ရှေ့မတိုးဝံ့အောင် ဖြစ်သွားသည်။

လူသန်ကြီးကလည်း သူ့အား မျက်နှာထားတင်းတင်းနှင့်ကြည့်နေသည် မဟုတ်ပါလား။

ချင်းကိုး ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်နေ၍...

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်...မင်းဒီမှာ ဘာလုပ်နေတာလဲ"

လူသန်ကြီး၏ အော်ငေါက်သံသည် မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ချင်းကိုး လန့်ဖျပ်သွားသည်။

ထို့အတူ...

ကပျာကယာ နောက်ဆုတ်လိုက်မိသည်။

လူသန်ကြီးသည် ချင်းကိုးကိုကြည့်ကာ စိတ်ထဲမှာသဘောကျသွားလေသည်။

"အရက်သမား လူရှုပ်တစ်ယောက်ပဲ ဖြစ်သိမ့်မယ်၊ သိကြ သေးတာပေါ့"

သူသည် စိတ်ယဲမှ ကြုံးဝါးလိုက်သည်။

ချင်းကိုးကို စေ့စေ့ကြည့်ရင်း ငေါက်လိုက်သည်။

"ဟေ့ကောင်...ဆိုင်ရှေ့ကို ဘာလာလုပ်တာလဲလို့ ပြောလေကွာ၊ မေးနေတာကို မကြားဘူးလား"

ချင်းကိုးမှာ အရက်သောက်ရဖို့ ပိုခက်ကြောင်း တွေးမိလာလျှင် ပို၍ ခံတွင်းချဉ်လာသည်။

"ကျုပ်...ကျုပ်က ဟို...ဟို..."

စကားက အထစ်ထစ် အငေါ့ငေါ့နှင့် ဖြစ်နေပြီး ဘာဆက်ပြောရမှန်းပင် မသိတော့ချေ။

ထိုစဉ်...

လူသန်ကြီးက...

"ဟေ့ကောင်...မင်းက အရက်သောက်မလို့လား"

ဟု မေး၏။

ထို့ကြောင့်...



ချင်းကိုး ကပျာကယာ ခေါင်းညိတ်မိလိုက်လေသည်။

"ဟုတ်...ဟုတ်ပါတယ်ဗျာ"

ဟုလည်း ပြောလိုက်သည်။

"ဒါဖြင့် ဆိုင်ထဲဝင်လေ"

"ဗျာ..."

"မင်းက အရက်သောက်မလို့ လာခဲ့တာ မဟုတ်လား၊ ဆိုင်ထဲကိုဝင်လေ၊ ရိုးတိုးယားတော့ လုပ်မယ် မကြံနဲ့ သေသွားမယ်နော်၊ အေးအေးဆေးဆေး သောက်ပြီးတော့ အေးအေးဆေးဆေးပဲ ပြန်သွား ကြားရဲ့လား"

ဟု ပြောသည်။

"ဟုတ်...ဟုတ်ကဲ့ ကြားပါတယ်ဗျာ"

ချင်းကိုးသည် အကင်းပါးသူ ဖြစ်လေရာ လူသန်ကြီးသည် ဤကိစ္စတအစား အလုပ်ဝင်လာခဲ့သူ ဖြစ်ကြောင်းကို ရိပ်မိလိုက်သည်။

လူသန်ကြီးက ခွင့်ပြုလိုက်သော်လည်း ချင်းကိုးသည် ဆိုင်ထဲ ဝင်ဖို့ အခက်ကြုံနေသည်။

ခါတိုင်းဆိုလျှင် ဆိုင်ထဲဝင်ကာ အရက်သောက်နေကြသူများ၏ အယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးရင်း သူများတိုက်ကျွေးလိုက် သည့် အရက်ကို သောက်ရသဖြင့် ပိုက်ဆံမကုန်ချေ။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များကလည်း ချင်းကိုးကို သဘောကျ သည် မဟုတ်ပါ။

သို့သော်...

သူသည် ဘယ်တော့မှ ပြဿနာ မရှာသည့်အပြင် အရက် သမားများအပေါ်၌လည်း သည်းသည်းခံပြီး အရက်တစ်ခွက် နှစ်ခွက် သောက်ရလျှင် ကျေနပ်နေသဖြင့် ဘာမှ မပြောသာတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီးသည် ချင်းကိုးအကြောင်း သိဟန်မတူသေးချေ။

နောင့်ယှက်သူများကို ဆုံးမရမည်ဖြစ်သော်လည်း အရက်လာသောက်သူများကို ပျူပျူငှာငှာ ဖိတ်ခေါ်ရမည် ဖြစ်သည်။

သို့မှာသာ...

ဆိုင်ဖောက်သည် မပျက်ဘဲ ရောင်းကောင်းကာ အမြတ်ရမည် ဖြစ်ပါသည်။

လူသန်ကြီးသည် ယနေ့မှ အလုပ်ဝင်လာသူမို့ အသားမကျသေးကြောင်း ချင်းကိုး တွေးမိကာ ဝမ်းသာသွား၏။

ဆိုင်ထဲ ဝင်ခွင့်ရတော့မည် မဟုတ်ပါလား။

"ကျေးဇူးပါပဲဗျာ...ကျုပ်က အရက်သောက်ချင်နေပြီဗျ"

သူသည် စကားဆုံးသည်နှင့် လူသန်ကြီးနံဘေးမှ ဖြတ်ပြီး ဆိုင်ထဲ ဝင်လိုက်တော့သည်။

ဆိုင်ထဲ၌ လူစည်ကားနေသည်။

အရက်သမားအချင်းချင်း ဝိုင်းဖွဲ့ကာ အရက်သောက်နေကြလေသည်။

ချင်းကိုးသည် အရက်ဆိုင်ထဲ ရောက်သွားလေပြီ။

ဟိုဟိုဒီဒီ စေ့ကြည့်လိုက်ပြီး သူ့အား အရက်တိုက်မည့်သူအား ရှာဖွေလိုက်၏။

အရက်ဆိုင်ထဲ၌အရက်သောက်နေကြသူများသည်တစ်ယောက် မဟုတ် တစ်ယောက် သူ့အား အရက်တိုက်ဖူးကြသူများချည်း ဖြစ်ပေသည်။

အချို့ဆိုင်လျှင် သုံးလေးကြိမ်မက တိုက်ဖူးကြသူများ ဖြစ်သည်။

ယခင်က...



သူ့အား အရက်တိုက်မည့်သူများ ဝိုင်းဝိုင်းလည်နေခဲ့သည်။

အခြေအနေ အရပ်ရပ်ကား ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

ချင်းကိုးသည် တွေးတောရင်း ငေးငိုင်သွား၏။

ထိုစဉ်...

"ဟေ့...အရက်မရှိတဲ့လူ၊ ဘာလုပ်နေတာလဲ ဒီမှာ ငါ့ ခြေထောက်ကို လာနှိပ်စမ်း"

လူတစ်ယောက်က လက်ယပ်ခေါ်လိုက်သည်။

ထိုလူသည် ကုန်ပစ္စည်းများထမ်းသော အလုပ်ကြမ်းသမား တစ်ယောက် ဖြစ်သည်။

တစ်နေ့လုံး ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ကြရပြီး ညနေစောင်း အချိန်တွင် အရက်ဆိုင်သို့ လာရောက်ကာ သောက်စားတတ်ကြသူများ ဖြစ်ပေသည်။

ချင်းကိုးသည် အလုပ်ကြမ်းသမားတစ်ယောက်အား နှိပ်နင်းပေးရသည်အထိဝင် အဆင့်နိမ့်ကျလှပေတော့သည်။

မည်သို့ဆိုစေ ချင်းကိုးသည် သူ့အား အရက်တစ်ခွက်တိုက်လျှင် ဘာပဲ လုပ်ပေးရ ပေးရ ကျေနပ်သည်ပင်။

အရက်သမားများက သူ့အား 'အရက်မရှိတဲ့လူ' ဟု လှောင်ပြောင် ခေါ်သည်ကိုလည်း ကျေနပ်စွာပင် ခံယူခဲ့သည်။

ချင်းကိုးသည် အရက်တစ်ခွက် သောက်ရတော့မည့်အရေးကို တွေးမြင်လိုက်၏။

"လာပြီ...လာပြီ..."

အော်ပြောရင်း ခပ်သုတ်သုတ် လှမ်းသွားလိုက်၏။

"ဒီညတော့ ကျုပ်က အကောင်းဆုံးဖြစ်အောင် နှိပ်နယ်ပေးပါ့မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ အလုပ်ကြမ်းသမား၏ ခြေရင်းတွင်ထိုင်ချပြီး ထိုလူ၏ ခြေထောက်အား လက်နှစ်ဖက်ဖြင့် အကျအန နှိပ်နယ်ပေးလေတော့သည်။

အလုပ်ကြမ်းသမားသည် အရက်သောက်ရင်း အပေါင်းအသင်းများနှင့် ရယ်မောပြောဆိုရင်း ချင်းကိုး၏ နှိပ်နယ်ပေးမှုကိုခံကာ မိန်ကျနေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန် သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက်တောက်ပနေကြသည်။

ညဉ့်နက်ပြီ ဖြစ်သည်။

လမ်းများပေါ်၌ လူများရှင်းသွား၏။

ဈေးဆိုင်အတော်များများသည် ပိတ်သွားကြလေပြီ။

တစ်နေ့တာ လှုပ်ရှားသွားလာ လုပ်ကိုင်ကြပြီးနောက် တစ်ညတာ အိပ်စက်အနားယူကြတော့မည် ဖြစ်သည်။

အရက်ဆိုင်လေး၌ လူရှင်းသွားသည်။

ဆိုင်လုလင်များနှင့်အတူ ချင်းကိုး ဆိုင်ကူသိမ်းပေးလိုက်၏။

ယနေ့အဖို့ အရက်လေးငါးခွက်သာ သောက်ရသည့်အတွက် မတင်းတိမ်နိုင်ဘဲ ဖြစ်နေသည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များ ကျေနပ်အောင် လုပ်ကိုင်ပေးနေခြင်းသည် အရက်အနည်းငယ် ရကောင်းရမည်ဟု မျှော်လင့်ထားခြင်းကြောင့် ဖြစ်နေသည်။

နောက်ဆုံးတွင်...

"ဟော့...အရက်မရှိတဲ့လူ ဘာမှ လုပ်စရာ မရှိတော့ဘူးကွ။ မင်း အရက်သောက်ချင်ရင် အရက်တစ်တစ်အိုးယူပြီး ပြန်ပေတော့"



ဆိုင်ရှင်က လှမ်းပြောလိုက်လေသည်။

ချင်းကိုး ဝမ်းသာသွား၏။

"ကျေးဇူးပါပဲ...ကျေးဇူးပါပဲ...ကျေးဇူးပါပဲ"

ကြေးပြားနှစ်ပြားတန် အပေါစားအရက်တစ်အိုး သောက်ရမည်ဆိုပါက ယနေ့ညအဖို့ ကောင်းစွာ အိပ်ပျော်နိုင်လိမ့်မည် ဖြစ်ပါသည်။

ချင်းကိုးသည် အရက်အိုးကိုပိုက်ကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ဆိုင်တံခါးဝသို့ရောက်လျှင်...

"နေစမ်းပါဦးကွ"

လူသန်ကြီးက ဟန့်တားလာတော့၏။

ချင်းကိုး ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

လူသန်ကြီးကို ကြည့်လိုက်ပြီး ပြန်မေးလိုက်လေ၏။

"ဟဲ...ဟဲ...နောင်ကြီး ဘာများပြောချင်လို့လဲဗျာ"

လူသန်ကြီး မကျေမနပ် ဖြစ်နေသည်။

သူက မေးလိုက်သည်။

"မင်းက ငါ့ကို လှည့်စားသွားတာပေါ့ ဟုတ်လား"

"ဗျာ..."

"ပြောစမ်းပါဦး...မင်းက ငါ့ကို လှည့်စားသွားတာ မဟုတ်လားကွ"

"ဟာ...ကျုပ်က ဘယ်မှာ လှည့်စားလို့လဲဗျ"

လူသန်ကြီးက...

"မင်း...မသိချင်ယောင် ဆောင်မနေနဲ့ တိတ်စမ်း"

"ဗျာ..."

ချင်းကိုးက မျက်လုံးပြူး၍ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

လူသန်ကြီးက ငေါက်ငန်းလိုက်သည်။

"မင်းက အရက်သောက်မယ့်လူလိုလို ဘာလိုလိုနဲ့ ငါ့ကို တစ်ပတ်ရိုက်ပြီး ဆိုင်ထဲဝင်သွားတာပေါ့ ဟုတ်လား"

ချင်းကိုးက...

"ဒီဆိုင်မှာ ကျုပ်က နေ့တိုင်း ကူလုပ်ပေးပြီး အရက်တောင်းသောက်နေကြပါဗျာ၊ ဆိုင်ရှင်က မဆူပါဘူး၊ ကျုပ် လုပ်ပေးတာကို သဘောကျလို့တောင် အရက်တစ်အိုး ပေးလိုက်သေးတယ်"

ပြောပြောဆိုဆို ပိုက်ထားသော အရက်အိုးကို မော့ပြလိုက်လေသည်။

လူသန်ကြီး ပို၍ဒေါပွသွားသည်ကို သူ မသိလိုက်ပါချေ။

"သြော်...မင်းက အရက်တစ်အိုး ရလာလို့ ပျော်နေတယ်ပေါ့ ဟုတ်လား...ကောင်းပြီ"

ပြောပြောဆိုဆို ခြေနှစ်ဖက်ကို ကားယားခွကာ ရပ်လိုက်ပြီးလျှင်...

"မင်းက ဝင်သွားပြီးပြီ၊ ထွက်သွားချင်တယ်ဆိုရင်တော့ ငါ့ပေါင်ကြားက ထွက်သွားမှရမယ်၊ ဒါမှမဟုတ်ရင်တော့ လက်သီးကို ကြည့်ထား..."

ဟု လက်သီးဆုပ်ကြီးကို ထောင်ပြကာ ကြုံးဝါးလိုက်သည်။

ချင်းကိုး ထိတ်လန့်သွားသည်။

"ဟာ...ဒီလိုတော့ မလုပ်ပါနဲ့ဗျာ"

"မလိုချင်ဘူး...မင်း သွားမလား မသွားဘူးလားကွ"

"ကျုပ်..."

လူသန်ကြီးက ခြိမ်းခြောက်လေ၏။



"ငါက အရက်အိုးကို အရင်ထိုးခွဲလိုက်မယ်၊ ပြီးရင် မင်းရဲ့ ဦးခေါင်းကို ထိုးခွဲပစ်လိုက်မယ်ကွ"

ချင်းကိုးက မေးလိုက်မိသည်။

"ခင်ဗျား တကယ်လုပ်မှာလား"

လူသန်ကြီးက...

"ဘာကွ...မင်းက အသားနာမှ မှတ်မယ်ပေါ့လေ ကောင်းပြီ"

ပြောပြောဆိုဆို လက်သီးဖြင့် လှမ်းထိုးဖို့ ဟန်ပြင်လိုက်လေသည်။

ချင်းကိုးက...

"မ...မလုပ်ပါနဲ့ဗျာ"

ကမျာကယာ တောင်းပန်လိုက်၏။

လူသန်ကြီးက သူ့ကို ဂရုမစိုက်ဘဲ လက်သီးဖြင့်ထိုးရန် ရှေ့တိုးလာလေရာ သူ ဒူးထောက်ချလိုက်ရလေတော့သည်။

ချင်းကိုးက နွမ်းနယ်စွာ ပြောလေ၏။

"ခင်ဗျား ခိုင်းသလို လုပ်ပါ့မယ်ဗျာ"

လူသန်ကြီး ခြေလှမ်းရပ်သွားသည်။

ချင်းကိုးကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း မေးလိုက်လေ၏။

"မင်း တကယ်ပြောတာနော်"

ချင်းကိုးက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏။

"တ...တကယ်ပါဗျာ"

လူသန်ကြီးက...

"ကောင်းပြီ"

ဟု ပြောကာ ပေါင်ကိုကားပြီး ခြေနှစ်ဖက်ချဲ့ကားကာ ရပ်လိုက်လေသည်။

www.burmeseclassic.com



ချင်းကိုးက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ လူသန်ကြီး၏ ပေါင်ကြားမှ တိုးဝင်လိုက်ပြီး တစ်ဖက်သို့ ထွက်လိုက်၏။

"ဟား...ဟား...ဟား"

လူသန်ကြီးသည် ချင်းကိုးအား ချိုးနှိမ်လိုက်ရသဖြင့် သဘောအကျကြီးကျကာ ရယ်မောလိုက်မိလေ၏။

ချင်းကိုးကား လူသန်ကြီး နောက်ကျောဘက်သို့ ထွက်မိလျှင် ကပျာကယာ အရပ်လိုက်ပြီး တစ်ချိုးတည်း ပြေးထွက်သွားလေတော့သည်။

လူတစ်ယောက်သည် သေသောက်ကြူးလာသောအခါ အရှက်အကြောက်ကင်းမဲ့ကာ သူရူးတစ်ယောက်သဖွယ် ဖြစ်လာတတ်လေတော့သည်။

❖ ❖ ❖

အခန်း(၂၂)

# တောင်ပိုင်းရာဇာ

ကောင်းကင်တစ်ခုလုံး ပြာလွင်လွင်အရောင် သန်းနေသည်။ တိမ်ဖြူများ လေနှင့်အတူ လွင့်မျောနေသည်။

ငှက်များ ဇင်ရော်များသည် အသံတစာစာပေးကာ ပျံသန်းနေကြလေသည်။

လှိုင်းတွန့်လေးများ ထနေသော ပင်လယ်ပြင်ကြီးသည်လည်း ...က်စီတစ်ဆုံး ရှိနေပါသည်။

"လင်းလင်း"သည် ကုန်းကမူကလေးထက်မှ ပင်လယ်ပြင်ကြီးသို့ လှမ်းမျှော်ကြည့်နေမိသည်။ ပင်လင်ကမ်းခြေ ရှုမျှော်ခင်းသည် ...လှန်သာယာလှပ နေလေသည်။

လင်းလင်းသည် နေ့စဉ်နေ့တိုင်း တွေ့မြင်နေရသော ရှုမျှော်ခင်း ...သော်လည်း မရိုးမအီနိုင် ကြည့်မဝနိုင်အောင် ဖြစ်နေသည်။

သူမသည် ဤတောင်ပိုင်းတွင် မွေးဖွားခဲ့သည်။ ကြီးပြင်း...ယ် ရောက်ခဲ့ရသည်။ မဟုတ်ပါလား။

မွေးရပ်ဌာနီ တောင်ပိုင်းတွင် အသက်ထက်ဆုံး ပျော်ရွှင်စွာ ...ထိုင်သွားရန် ဆုံးဖြတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းသည် မည်မျှကြာအောင် ငေးမောကြည့်နေမိမှန်း မသိ။

"သခင်မလေး...သခင်မလေး..."

ခေါ်သံက တကြော်ကြော် ထွက်ပေါ်လာတော့မှ သတိဝင်လာလေသည်။

လင်းလင်း လှည့်ကြည့် လိုက်သောအခါ မိန်းကလေး တစ်ယောက်သည် သူမထံသို့ ဦးတည်ကာ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

"ဩော်...ပိရှဲ..."

လင်းလင်း တီးတိုးရေရွတ်လိုက်သည်။

ပိရှဲသည် သူမ၏ အခြွေအရံ မလေးတစ်ယောက် ဖြစ်သည်။

သူမသည် ဝေယျာဝစ္စမှန်သမျှကို ပြုလုပ်ပေးရသူလေးလည်း ဖြစ်ပါသည်။

တောင်ပိုင်းရာဇာ၏ စံအိမ်တွင် ပိရှဲကဲ့သို့ ရံရွေသောမိန်းကလေးများ အများအပြား ရှိပါသည်။

သို့သော်...

လင်းလင်းသည် ပိရှဲကိုချစ်ခင်ပြီး အတွယ်တာဆုံး ဖြစ်သည်။

"ပိရှဲ...ငါဒီမှာဟေ့..."

လင်းလင်းက လက်ဈေ့ယမ်းပြကာ ပြောလိုက်သည်။

ပိရှဲသည် ခုန်ပေါက်ပြေးလွှားလာရင်း လင်းလင်း အနီး ရောက်ရှိလာသည်။

သူမသည် အမောပင် မပြေနိုင်သေးဘဲ ပြောလိုရာ ပြောချလိုက်လေသည်။



"သခင်မလေး...သခင်လေးစိန့်ကျောင်း ရောက်လာပါတယ်"

လင်းလင်း မျက်နှာ ပြုံးရွှင်သွားသည်။

"အစ်ကိုလေးစိန့်ကျောင်း ရောက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်...သခင်မလေးအတွက် လက်ဆောင်ပစ္စည်း တွေလည်း ပါတယ်"

လင်းလင်းက...

"အေးဟယ်...ဝမ်းသာလိုက်တာ၊ ကဲ...လာ၊ ဆို့သွားကြ အောင်"

"ဟုတ်ကဲ့...သခင်မလေး"

သူတို့နှစ်ယောက်သည် တောင်ပိုင်း ပင်လယ်ကမ်းခြေသို့ ချာခိုင်းကာ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

တောင်ကုန်း တောင်ကမူလေးများကို ဖြတ်ကာ တောအုပ် စခုသို့ ရောက်သွား၏။

တောအုပ်ထဲ၌ ရောင်စုံပန်းများ ဖူးပွင့်နေသည့် ပန်းခင်းလေး စခုရှိသည်။

လင်းလင်းနှင့် ပိရှဲတို့သည် ပန်းခင်းကို ဖြတ်ကျော်ကာ ဆက်လျှောက်လာကြလျှင် ပန်းခင်းတစ်ဖက်မှ လှူသွားလမ်းဟောင်း စခုသို့ ရောက်သွားကြ၏။

လှူသွားလမ်းလေးအတိုင်း လျှောက်သွားကြရာ တစ်အောင့်မျှ သောအခါ အရှေ့ဘက်တွင်ရှိသော ခမ်းနားထည်ဝါလှသော ဆောက်အဦးတစ်ခုသို့ ရောက်လာကြလေ၏။

ထိုအဆောက်အဦးမှာ ပန်းခြံတစ်ခုအတွင်း တည်ရှိပါသည်။

ပန်းခြံထဲ၌...

ပန်းရှုံးနေသော မိန်းကလေးများ၊ တံမြက်စည်း လှည်းနေ

www.burmeseclassic.com



ကျင်းနေသူများ ပေါင်းသင်မြေဆွနေသူများ စသည်စသည်
ပေယျာဝစ္စများ လုပ်ကိုင်နေသူများကို တွေ့ရသည်။

ထိုလူများသည် လင်းလင်းကို တွေ့မြင်လျှင် လုပ်လက်
အလုပ်များကို ရပ်ထားကာ ဦးညွှတ်အရိုအသေ ပြုကြ၏။

လင်းလင်းသည် တောင်ပိုင်းရာဇာ၏ တစ်ဦးတည်းသော
တောင်းပိုင်းသခင်မလေး ဖြစ်ပါသည်။

လင်းလင်းနှင့် ပိရှဲတို့ ရှေ့ဆက်လျှောက်လာခဲ့ရာ အဆော
အဦးရှေ့သို့ ရောက်သွား၏။

အဆောက်အဦးအဝင် တံခါးမကြီးအနီးတွင် အဝါရောင် ဝတ်
ဆင်ထားသော အစောင့်အကြပ်များ စောင့်ကြပ်နေကြပါသည်။

လင်းလင်းကိုမြင်လျှင် ကပျာကယာ ဦးညွှတ် လမ်းဖယ်ပေး
ကြ၏။

လင်းလင်းနှင့် ပိရှဲတို့ အဆောက်အဦးအတွင်းသို့ လှမ်း
လိုက်ကြသည်။

အဆောက်အဦးအတွင်းရှိ ဧည့်ခန်းမဆောင်ကြီးမှာ ကြီး
ခမ်းနားလှပါသည်။

ဧည့်ခန်းမကြီး၏ တစ်ဖက်တွင် အဆောင်ဆောင် အခန်း
ဖွဲ့စည်းဆောက်လုပ်ထားသည်။

ဧည့်ခန်းမဆောင်အတွင်း၌ အဖိုးတန်အကောင်းစား ပရိဘော
များ ခင်းကျင်းထားသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူငယ်တစ်ယော
သည် ထိုင်ခုံတစ်လုံး၌ ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကို မြင်မြင်ချင်း လင်းလင်းက ခေါ်လိုက်၏။

"အစ်ကို စိန့်ကျောင်း"



လူငယ်သည် လင်းလင်းကို တွေ့သောအခါ ချက်ချင်းထိုင်ရာမှ
ရပ်လာပါသည်။

သူက ပြောလိုက်သည်။

"ညီမက ပင်လယ်ကမ်းစပ်ကို သွားနေတာကိုး...အစ်ကို
က်လာဦးမလို့ပဲ"

လင်းလင်းက...

"ဟုတ်တယ် အစ်ကို...တောင်ပိုင်းပင်လယ်ကြီးရဲ့ သာယာ
ပတဲ့ပုံကို သွားကြည့်နေတာပါ"

"ဖြစ်ရလေ ညီမရယ်...ကျုပ်တို့က ပင်လယ်ကြီး ပိုင်းရဲ့အား
တောင်ပိုင်းဒေသမှာ မွေးခဲ့ကြတာ မဟုတ်လား၊ ပင်လယ်ပြင်
းဟာ ရိုးအီမနေဘူးလား၊ အစ်ကိုကတော့ ပျင်းစရာကောင်းလှတဲ့
င်ကွင်းတွေလို့ပဲ ထင်နေတယ်"

စိန့်ကျောင်း၏ စကားကြောင့် လင်းလင်း မျက်နှာလေးပျက်
းလေ၏။

"ဒီလိုမပြောပါနဲ့ အစ်ကိုရယ်...ပင်လယ်ပြင်ကြီးကို ကျွန်မ
တယ်၊ ပင်လယ်ပြင်ကြီးကို ကျွန်မတို့ရဲ့ ဘဝပဲ"

စိန့်ကျောင်းက ပြောလိုက်လေ။

"ညီမ မကြိုက်ရင် မပြောတော့ပါဘူးလေ၊ ဒါထက် အစ်ကို
ရဲ့ မင်္ဂလာကိစ္စကို ဘယ်တော့စီစဉ်ကြမလဲဟင်...အစ်ကိုတော့
ကြာ မစောင့်ချင်တော့ဘူး"

ထိုအခါ...

လင်းလင်း၏ မျက်နှာလေး ပြန်လည်၍ ကြည်ကြည်လင်လင်
လာသည်။

"အစ်ကိုရယ်...ခုတလော မေမေလည်းသိပ်ပြီး ကျန်းမာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလေ၊ ဖေဖေ နေကောင်းသွားအောင် စောင့်ပြီးမှ စီ ကြတာ မကောင်းဘူးလား"

စိန့်ကျောင်းက မေးလိုက်သည်။

သူက ဆန္ဒစောနေသည်။

"ညီမ…ဦးလေးလင်းက ဘာများ ဖြစ်နေလို့လဲဟင်၊ တစ်လောက အစ်ကိုလာတုန်းကတော့ ကျန်းကျန်းမာမာ ဖြစ်နေ ပဲ မဟုတ်လား"

"ဖေဖေက အသက်ကြီးလာပြီဆိုတော့ လူကြီးနာလို့ ဆို ပေါ့ အစ်ကိုရယ်… ဖေဖေ့ကို အပြစ်မတင်နဲ့ဦးနော်"

"ဟာ…မဟုတ်တာ ညီမရယ်၊ အစ်ကိုက ဦးလေးလင် လေးစားပါတယ်၊ အပြစ်မတင် ရက်ပါဘူးကွယ်"

ဦးလေးလင်း(ဝါ) လင်းချန်းစိမ်းသည် တောင်ပိုင်းစံအိမ်ပိုင် ဖြစ်သည်။

တောင်ပိုင်းပင်လယ်တွင် ကျွန်းကြီးကျွန်းငယ် တစ်ရာကျေ ရှိလေသည်။

တောင်ပိုင်းဒေသ၌ မှီတင်းနေထိုင်သူအားလုံးသည် တောင် ပင်လယ်ပိုင်ရှင် လင်ချန်းစိမ်းနှင့် ရဟတ်ရဲတိုက်မှ စန့်ရှိတို့ကို ရို လေးစားကြသည်။

တောင်ပိုင်း ပယ်လယ်တွင် လင်ချန်စိမ်းနှင့် စန့်ရှိတို့ ညြဖ အရှိန်အဝါ အကြီးမားဆုံး ဖြစ်ကြပါသည်။

လင်ချန်းစိမ်းနှင့် စန့်ရှိတို့သည် ခင်မင်ရင်းနှီးသော မိတ် များလည်း ဖြစ်ကြပေသည်။

သူတို့သည် သားသမီးများ ဖြစ်ကြသော စိန့်ကျော လင်းလင်းတို့အား လက်ထပ်ပေးရန် သဘောတူထားကြသည်



လင်းလင်းနှင့် စိန့်ကျောင်းတို့သည် ငယ်စဉ်ကလေးဘဝ ကတည်းက ကစားဖော် ကစားဖက်များ ဖြစ်ကြသလို အတူနေထိုင် ကြီးပြင်း လာခဲ့သည်ဟု ဆိုနိုင်သည်။

တစ်ယောက်ကို တစ်ယောက် သံယောဇဉ် တွယ်တာခဲ့ကြပြီး ကြာမီ လက်ထပ်ကြတော့မည် ဖြစ်ပါသည်။

သူတို့၏ လက်ထပ်မည့်အရေးမှာ လင်းလင်း၏ဖခင် ကျန်းမာ ရေးမကောင်းသဖြင့် အချိန်ဆန့်ထားခြင်း ဖြစ်သည်။

လင်းလင်းက မေးလိုက်လေ၏။

"အစ်ကို…အခု အလည်သက်သက်ပဲလားဟင်"

စိန့်ကျောင်းက…

"ပြောမှပြောရက်လိုက်တာ ညီမရယ်…အစ်ကိုက ညီမကို တွေ့ချင်လို့ ဟိုအဝေးကြီးကနေ တကူးတက လာခဲ့ရတာပါ"

ရဟတ်ရဲတိုက်သည် လင်းလင်းတို့နေထိုင်သည့် တောင်ပိုင်း ကျွန်းနှင့် အလှမ်းကွာဝေးသော နေရာ၌ ရှိလေသည်။

ရဟတ်ရဲတိုက်မှနေပြီး လင်းလင်းတို့ထံ လှေတစ်တန် ကုန်း တစ်တန် လာရသည်။

စိန့်ကျောင်းသည် လင်းလင်းကိုတွေ့ဖို့ သုံးလေးလတစ်ကြိမ် ရောက်လာတတ်သည်။

လင်းလင်း ပြုံးလိုက်သည်။

"သမားတော်ကြီးတွေကတော့ သုံးလေးလလောက် အနားယူ လိုက်ရင် ဖေဖေရဲ့ ကျန်းမာရေး ကောင်းသွားမယ်လို့ ပြောပါတယ်၊ အဲဒီတော့မှပဲ ညီမတို့ကိစ္စကို ပြောကြတာပေါ့နော်"

လင်းလင်းက ပြောလိုက်သည်။

စိန့်ကျောင်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီလေ...ညီမနဲ့ပတ်သက်လာရင် အစ်ကိုက အမြဲတမ်း အလျှော့ပေးနေကျပဲ မဟုတ်လား"

"ဩော်...အစ်ကိုရယ်..."

စိန့်ကျောင်းက...

"ညီမအတွက် လက်ဆောင်တွေ ပါလာတယ်၊ ပိရှုကို ပေးထားတယ်"

"အို...ဘာတွေများ ယူလာတာလဲ အစ်ကိုရယ်...အားနာစရာကြီး"

စိန့်ကျောင်းက လင်းလင်းကို ထပ်ပြီး ပြောလိုက်သည်။

"ညီမ...နောက်သုံးလကြာတဲ့အခါ အစ်ကို လာခဲ့ပါ့မယ်။ အဲဒီ အချိန်ရောက်ရင် အစ်ကို စိတ်ချမ်းသာ ပါရစေကွယ်"

လင်းလင်းက...

"စိတ်ချပါ အစ်ကိုရယ်"

သူမ၏ မျက်နှာလေး ရှက်သွေးဖြန်းသွားသည်။

ချက်ချင်း ခေါင်းငုံ့ထားလိုက်သည်။

စိန့်ကျောင်းက လင်းလင်း လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ပြီးလျှင် ပြောလိုက်လေ၏။

"ညီမ...အစ်ကိုတို့နှစ်ယောက် လက်ထပ်ပြီးရင် လျှောက်လည်ကြမယ်၊ ပြည်မကို သွားကြမယ်နော်"

လင်းလင်း ခေါင်းမော့လာသည်။

စိန့်ကျောင်းကို ကြည့်လိုက်သည်။

စိန့်ကျောင်းက သူမအား ရွှန်းရွှန်းစားစား ကြည့်နေပါသည်။

လင်းလင်း ပင့်သက်ရှိုက်လိုက်သည်။

သူမသည် ဇာတိရပ်ရွာမှခွဲ၍ ဘယ်ကိုမှ မသွားလိုချေ။



သို့သော်...

စိန့်ကျောင်းသည် ပြည်မကို အလည်သွားလိုသူ ဖြစ်သည်။

ပြည်မသည် သာယာလှပသည်။

ပျော်စရာကောင်းသည်ဟု သတင်းကြီးနေပါသည်။

ထို့ကြောင့် သူမအား ပြည်မသို့လိုက်ခဲ့ဖို့ ခေါ်နေခြင်း ဖြစ်၏။

လက်ထပ်ပြီးနောက် ပြည်မသို့ ပျားရည်ဆမ်းခရီး ထွက်ရမှ ပြည့်စုံလိမ့်မည်ဟု ယူဆထားသူလည်း ဖြစ်သည်။

လင်းလင်းသည် စိန့်ကျောင်း၏ တက်ကြွနေသော စိတ်ကို တားဆီးခြင်း မပြုလိုချေ။

"အစ်ကို့ သဘောပဲလေ..."

စိန့်ကျောင်း ကျေနပ်သွားလေတော့သည်။

"ဝမ်းသာလိုက်တာ ညီမရယ်"

ဟု လှိုက်လှိုက် လှဲလှဲ ပြောလိုက်၏။

လင်းလင်းသည် စိန့်ကျောင်းနှင့် လက်ထပ်ပြီး ဘဝခရီးကို လျှောက်လှမ်းရမည်မှာ ပျော်စရာကောင်းမည်ဟု ယုံကြည်ထား၏။

မှန်ပေသည်။

သူတို့၏ဘဝသည် အပူအပင်မရှိဘဲ သာယာပျော်ရွှင်ဖွယ် ကောင်းလှသည့် ပြည့်စုံသောဘဝမျိုး ဖြစ်ပေတော့သည်။

စိန့်ကျောင်းသည် လင်ချုန်းစိမ်ကို သွားရောက် ဂါရဝပြုပြီး ပြန်သွားသည်။

လင်ချုန်းစိမ်းသည် ကုလားထိုင်တစ်လုံးပေါ်တွင် သက်သောင့် သက်သာ ထိုင်နေသည်။

ပြတင်းပေါက် ဖွင့်ထားသည် ဖြစ်ရာ ပန်းရနံ့ သယ်ဆောင်လာသည့် လေပြည်လေညှင်း ဝေ့ယမ်းတိုက်ခတ် ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည် ဖြာကျနေသဖြင့် အခန်းတွင်း၌ လင်းလင်းကျင်းကျင်း ဖြစ်နေသည်။

လင်းချမ်းစိမ်းသည် အသက်ခြောက်ဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။

တောင်ပိုင်းပင်လယ်တွင် သူတို့မျိုးရိုးစဉ်ဆက် နေထိုင်ခဲ့ကြ၏။

ဩစတေးလျ(?)အရှိန်အဝါ ကြီးမားခဲ့ကြသည်။

ထို့ကြောင့်...

နောင်တစ်ချိန်တွင် သူ၏ အရိုက်အရာကို ဆက်ခံနိုင်မည့် သားယောက်ျားလေးတစ်ယောက် လိုချင်ခဲ့သည်။

သို့သော်...

သူ၏ဇနီးသည်သည် သမီးလေးတစ်ယောက်ကို မွေးဖွားခဲ့ပြီး သေဆုံးသွားခဲ့သည်။

လင်ချမ်းစိမ်းအတွက် သားလိုချင်ပါမှ သမီးရသည့်အဖြစ်ပင်။

မည်သို့ဆိုစေ...

မိတ်ဆိုး သမီးလေးအပေါ် သံယောဇဉ် ပိုခဲ့ရပြန်ပါသည်။

အရိပ် တကြည့်ကြည့်ဖြင့် ယုယခဲ့သည်။

ယခုဆိုလျှင်...

လင်းလင်းသည် အရွယ်ရောက် ကြီးပြင်းလာခဲ့ပြီ ဖြစ်သည်။

ထို့အတူ...

သူလည်း အိုမင်းရင့်ရော်လာပြီ ဖြစ်လေသည်။

ပြတင်းပေါက်မှတစ်ဆင့် ကျူးကျော်ဝင်ရောက်လာသော လေပြည်နှင့်အတူ ရွက်ကြွေခြောက်လေးတစ်ရွက် ဝေ့ကာဝဲလာပြီး လင်းချမ်းစိမ်း၏ ခြေရင်းသို့တိုင် ရောက်ရှိလာသည်။

လင်းချမ်းစိမ်းက သစ်ရွက်ခြောက်လေးကို ကောက်ယူလိုက်ပြီး သေသေချာချာ ကြည့်လိုက်၏။



ထိုသစ်ရွက်ခြောက်လေးသည် တစ်ချိန်က စိုပြည်စိမ်းလန်းခဲ့မည် ဖြစ်သော်လည်း ယခုတော့ ရင့်ရော်နေပြီ ဖြစ်သည်။

သစ်ရွက်ခြောက်လေးသည် တစ်ချိန်က စိုပြည်စိမ်းလန်းခဲ့မည် ဖြစ်သော်လည်း ယခုတော့ ရင့်ရော်နေပြီ ဖြစ်သည်။

သစ်ရွက်ခြောက်ကလေးကိုကြည့်ရင်း လင်ချမ်းစိမ်း သံဝေဂရလာ၏။

"တစ်နေ့ ငါလည်း လူ့လောကကြီးကျော်ခိုင်း(?)စွန့်ခွာသွားရမှာပဲ၊ ငါမသေခင် လုပ်စရာရှိတာတွေ ပြီးပြတ်အောင် လုပ်သွားမှပဲ"

သူသည် တွေးနေမိသည်။

ထိုစဉ်...

ညင်သာပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာပြီး အခန်းတွင်းသို့ လင်းလင်း ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

"ဩော်...သမီး"

လင်ချမ်းစိမ်း ရေရွတ်လိုက်သည်။

လင်းလင်းက အနီးသို့လှမ်းလာပြီး မေးသည်။

"ဖေဖေ...သမီးကို ဘာပြောမလို့လဲဟင်၊ သမီး ဘာလုပ်ပေးရမလဲ"

ထိုအခါ...

လင်ချမ်းစိမ်းက မေးလိုက်သည်။

"သမီး...စိန့်ကျောင်း ပြန်သွားပြီလား"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့...ပြန်သွားပါပြီ ဖေဖေ"

လင်ချမ်းစိမ်းက...

"စိန့်ကျောင်းဟာ လူကောင်းတစ်ယောက်ပါ သမီးရယ်၊ သမီး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် သံယောဇဉ်ရှိသလို အနစ်နာလည်း ခံတယ်ဆိုတာ ဖေဖေ မြင်တယ်"

လင်ချမ်းစိမ်းက ထပ်ပြောလိုက်ပြန်သည်။

"သမီးရဲ့ ဘဝတစ်လျှောက် အတူလက်တွဲသွားရမယ်ဆိုတော့ သမီးအနေနဲ့ . . . "

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

လင်းလင်းကို စိုက်ကြည့်လိုက်၏။

လင်းလင်းက ပြောလိုက်သည်။

"သမီးကို စိတ်ချမ်းသာအောင် သူက ထားမယ်လို့ သမီး ယုံကြည်ပါတယ် ဖေဖေ"

လင်ချမ်းစိမ်း ပြုံးလိုက်သည်။

လင်းလင်းနှင့် စိန့်ကျောင်းကို သူက သဘောတူပါသည်။

စိန့်ကျောင်းဖခင် စန့်ရိသည် သူ၏ အရင်းနှီးဆုံး မိတ်ဆွေ ဖြစ်ပါသည်။

သူနှင့် စိန့်ရိတို့သည် အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို စိုးမိုး ထားခဲ့သူများ ဖြစ်လေသည်။

သူတို့နှစ်ယောက် ခမည်းခမက် တော်လိုက်ခြင်းဖြင့် တောင်ပိုင်း ပင်လယ်တစ်ခုလုံးတွင် သူတို့၏ ဩဇာ အရှိန်အဝါများ လုံးဝလွှမ်းမိုး သွားမည် ဖြစ်သည်။

နောင်တွင် . . .

လင်းလင်းနှင့် စိန့်ကျောင်းတို့မှ မွေးဖွားလာမည့် မျိုးဆက် များသည် တောင်ပိုင်းဒေသတစ်ခုလုံး၏ အရှင်သခင်များ ဖြစ်လာ ကြမည်သာတည်း။

ဩဇာအရှိန်အဝါ ပို၍ ကြီးမားလာမည် ဖြစ်သည်။



သူက အမြော်အမြင်ကြီးစွာဖြင့် လင်းလင်းနှင့် စိန့်ကျောင်းကို လက်ထပ်ပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

လူငယ်ချင်းလည်း သံယောဇဉ် ရှိနေကြသဖြင့် အားလုံး အဆင် ပြေသွားသည်ဟု ဆိုနိုင်ပေတော့သည်။

လင်ချမ်းစိမ်းက ပြောလိုက်လေ၏။

"သမီး . . . သမီးကို ဖေဖေ ပြောစရာရှိတယ်"

လင်းလင်း ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ . . . ပြောပါဖေဖေ"

လင်ချမ်းစိမ်း၏ မျက်နှာသည် တည်ကြည်လေးနက် လာသည့် အသွင် ပေါ်လာသည်။

"သမီး . . . ဖေဖေမှာ အစစအရာရာ စိတ်အေးရပြီထင်ရပေမယ့် တကယ်တော့ စိတ်ပူစရာ ကိစ္စတစ်ခု ရှိသေးတယ်ကွယ် "

လင်းလင်း အံ့ဩသွားသည်။

"စိတ်ပူစရာ ရှိသေးတယ် ဟုတ်လား ဖေဖေ"

"ဟုတ်တယ် သမီး"

မည်သည့်ကိစ္စမှန်း မသိရသေးမီ လင်းလင်း ရင်ပူလာလေ တော့သည်။

"ဘယ်လို ကိစ္စများလဲ ဖေဖေ"

သူမက အလောတကြီး မေးလိုက်မိသည်။

လင်ချမ်းစိမ်းက . . .

"ဖေဖေဟာ ဘယ်လိုကိစ္စမျိုးမဆို သမီးကို ဖွင့်ပြောခဲ့တာ ချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

လင်းလင်းက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။

သူတို့သားအဖ နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အလွန် ပွင့်ပွင့် လင်းလင်း ရှိကြလေသည်။

ဘာမဆို ဆိုးတိုင်ပင် ကောင်းတိုင်ပင် နှစ်ယောက်ပေါင်းမှ တစ်ဘဝ ဖြစ်ခဲ့သည်။

ယခု...

လင်းချမ်းစိမ်းတွင် လျှို့ဝှက်ထားသည့် ကိစ္စတစ်ခု ရှိနေသေးကြောင်း သိလိုက်ရသဖြင့် လင်းလင်းမှာ သိလိုစိတ် ပြင်းပြလာလေတော့သည်။

"ဖေဖေ...ဘယ်လိုကိစ္စများလဲဆိုတာ ပြောပြပါလားဟင်"

လင်းလင်းက မေးမိသည်။

ထိုအခါ...

လင်းချမ်းစိမ်းသည် တည်ကြည်သော မျက်နှာထားနှင့် ပြောလိုက်လေသည်။

"သမီး...ဖေဖေ့ဘဝမှာ သမီးကို ဖွင့်မပြောဘဲ ထားတဲ့ကိစ္စ တစ်ခုရှိတယ်၊ အဲဒီကိစ္စဟာလဲ လူအသိမခံနိုင်လို့ပါ"

လူသိမခံနိုင်သော ကိစ္စဆိုသဖြင့် လင်းလင်း ပို၍သိချင်စိတ် ဖြစ်လာတော့သည်။

လင်းချမ်းစိမ်းက မေးပြော ပြောသည်။

"သမီး...သမီး ဆယ်နှစ်သမီး အရွယ်ကပေါ့၊ ဖေဖေ အကြောင်းတစ်ခုနဲ့ ပြည်မကို သွားခဲ့တာ သမီးမှတ်မိသေးသလား"

မှန်ပေသည်။

လင်းလင်းသည် ဖခင်နှင့် သုံးလခန့် ခွဲနေရသည့် အချိန်ကာလကို ဘယ်တော့မှ မေ့မည် မဟုတ်ပါချေ။



သူမ ဆယ်နှစ်သမီး အရွယ်က လင်းချမ်းစိမ်းသည် အရေးကြီးသော ကိစ္စတစ်ခု ရှိသည်ဟုဆိုကာ ပြည်မသို့ ထွက်သွားသည်ကို သူမ အမြဲတမ်း အမှတ်ရနေသည်သာ ဖြစ်၏။

သားအဖနှစ်ယောက် ထိုအကြိမ်သည် အကြာဆုံး ခွဲခွာနေထိုင်ခဲ့ရခြင်း ဖြစ်သည်။

လင်းလင်းသည် ဖခင် အိမ်ပြန်မလာမချင်း လွမ်းသည့်စိတ်ဖြင့် မျက်ရည်နှင့်မျက်ခွက် ဖြစ်နေခဲ့ရလေတော့သည်။

လင်းချမ်းစိမ်းက သုံးလခန့်ကြာမှ တောင်ပိုင်းသို့ ပြန်ရောက်လာခဲ့သည်။

ပြည်မမှ ပြန်လာပြီးသည့်နောက် ယခင်ကလို တတ်တတ်ကြွကြွ မရှိတော့။

ပျော်ရွှင်လန်းဆန်းခြင်း မရှိတော့။

ငေးငိုင်နေတတ်သည်။

ထိုစဉ်က...

လင်းလင်းမှာ ငယ်သေးသည့်ဓိုး ဖခင်ဖြစ်သူသည် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်ကို မေးမြန်းဖို့ စိတ်မကူးမိပါ။

မတွေးတော တတ်ခဲ့ပါ။

နောက်ထပ် နှစ်အနည်းငယ် ကြာသွားတော့မှ လင်းချမ်းစိမ်းသည် ပုံမှန်အတိုင်းပင် ပြန်ဖြစ်သွားသည်။

ပြည်မသို့သွားရန် စိတ်မကူးတော့။

တောင်ပိုင်းပင်လယ်မှ တစ်ဖဝါးမှ မခွာတော့ဘဲ သမီးဖြစ်သူနှင့်အတူ နေထိုင်ခဲ့သည်။

သို့ဖြစ်၍ လင်းလင်းလည်း ထိုဖြစ်ရပ်ကို မေ့မေ့ ပျောက်ပျောက် ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု...

လင်းချမ်းစိမ်းက အစ ဖော်ပေးလိုက်မှ ပြန်လည် သတိရလာတော့သည်။

"တခြားတော့ မဟုတ်ပါဘူး သမီးရယ်၊ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်နေလို့ပါ"

လင်းလင်းက...

"ဂုဏ်သိက္ခာ..."

"ဟုတ်တယ်သမီး...ဒီကိစ္စကို လူတွေ သိသွားကြမယ်ဆိုရင် ဖေဖေရဲ့ ဂုဏ်သိက္ခာ ကျဆင်းသွားလိမ့်မယ်၊ ဒါကြောင့် ဖေဖေ သမီးကိုတောင် ဖွင့်မပြောဘဲ လျှို့ဝှက်ထားခဲ့ရတာပါ"

လင်းလင်းက...

"သမီးက ဖေဖေ့ကို ထိခိုက်မယ့် အလုပ်မျိုး ဘယ်တော့မှ လုပ်မှာ မဟုတ်ပါဘူး ဖေဖေ..."

ဟု အလေးအနက်ထားကာ ပြောလိုက်သည်။

ထိုအခါ...

လင်းချမ်းစိမ်းက ပြောသည်။

"ဖေဖေ ယုံကြည်ပါတယ် သမီးရယ်"

လင်းလင်းက ခေါ်လိုက်သည်။

"ဖေဖေ..."

လင်းချမ်းစိမ်းသည် သူမအား စိုက်ကြည့်လိုက်ပြီး မေးမြန်းလေတော့၏။

"ဘယ်လိုကိစ္စလဲဆိုတာ သမီး သိချင်နေတယ် မဟုတ်လား"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဖေဖေ..."



လင်းချမ်းစိမ်းက...

"ဖေဖေ သေသေချာချာ တွေးတောစဉ်းစားခဲ့တယ်၊ သမီးကို ပြောပြဖို့ သင့်မသင့် ဆိုတာကိုလေ"

လင်းလင်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားမိသည်။

"သမီးကို ပြောပါလား ဖေဖေရယ်"

သူမက တောင်းပန်လိုက်သည်။

လင်းချမ်းစိမ်းက သက်ပြင်းချလိုက်သည်။

"အင်း...ဖေဖေ ပြောပြချင်ပါတယ်ကွယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လို့လဲ ဖေဖေ"

လင်းချမ်းစိမ်းက...

"ဖေဖေ ပြောပြလိုက်ရင် ဖေဖေ့အပေါ် သမီးအရိုအသေ တန်သွားမှာ စိုးရိမ်လို့ပါ"

"ဟင်..."

လင်းလင်း ရင်ထိတ်သွား၏။

သူမ၏ ဖခင်သည် စံနမူနာ ပြထိုက်သော ယောကျ်ားကောင်းတစ်ယောက် ဖြစ်သည်။

လင်းချမ်းစိမ်းသည် လူ့ပတ်ဝန်းကျင်မှ လက်မခံနိုင်သော အမှားအယွင်းတစ်ခုခု ပြုလုပ်ခဲ့သည်လော။

လင်းလင်းသည် တွေးရင်းက မျက်နှာလေး ညှိုးသွားသည်။

ဖခင်အပေါ်၌ မယုံကြည်၍တော့ မဟုတ်ပါချေ။

ဖခင်၏ ဂုဏ်သိက္ခာ ကျရမည့်အဖြစ်ကို မလိုလားခြင်းကြောင့် ဖခင်ကို သနားကရုဏာ သက်မိခြင်းကြောင့် ဖြစ်ပါသည်။

လင်းချမ်းစိမ်း ဆက်ပြောသည်။

"ဖေဖေဟာ အတော်ကို အရှက်ရစရာကောင်းတဲ့ ကိစ္စတစ်ခုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ခဲ့ရတယ်၊ ဒါကြောင့် သမီးကို ပြောပြဖို့ ဝန်လေးနေခဲ့တာ ပါကွယ်"

လင်းလင်း ပင့်သက်ရှိုက်လိုက်သည်။

ဖခင်ဖြစ်သူ၏ ပျော်ရွှင်မှုသည် သူမ၏ ပျော်ရွှင်မှုပင် ဖြစ်သည်။

ဖခင်ဖြစ်သူ၏ ဒုက္ခသည်လည်း သူမ၏ ဒုက္ခပင် ဖြစ်တော့သည်။

သားအဖနှစ်ယောက်သည် အေးအတူပူအမျှ ဆိုးတူကောင်းဘက် ရှိရမည် မဟုတ်ပါလား။ မည်သို့သော အခက်အခဲ ပြဿနာကိုမဆို ဖခင်နှင့် လက်တွဲကာ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

သူမက တည်ကြည်စွာ ပြောလေ၏။

"သမီးဟာ ဖေဖေ့သမီးပါ၊ ဘယ်လို အဖြစ်မျိုးနဲ့ ကြုံရကြုံ သမီးဟာ ဖေဖေနဲ့အတူ ရှိနေမယ်ဆိုတာ သစ္စာပြုပါတယ် ဖေဖေ"

လင်းချမ်းစိမ်းက သူမကို စိုက်ကြည့်လိုက်၏။

သူ၏ မျက်နှာတွင် စိတ်လှုပ်ရှားနေသည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင်နေပါတော့သည်။

အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်းချလိုက်သည်။

"သမီးကို ဖေဖေ ယုံကြည်ပါတယ်ကွယ်"

လင်းလင်း ကျေနပ်သွားသည်။

သူတို့သားအဖနှစ်ယောက်အား မည်သည့်အရာကမျှ ခွဲ ပစ်၍ ရလိမ့်မည် မဟုတ်ချေ။

လင်းချမ်းစိမ်းက မေးသည်။

"သမီး...ဖေဖေဟာ တောင်ပိုင်းမှာ ပြိုင်ဘက်ကင်း သိုင်း သမားကြီး တစ်ယောက်အဖြစ် ကျော်ကြားခဲ့တယ်ဆိုတာ သမီး သိတယ် မဟုတ်လား"



လင်းလင်း ခေါင်းညိတ်လိုက်သည်။

သူမက ပြောလိုက်၏။

"ဟုတ်ကဲ့ သိပါတယ်ဖေဖေ...ဦးလေး စိန့်ရိုတောင် ဖေဖေ့ကို မယှဉ်နိုင်ပါဘူး"

အမှန်တကယ်လည်း စိန့်ကျောင်း၏ဖခင် စိန့်ရိုသည် ထိပ်ထိပ်ကျဲ သိုင်းသမားကြီးတစ်ယောက် ဖြစ်သော်လည်း လင်းချမ်းစိမ်းကိုမူ မယှဉ်နိုင်ချေ။

လင်းချမ်းစိမ်းသည် တောင်ပိုင်းဒေသတွင် မည်သူမျှ မယှဉ်နိုင်သော ပြိုင်ဘက်ကင်း သိုင်းသမားကြီး တစ်ယောက် ဖြစ်သည်။

လင်းလင်းသည် ဖခင်ထံမှ သိုင်းပညာအမွေ ရရှိခဲ့ပေသည်။

လင်းချမ်းစိမ်းက...

"သမီး...ဖေဖေဟာ တောင်ပိုင်းပင်လယ်မှာ ပြိုင်ဘက်ကင်း ဖြစ်ပေမယ့် ပြည်မမှာတော့..."

ဆက်ပြောရန် နှုတ်ဆွံ့သွားပုံ ရသည်။

စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

လင်းလင်း မျက်မှောင်ကြုတ်သွားသည်။

သူမ ဆယ်နှစ်သမီးအရွယ်က လင်းချမ်းစိမ်းက ပြည်မသို့ ထွက်သွားခြင်းသည် သိုင်းပညာနှင့် ပတ်သက်နေ၍လောဟု တွေးတောလာမိခဲ့ပါသည်။

ထို့ကြောင့်...

လင်းလင်းက မေးလိုက်မိ၏။

"ဖေဖေက သိုင်းပညာနဲ့ပတ်သက်ပြီး ပြည်မကို သွားခဲ့တာလားဟင်..."

လင်းချမ်းစိမ်း သက်ပြင်းချလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်သမီး...အဲဒီအချိန်က တောင်ပိုင်းမှာ ပြိုင်ဘက် မရှိတာကြောင့် ဖေဖေက ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်ခဲ့တယ် ငါဟာ တော်တယ်၊ တတ်တယ်ဆိုတဲ့ မာန်ဝင်ခဲ့တယ်"

လင်းလင်းက ဖခင်ကို ငေးကြည့်နေ၏။

ဖခင်ဖြစ်သူသည် လျှို့ဝှက်ကိစ္စကို ပြောပြလိမ့်မည်ဟု ယုံကြည် ထားလေသည်။

လင်ချွန်းစိမ်းက ဆက်ပြောလေသည်။

"ပြိုင်ဘက်မရှိတော့ ပြိုင်ဘက်ကို ရှာချင်လာတယ်၊ ပြည်မဟာ ဖေဖေတို့ နေတဲ့နေရာထက် အဆပေါင်းများစွာ ပိုပြီး ကြီးမားကျယ် ပြန့်တယ်၊ သိုင်းသမားပိုပေါများတယ်၊ ဖေဖေ့ပညာနဲ့ ပြည်မကိုဆင် သွားရင် ဘယ်လိုနေမယ်ဆိုတာ သိချင်လာတယ်ကွယ်"

လင်းလင်း စိုးရိမ်စိတ် ဝင်လာသည်။

သူမ၏ဖခင်သည် တောင်ပိုင်းဒေသ၌ သာမက ပြည်မ၌ သူ့အား ယှဉ်ပြိုင်နိုင်သူ မရှိဟု ဂုဏ်ယူဝင့်ကြွားသလို ပညာပြ ပြည်မသို့သွားရန် စိတ်ကူးခဲ့ခြင်း ဖြစ်ကြောင်း တွေးနေခဲ့သည်။

ပညာဂုဏ်မောက်ခဲ့သော ဖခင်ဖြစ်သူသည် ပြည်မတွင် မည်သို့ သော အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ခဲ့ရ ပါသနည်း။

လင်ချွန်းစိမ်းက ဆက်ပြောပြသည်။

"ရှင်းရှင်း ပြောရရင်တော့ ပြည်မမှာ ကျော်ကြားတဲ့ သိုင်း သမားတွေနဲ့ ပညာပြိုင်ချင်စိတ်ကြောင့် ဖေဖေဟာ ပြည်မကိုသွား ဆုံးဖြတ်ခဲ့မိတယ်"

လင်းလင်းက မေးလိုက်၏။

"ဒါဆို ဖေဖေဟာ ပြည်မကိုသွားပြီး သိုင်းပညာပြိုင်ခဲ့ ပေါ့နော်"



လင်ချွန်းစိမ်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သမီး"

လင်းလင်းက မေးလေ၏။

"ဖေဖေ ပြည်မမှာ ဘယ်လို ကြုံတွေ့ခဲ့ရတယ်ဆိုတာ သမီးကို ပြောပြပါလားဟင်"

လင်ချွန်းစိမ်းက...

"အင်း...ဖေဖေဟာ အသက်ကြီးလာပြီ၊ ကျန်းမာရေးလည်း မကောင်းတော့ဘူး၊ ပြီးတော့ သမီးကိုလည်း အိမ်ထောင်ချပေးရတော့ မယ်၊ ဒီကိစ္စကို ဖွင့်ပြောဖို့ အချိန်တန်ပြီလို့ ဖေဖေ ယူဆထားတယ် လေကွယ်"

လင်းလင်းက...

"သမီးလဲ သိချင်ပါတယ် ဖေဖေ"

လင်ချွန်းစိမ်း၏ မျက်နှာ တည်ကြည်လေးနက် လာလေသည်။

အတိတ်မှ ဖြစ်ရပ်များကို မြင်ယောင်လာပုံ ရသည်။

ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ လှမ်းသွားလိုက်၏။

ပြတင်းပေါက် အနီးတွင်ရပ်ကာ အပြင်ဘက်သို့ ငေးမောရင်း ကြည့်နေလိုက်၏။

လင်းလင်းက နောက်မှလိုက်သွားပြီး မလှမ်းမကမ်းတွင် ရပ်လိုက်သည်။

လင်ချွန်းစိမ်း ပြောလာမည့် စကားကို နားစွင့်နေလိုက်သည်။

လင်ချွန်းစိမ်းက စကားစသည်။

"သမီး သေသေချာချာ နားထောင်နော်"

လင်းလင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့...ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



လင်ချုန်းစိမ်းက…

"လွန်ခဲ့တဲ့ ဆယ်နှစ်ကပေါ့… မေမေဟာ ကိုယ့်ပညာကို ကိုယ် ယုံကြည်မှု အပြည့်နဲ့ တောင်ပိုင်းဒေသမှာ ယှဉ်ပြိုင်နိုင်တဲ့ လူမရှိရင် ပြည်မမှာလည်း ယှဉ်ပြိုင်နိုင်မယ့်လူ ရှိမယ်လို့ မထင်ခဲ့ဘူး၊ ပညာဝုဏ် မောက်ပြီး သိုင်းလောကထဲ ဆင်းသွားမိတယ်၊ သိုင်းလောကထဲကို ရောက်တော့မှ မမျှော်လင့်တာတွေနဲ့ ကြုံတွေ့ခဲ့ရတာပေါ့"

သူ ကြုံတွေ့ခဲ့သည့် အဖြစ်အပျက်များကို ပြောပြလိုက်၏။

လင်းလင်းက စိတ်ဝင်စားစွာဖြင့် နားထောင် နေလိုက်လေ တော့သည်။

❖ ❖ ❖

အခန်း(၂၂)

# အတိတ်ဇာတ်ကြောင်း

ကြယ်ဖြူဂိုဏ်း…။

ကြယ်ဖြူဂိုဏ်းသည် အမှောင်ကိုခွင်း၍ အလင်းဆောင်အံ့ဟူ သော ဆောင်ပုဒ်ဖြင့် သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက် နေသော အထက်လမ်း သိုင်းဂိုဏ်းတစ်ခု ဖြစ်သည်။

ကြယ်ဖြူဂိုဏ်းချုပ် ဝမ်းလုံသည် သိုင်းလောက၏ ထိပ်တန်း သိုင်းသမားစာရင်းတွင် ပါဝင်သူ ဖြစ်သည်။

ဝမ်းလုံသည် အသက်ငါးဆယ်ကျော်ရှိပြီး လှံပညာတွင် တစ် ဖက်ကမ်းခတ် ကျွမ်းကျင်သူ ဖြစ်သည်။

လင်ချုန်းစိမ်းသည် ပြည်မသို့ ရောက်ရှိလာသောအခါ ကြယ်ဖြူ ဂိုဏ်းချုပ်ဝမ်းလုံနှင့် အရင်ဆုံး ပညာချင်းပြိုင်ရန် ဆုံးဖြတ်လိုက်သည်။

နဂါးစားသောက်ဆိုင်…

နံနက်စာ စားချိန်ဖြစ်၍ စားသောက်ဆိုင်အတွင်း၌ လူစည်ကား သည်။

တောင်ပိုင်းဒေသမှ ခရီးထွက်ခဲ့ပြီး ပြည်မသို့ ဝင်ရောက်လာ သည့် လင်ချုန်းစိမ်းသည် သိုင်းလောကမှ ထင်ရှားသော သိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



များအကြောင်း စနည်းနာရင်း နဂါးစားသောက်ဆိုင်လေး၌ ခရီးတစ်ထောက်နားကာ စားသောက်နေလိုက်သည်။

သူ၏ ရည်ရွယ်ချက်အတိုင်း ပြည်မသို့ ရောက်လာပြီဖြစ်သော်လည်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သိုင်းပညာ ယှဉ်ပြိုင်ခြင်း မပြုရသေးချေ။

သူက တော်ရုံတန်ရုံ သိုင်းသမားနှင့် ယှဉ်ပြိုင်ဖို့ကား စိတ်မကူးချေ။

သိုင်းလောကတွင် အကျော်ကြားဆုံး နာမည်အကြီးဆုံးဆိုသည့် သိုင်းသမားကိုမှရွေးပြီး ယှဉ်ပြိုင်လိုသည်။

သို့သော်...

ပြည်မတွင် နာမည်ကြီး သိုင်းသမား အများအပြား ရှိနေရာ မည်သူနှင့် ယှဉ်ပြိုင်ရမည်ကို ရုတ်တရက် ခွေခွဲမရနိုင်အောင် ဖြစ်ခဲ့ရသည်။

မည်သည့်နေရာ သွားရမည်...

မည်သူနှင့် ယှဉ်ပြိုင်ရမည်ဆိုသည်ကို တွေးတောစဉ်းစားနေမိသည်။

ထိုအချိန်တွင်...

"ခွပ်...ခွပ်...ခွပ်..."

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်လာသည်ကို ကြားလိုက်ရသည်။

မြင်းခွာသံများသည် ဆိုင်ရှေ့တွင် ရပ်တန့်သွားလေ၏။

ထို့နောက်...

လူငါးယောက်ဆိုင်ထဲသို့ ဝင်လာကြသည်ကို တွေ့မြင်လိုက်ရသည်။



ထိုလူများသည် အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး အင်္ကျီရင်ဘတ်ရှေ့တွင် အဖြူရောင်ပိုးချည်ဖြင့် ကြယ်ပုံရေးထိုးထားသည်ကို တွေ့ရသည်။

ထိုလူငါးယောက် ဝင်လာကြသည်နှင့် ဆိုင်လုလင်များ ပျာပျာသလဲ ခရီးဦးကြိုပြုကာ နေရာထိုင်ခင်း ပေးကြသည်။

အချို့ စားသောက်နေကြ သူများကလည်း ထိုင်ရာမှထကာ ဦးညွှတ်အရိုအသေ ပြုကြသည်။

လင်ချန်းစိမ်းသည် မသိမသာ အကဲခတ်ရင်း မျက်မှောင်ကြုတ်လိုက်မိသည်။

"ဒီလူတွေကို ကြည့်ရတာ သိုင်းလောကသားတွေ ဖြစ်နိုင်တယ်"

သူ စိတ်ဝင်စားသွားပြီး မသိမသာ အကဲခတ်လိုက်မိ၏။

ထိုလူငါးယောက်သည် လင်ချန်းစိမ်းနှင့် မလှမ်းမကမ်းရှိ စားပွဲတစ်လုံး၌ နေရာယူကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြသည်။

တစ်ယောက်က ပြောသည်။

"အမှတ်တစ်...ဒီကိစ္စကို ဂိုဏ်းချုပ်ကြီးဆီ တင်ပြရအောင်၊ ကျုပ်တို့ အမြန်ဆုံး စားသောက်ပြီး သွားကြရင်ကောင်းမယ်"

အမှတ်တစ် ဆိုသူက အချက်ကျကျ ပြန်ပြောသည်။

"ငါသိပါတယ်...အမှတ် နှစ်ရာ၊ လူဆိုးဟာန်က ဘယ်များထွက်ပြေးနိုင်မှာမို့လဲ၊ ငါတို့က သူ့အကြောင်း လိုက်စုံစမ်းရင်၊ တစ်လလုံးလုံး အစားပျက် အအိပ်ပျက် ဖြစ်ခဲ့ရပြီးပြီ မဟုတ်လား၊ ခုလည်း အချိန်ဖြုန်းနေတာ မဟုတ်ပါဘူး၊ ဗိုက်ဝအောင်တော့ စားရစေ ဦးကွာ"

www.burmeseclassic.com

www.burmeseclassic.com



အမှတ်နှစ်က…

"အင်း…ကျွန်တော် စိတ်လေသွားတာ ခွင့်လွှတ်ပါဗျာ၊ လူဆိုးဟန် အကြောင်း သိရအောင် အပင်ပန်းခံ စုံစမ်းပြီးမှ လက်လွှတ်သွားမှာ စိုးရိမ်လို့ပါ"

အမှတ်တစ်က…

"ဒါအတွက် မပူပါနဲ့၊ တို့လူနှစ်ယောက်က အခြေအနေကို စောင့်ကြည့်ဖို့ နေခဲ့ကြတယ် မဟုတ်လား၊ လူဆိုးဟန်က တစ်နေရာရာကို ထွက်သွားပြီဆိုရင် တို့လူတွေက ချက်ချင်းသတင်းပို့မှာပေါ့၊ ပြီးတော့ လူဆိုးဟန် ဘယ်သွားတယ်ဆိုတာ သိရအောင် နောက်ယောင်ခံ လိုက်ကြမှာပါ၊ ကဲပါလေ…စကားပြောနေတာ အချိန်ကုန်ပါတယ်၊ မြန်မြန်စားပြီး မြန်မြန် သွားကြတာပေါ့"

"ဟုတ်ကဲ့…အမှတ်တစ်"

ထိုလူငါးယောက်သည် အစားအသောက်များကို အရသာခံမနေကြတော့ဘဲ တာတ်သုတ်နှင်ကာ စားသောက်လိုက်ကြသည်။

လင်ချန်းစိမ်းသည် ထိုလူများကို စိတ်ဝင်စားသွားပြီး ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ မေးလေ၏။

"အဲဒီလူတွေဟာ ဘယ်သူတွေဆိုတာ မင်းသိသလား"

ဆိုင်လုလင်က သွက်လက်စွာ ပြောလေ၏။

"ဟာ…သိတာပေါ့ဗျာ၊ သူတို့ဟာ ဒီနယ်မှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ ကြယ်ဖြူဂိုဏ်းသား တွေပေါ့ဗျာ"

လင်ချန်းစိမ်းက…

"ကြယ်ဖြူဂိုဏ်းသားတွေ ဟုတ်လား"

"ဟုတ်ပါတယ်"



"ကြယ်ဖြူဂိုဏ်းသားတွေက ဘယ်လို လူစားမျိုးတွေလဲ"

လင်ချန်းစိမ်း၏ အမေးစကားကြောင့် ဆိုင်လုလင်လေးမှာ း[ြ]သွားပုံရသည်။

လင်ချန်းစိမ်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး…

"သူတို့ ဘယ်သူလဲ ဆိုတာတောင် မသိဘူးဆိုရင် ခင်ဗျားဟာ ဒီနယ်က မဟုတ်လို့ဘဲ ဖြစ်မယ်"

လင်ချန်းစိမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်…ကျုပ်က ရပ်ဝေးကလာခဲ့တာပါ၊ ဒီနယ်ကို ခုမှ ရောက်လာတာပါ"

ဆိုင်လုလင်က စိတ်လိုလက်ရ ပြောလေ၏။

"ဒါကြောင့် ကြယ်ဖြူဂိုဏ်းအကြောင်း မသိသေးတာကိုး၊ သူတို့မှာ တကယ့် လူတော်လူကောင်းတွေပါဗျာ၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့ ဂိုဏ်းပဲ"

လင်ချန်းစိမ်း မဲပြုံးပြုံးလိုက်သည်။

စိတ်ထဲမှ ရေရွတ်မိ။

"တော်တော် ကြီးကျယ်တဲ့ လူတွေပဲ"

ဆိုင်လုလင်သည် ကြယ်ဖြူဂိုဏ်းကို ကြည်ညိုလေးစားနေသူတစ်ယောက်ဖြစ်မှန်း ထင်ရှားပေါ်လွင်နေပါသည်။

ကြယ်ဖြူဂိုဏ်းအကြောင်းကို ဆက်၍ ပြောနေတော့သည်။

"ကြယ်ဖြူဂိုဏ်းဟာ ဒီနယ်မှာ ဆင်တိုင်းကျခဲ့တဲ့ လူဆိုးဟန်ကို လိုက်ရှာနေကြတာပေါ့၊ အခု သူတို့ ပြန်လာကြပုံထောက်ရင် လူဆိုးဟန်အကြောင်း သတင်းရလာကြပြီ ထင်တယ်"

လင်ချန်းစိမ်းက မေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးဟန်က အတော်ကြောက်စရာ ကောင်းတယ် ဟုတ်လား"

ထိုအခါ...

ဆိုင်လုလင်မှာ အလုပ်ကလည်း တစ်ဖက်မှာ ရှိနေသဖြင့် ခပ်လွယ်လွယ် ပြောလိုက်တော့သည်။

"ခင်ဗျား သေသေချာချာ သိချင်ရင်တော့ သူတို့ကိုသာ သွားမေးကြည့်ပါ၊ ဒီမှာ ကျွန်တော်က အလုပ်လုပ်စရာရှိလို့ သွားလိုက်ပါဦးမယ်"

ဆိုင်လုလင်က ထွက်သွားလေတော့သည်။

ထို့ကြောင့် လင်ချန်းစိမ်းက စိတ်ထဲမှ ရေရွတ်မိသည်။

"အင်း...ကြယ်ဖြူဂိုဏ်းနဲ့ လူဆိုးဟန်တို့ ဘယ်လိုရင်ဆိုင်ကြမယ်ဆိုတာ ငါ သေသေချာချာ လေ့လာရဦးမှာပေါ့"

❖ ❖ ❖

ကျောက်ဖြူတောင်ကုန်း...။

ကျောက်ဖြူတောင်ကုန်းသည် မနိမ့်လွန်း မမြင့်လွန်းဘဲ တောင်ကုန်းပေါ်၌ ကျယ်ပြန့်သော မြေကွက်လပ်ရှိသည့် တောင်ကုန်းတစ်ခု ဖြစ်သည်။

ယခု...

လင်ချန်းစိမ်းသည် ကျောက်ဖြူတောင်ကုန်း၌ ရောက်ရှိနေပါသည်။

ကြယ်ဖြူဂိုဏ်းသားများက လူဆိုးဟန်အား ဖမ်းဆီးကြသည် ဖြစ်ရာ သူက လာရောက် အကဲခတ်ခြင်း ဖြစ်သည်။

ကျောက်ဖြူတောင်ကုန်းပေါ်၌ ခရီးသွားများ နားခိုရန်အတွက် လည်းကောင်း၊ ရှုမျှော်ခင်း ကြည့်ရှုရန်အတွက် လည်းကောင်း၊ ဇရပ်လေးတစ်ဆောင် ဆောက်လုပ်ထားသည်။



ဤနယ်တစ်ဝိုက်တွင် ထင်ရှားစိုးနေသည့် လူဆိုးဟန်ဆိုသူမှာ ထိုဇရပ်လေး၌ ရောက်ရှိခိုအောင်းနေသည်။

လင်ချန်းစိမ်းသည် သစ်ပင်တစ်ပင်၏ သစ်ကိုင်းပေါ်၌ အကျအနထိုင်ကာ အကဲခတ်နေသည်။

ဝန်းကျင်တစ်ခုလုံး အေးချမ်းသာယာနေ၏။

ကျေးငှက်ကလေးများ၏ သဘာဝ သီကြွေးသောတေးသံများကို ကြားနေရ၏။

ဇရပ်ဆောင်လေး၌လည်း တိတ်ဆိတ်ငြိမ်သက်စွာ လူရိပ်လူယောင်ပင် မတွေ့ရချေ။

သို့သော်...

အခြေအနေ အရပ်ရပ်သည် တဖြည်းဖြည်း ပြောင်းလဲသွားလေသည်။

တောင်ကုန်းကလေးပေါ်သို့ လူတစ်စု လျင်မြန်စွာ ပြေးတက်လာကြသည်။

ထိုလူစုသည် ဇရပ်အဆောင်လေးကို ချက်ချင်း ဝိုင်းရံထားလိုက်ကြ၏။

လင်ချန်းစိမ်းသည် သူထိုင်နေသော သစ်ကိုင်းပေါ်မှ အဖြစ်အပျက်ကို အတိုင်းသား တွေ့မြင်နေရပါသည်။

ဇရပ်အဆောင်လေးအား ဝိုင်းရံထားကြသူများမှာ ကြယ်ဖြူဂိုဏ်းသားများ ဖြစ်ကြသည်။

ကြယ်ဖြူဂိုဏ်းသားများအား အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် ဦးဆောင်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်၌ တွေ့ခဲ့ရသူ ငါးယောက်လည်း အဘိုးအိုနှင့် ကပ်လျက် လိုက်ပါလာကြသည်ကို တွေ့ရသည်။

ဇရပ်ဆောင်လေးကို ဝိုင်းရံထားလိုက်ကြပြီးလျှင် ဦးဆောင်လာသော အဘိုးအိုက လက်တော့ယမ်း ပြလိုက်သည်။

ထိုအခါ…

ကြယ်ဖြူဂိုဏ်းသား တစ်ယောက်သည် ရှေ့သို့လှမ်းထွက်ပြီး အော်ပြောလိုက်၏။

"လှဆိုးဟန် ခင်ဗျားပြေးလို့ မရတော့ဘူး၊ ကျုပ်တို့ ကြယ်ဖြူ ဂိုဏ်းက ဝိုင်းထားပြီးပြီ၊ အေးအေးဆေးဆေး အဖမ်းခံပါ"

သူ၏ အသံနှင့် မရှေးမနှောင်းမှာပင်…

"ဟား…ဟား…ဟား"

ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာသည်။

ဇရပ်ဆောင်ထဲ၌ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့မြင်ရသည်။

ထိုလူမှာ ကျားသစ်ရေဖြင့် ချုပ်ထားသည့် ချိုင်းပြတ်အကျႌ ဝတ်ဆင်ထား၏။

ဓားပြားကြီးတစ်လက် ခါးတွင် ချိတ်ဆွဲထားပြီး ခမောက် တစ်လုံး ဆောင်းထားသည်။

အသားအရည် မည်းနက်ကာ ကျွဲပေါက် တစ်ကောင်အလား သန်မာထွားကျိုင်းသူ ဖြစ်သည်။

ထိုလူသည် နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် လှဆိုးဟန် ဆိုသူပင် ဖြစ်လေတော့သည်။

လှဆိုးဟန်သည် ဇရပ်အဆောင်လေး အပြင်ဘက် ရောက်သည် နှင့် ကြယ်ဖြူဂိုဏ်းသားများကို လက်ညှိုးထိုးလိုက်သည်။



"ဟား…ဟား…ဟား"

အသံဝါကြီးဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

သူ၏အသံမှာ မိုးခြိမ်းသံအလား ဘင်မှတ်မှားရ ပါတော့သည်။

လှဆိုးဟန်သည် အတန်ကြာ မှားတိုက်ရယ်မောလိုက်ပြီးမှ စကားပြောသည်။

"ကြယ်ဖြူဂိုဏ်းကလူတွေ တော်တော် သတ္တိကောင်းနေကြ ပါလား"

ကြယ်ဖြူဂိုဏ်းအား ဦးဆောင်လာသည့် အဘိုးအိုက ထပ်ပြော လိုက်ပြန်သည်။

"လှဆိုးဟန်…မင်း အေးအေး ဆေးဆေး အဖမ်းခံလိုက်ရင် ကောင်းမယ်"

လှဆိုးဟန်က…

"ကျုပ်က အဖမ်းခံရမယ် ဟုတ်လား၊ ဟား…ဟား…ဟား ရယ်စရာ ကောင်းသေးတယ်၊ ခင်ဗျားတို့က လူစုလူဝေးနဲ့ လာကြ သေမယ့် ကျုပ်ကိုဖမ်းဖို့ မပြောနဲ့ အနားကပ်နိုင်အောင်ပဲ ကြိုးစားကြ စမ်းပါဦး"

သူက စိန်ခေါ်လိုက်သည်။

ကြယ်ဖြူဂိုဏ်းသားများကို ဦးဆောင်လာသော အဘိုးအိုမှာ ကြယ်ဖြူဂိုဏ်းချုပ် ဝမ်းလုံဖြစ်လေသည်။

လှဆိုးဟန်က စိန်ခေါ်လိုက်ခြင်းကြောင့် ဝမ်းလုံ ဒေါသထွက် သွားပြီး အမိန့်ပေးလိုက်သည်။

"သူ့ကို ဆုံးမလိုက်စမ်း"

ထိုအခါ…

www.burmeseclassic.com

www.burmeseclassic.com



သူ၏ တပည့်ကြီး ခုနစ်ယောက်သည် လက်နက်ကိုယ်စီ ကိုင်ကာ ရှေ့သို့ ခုန်ထွက်လာကြသည်။

"ဟား...ဟား...ဟား"

လူဆိုးဟန် သဘောကျစွာ ဟားတိုက်ရယ်မောလိုက်သည်။

ထို့နောက်...

သူ၏ခါးမှ အပြားကြီးသော ဓားပြားကြီးကို ဆွဲထုတ်လိုက် လေသည်။

"ကဲ...သေချင်တဲ့လူ ဝင်လာခဲ့စမ်း"

စိန်ခေါ်လိုက်ပြန်သည်။

ဓားရွှေ့ယမ်း လိုက်သောအခါ လေအရှိန် တဟူးဟူး မြည်၍ ထွက်ပေါ်လာသည်။

"သူရဲ့အတွင်းအားက မဆိုးဘူး၊ ဒါပေမယ့် ဒီလောက်ထဲ မဟုတ်သေးပါဘူးလေ"

ကျော်ကြားသော ကြယ်ဖြူဂိုဏ်းချုပ်၏ တပည့်များ၏ အစွမ်း အစကိုလည်း သိချင်လာသဖြင့် အေးအေးဆေးဆေး လက်ပိုက်ကြည့် နေလိုက်သည်။

ကြယ်ဖြူဂိုဏ်းချုပ် ဝမ်းလုံ၏ တပည့်များသည် ရှေ့သို့တိုး သွားကြပြီး လူဆိုးဟန်အား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက် ကြလေသည်။

ထို့နောက်...

"ယား..."

ညာသံပေးကာ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ကြလေ တော့၏။



"ဟား...ဟား...ဟား..."

လူဆိုးဟန်ကလည်း ရယ်မောကာ ပြန်လည်တိုက်ခိုက်လိုက် လေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်းဖြစ်ပေါ်လာသည်။

ကြယ်ဖြူဂိုဏ်းချုပ် ဝမ်းလုံ၏ တပည့်များသည် ခေသူများ မဟုတ်ကြောင်း ထင်ရှား ပေါ်လွင်နေပါတော့သည်။

သူတို့၏ တိုက်ခိုက်ပုံက သက်သေပြနေကြသည်။

သူတို့၏ စုပေါင်းတိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်း အောင်ပြင်းထန်သည်။ သို့သော်...

"ယား..."

လူဆိုးဟန်က ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်သော အခါ ကွဲပြားသော အခြေအနေ ဖြစ်ပေါ်လာသည်။

"ဝုန်း..."

"အား..."

"အမယ်လေး..."

ကြယ်ဖြူဂိုဏ်းချုပ်၏ လူများသည် ဗူးရှုံ့စွာအော်ဟစ်ဟာ ဖရို ဖရဲ ဖြစ်သွားကြလေတော့သည်။

လင်ချန်းစိမ်း သက်ပြင်းချလိုက်သည်။

"ရုတ်တရက် ကြည့်တော့ အထင်ကြီးစရာ ကောင်းပေမယ့် တကယ်တန်းကျတော့လည်း မစွမ်းကြပါလား"

ထိုစဉ်...

"ဝမ်းလုံ...ကျုပ်ကို ဖမ်းချင်တယ်ဆို၊ ဘာကြောင့် ခင်ဗျား ကိုယ်တိုင် ထွက်မလာသေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးဟန်၏ အသံဝါကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"စိတ်ချ . . . ကျုပ် လာပြီ"

ကြယ်ဖြူဂိုဏ်းချုပ် ဝမ်းလုံသည် ရှေ့သို့ ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပြီ ဖြစ်ပါသည်။

ဝမ်းလုံသည် ခြေလှမ်းမှန်မှန်ဖြင့် တစ်လှမ်းချင်း လှမ်းထွက်လာလေသည်။

"ဟား . . . ဟား . . . ဟား . . ."

လူဆိုးဟန်သည် ဝမ်းလုံ၏ တပည့်များကို အနိုင်ယူလိုက်သဖြင့် သဘောကျစွာ ရယ်မောလိုက်သည်။

လင်ချန်းစိမ်းသည် သူတို့နှစ်ယောက်၏ အခြေအနေကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

သူ တွေးလိုက်သည်။

"အင်း . . . အခြေအနေအရ ဝမ်းလုံဟာ အများကြီး တည်ငြိမ်ရင့်ကျက်နေတယ်၊ လူဆိုးဟန်ကို အနိုင်ယူနိုင်မယ့်ပုံပဲ"

ရေပ်အဆောင်လေးရှေ့တွင် ဝမ်းလုံနှင့် လူဆိုးဟန်တို့ ရင်ဆိုင်မိလိုက်ကြသည်။

လူဆိုးဟန်က ပြောလိုက်သည်။ သူ့အပြောက ဆိုးသည်။

"ဝမ်းလို . . . ခင်ဗျားက ကိုယ့်ကိုကိုယ် လူတော်လူကောင်းဆိုပြီး မဆိုင်တဲ့ကိစ္စကို ဝင်ရှုပ်ချင်တာ သေချင်လို့ ဖြစ်ရမယ်"

ဝမ်းလုံက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ကျုပ်က ဆိုးသွမ်းသောင်းကျန်းနေတဲ့ မင်းလို လူဆိုးတွေကို ဆုံးမဖို့ ဆုံးဖြတ်ထားတယ်၊ ကျုပ် အသက်သေရမယ်ဆို



မမှုပါဘူး၊ အသက်ဆိုတာ မွေးလာပြီးကတည်းက သေဖို့ဦးတည်နေတာပဲ၊ မကြောက်ရင် တစ်ခါပဲ သေတာတယ်"

လူဆိုးဟန်က ကြွေးဝါးလိုက်၏။

"စိတ်ချ . . . ကျုပ်က ခင်ဗျားကို ဆုံးမလိုက်မယ်ဆိုတာ မှတ်ထားပါ"

ဓားတွေ့ယမ်းလိုက်ပြီး စတင် တိုက်ခိုက်လိုက်သည်။

ဝမ်းလုံကလည်း ပြန်လည် တိုက်ခိုက်၏။

လူဆိုးဟန်၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင်ပင် ပြင်းထန်နေသည်။

ဓားရိပ်များသည် ဝမ်းလုံ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားသည်။

အမှတ်တမဲ့ကြည့်လျှင် လူဆိုးဟန်၏ တိုက်ခိုက်မှုကြောင့် ဝမ်းလုံ လဲကျသွားတော့မည်ဟု ထင်မှတ်ရသည်။

သို့သော် . . .

"ဒီပွဲမှာ ဝမ်းလုံ အနိုင်ရမှာ သေချာတယ်"

လင်ချန်းစိမ်းက မှတ်ချက်ချလိုက်သည်။

ကြယ်ဖြူဂိုဏ်းသားများက သူတို့ဂိုဏ်းချုပ် အရေးနိမ့်တော့မည်ဟု ထင်မှတ်ကာ ရင်တထိတ်ထိတ်ဖြင့် ကြည့်နေကြသည်။

ဝမ်းလုံသည် လူဆိုးဟန်၏ တိုက်ကွက်များကို အသာအယာပင် ရှောင်တိမ်းလိုက်သည်။

လက်နှစ်ဖက်ဆန့်ထုတ်ကာ လူဆိုးဟန်၏ ခုတ်ချလာသော ဓားကို လက်ဝါးနှစ်ဖက်ဖြင့် ဖမ်းညှပ်ထားလိုက်သည်။

"ချုပ် . . ."

လူဆိုးဟန်က

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လိုက်စမ်း ..."

အော်ငေါက်ကာ ဓားကိုပြန်လည် ဆွဲထုတ်ရန် ကြိုးစားလိုက်တော့သည်။

သို့သော် ...

"သွားစမ်း ..."

ဝမ်းလုံ၏ အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

လက်နှစ်ဖက်ကို လှန်ချလိုက်၏။

"ဖြောင်း ..."

လှဆိုးဟန် အထိတ်တလန့် အော်ကာ ကပျာကယာ နောက်သို့ ဆုတ်လိုက်သည်။

"ဟာ ..."

မှန်ပေသည်။

လှဆိုးဟန်၏ ဓားမှာ ထက်ပိုင်း ကျိုးသွားလေတော့သည်။

ကြယ်ဖြူဂိုဏ်းသားများသည် ဝမ်းလုံက အနိုင်ရလိုက်သည်ကို တွေ့မြင်သွားကြလျှင် ...

"ဟေး ..."

"ဂိုဏ်းချုပ်ကြီး အနိုင်ရပြီကွ"

"လှဆိုးဟန်မှာ ဒေါသအမျက် ခြောင်းခြောင်းထွက်သွားသည်"

သို့တိုင် ...

ဝမ်းလုံအား မယှဉ်နိုင်မှန်းသိ၍ ထပ်မံတိုက်ခိုက်ရန် မကြိုးစားတော့ချေ။

ဝမ်းလုံက ပြောလိုက်၏။

"မင်း ရှုံးသွားပြီ၊ ငါ့နောက် လိုက်ခဲ့ရမယ်"



လှဆိုးဟန် မျက်နှာပျက်သွားသည်။

အခြေအနေ မဟန်တော့မှန်း သိလိုက်၏။

"ယား ..."

ညာသံပေးကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သူသည် တကယ်တမ်း တိုက်ခိုက်ခြင်း မပြုဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

လှဆိုးဟန် ထွက်ပြေးသွားပြီ ဖြစ်သည်။

ကြယ်ဖြူဂိုဏ်းသားများက သတိဝင်လာကြပြီး ...

"ပြေးပြီဟေ့ ... ပြေးပြီ ..."

"လိုက်ကြ ..."

"မလွှတ်စေနဲ့"

ညာသံပေးကာ ဝိုင်းလိုက်ရန် ဟန်ပြင်လိုက်ကြသည်။

"ရပ်လိုက် ..."

ဝမ်းလုံက ဟန့်တားလိုက်သည်။

ကြယ်ဖြူဂိုဏ်းသားများ တုံ့ခနဲ ရပ်သွားကြတော့၏။

ဝမ်းလုံကို လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ...

ဝမ်းလုံသည် မြေပေါ်တွင်ကျနေသော လှဆိုးဟန်၏ ဓားကျိုးထိပ်များကို ငုံ့ကြည့်လိုက်၏။

ထို့နောက် ...

ခြေထောက်ဖြင့် မတင်လိုက်သည်။

"ဝှီး ..."

ဓားကျိုးထိပ်ဖျားပိုင်းသည် အပေါ်မြောက်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုဓားကျိုး ထိပ်ဖျားပိုင်းကို ပစ်လွှတ်လိုက်သည်။

"ဒိုး"

ဓားကျိုးထိပ်ပိုင်းသည် မြားတစ်စင်းပမာ ပြေးထွက်သွားလေတော့သည်။

သစ်ပင်ပေါ်မှ အခြေအနေကို ကြည့်နေသော လင်ချန်းစိမ်း သက်ပြင်းချလိုက်လေသည်။

"သူ့ရဲ့ပညာ မဆိုးပါလား ..."

ဝမ်းလုံ၏ ပညာကို ချီးကျူးလိုက်သည်။

ဓားကျိုးထိပ်ဖျားပိုင်းသည် တစ်ဟုန်ထိုး ပစ်လွင့်သွားပြီး မြေ လွှားသော လူဆိုးဟန်၏ နောက်ကျော၌ တည့်မတ်စွာ စိုက်ဝင် သွားလေတော့သည်။

"ခုတ် ..."

"အား ..."

လူဆိုးဟန်သည် စူးရှစွာ အော်ဟစ်လိုက်သည်။

ထို့နောက် ...

"ဝုန်း ..."

မြေပေါ်သို့ လဲကျသွားလေတော့သည်။

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

လူဆိုးဟန်သည် ဝမ်းလုံကို မည်သည့်နည်းနှင့်မျှ မယှဉ်နိုင် ဘဲ ရှုံးနိမ့်သွားလေပြီ။

ဝမ်းလုံသည် လူဆိုးဟန်အား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ ဖြစ်ရာ ပို၍ ဂုဏ်သိက္ခာ တက်လာတော့မည် ဖြစ်ပါသည်။

လူဆိုးဟန်အား လူအများကို ဒုက္ခမပေး နိုင်တော့ပါ။



ဝမ်းလုံသည် မြေပေါ်တွင်လဲကျကာ ခလှုပ်မယှက် ဖြစ်နေသည့် လူဆိုးဟန်ကို သွားကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်သည်။

ထို့နောက် ...

"သွားကြမယ်ဟေ့ ..."

သူက အမိန့်ပေးလိုက်သည်။

ကြယ်ဖြူဂိုဏ်းသားများ ဦးညွှတ်လိုက်ကြသည်။

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီး"

သူတို့အားလုံး ထွက်သွားကြရန် ဟန်ပြင်လိုက်ကြစဉ် ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်တီးသံ ထွက်ပေါ်လာသည်။

အားလုံး ခြေလှမ်း ရပ်သွားကြသည်။

လက်ခုပ်တီးသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ သည်။

ထိုအခါ ...

လူတစ်ယောက်သည် သူတို့ထံသို့ လှမ်းလာနေသည်ကို မြင်လိုက်ရလေတော့သည်။

ဝမ်းလုံ မျက်မှောင်ကြုတ်သွားသည်။

လှမ်းလာသူကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

ထိုလူ၏ ဝတ်စားဆင်ယင်ပုံမှာ ထူးခြားနေသည်ဟု ထင်မိ သည်။

ဝမ်းလုံ အကဲခတ်ကြည့်နေစဉ် ထိုလူသည် မလှမ်းမကမ်းသို့ ရောက်ရှိလာသည်။

"ခင်ဗျား ဘယ်သူလဲ ... ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံ၏ တပည့်တစ်ယောက်က မေးလိုက်သည်။

သူတို့အနီးသို့ ရောက်လာသူမှာ လင်ချန်းစိမ်း ဖြစ်သည်။

လင်ချန်းစိမ်းက ...

"ခင်ဗျားရဲ့ သိုင်းပညာကို ချီးကျူးပါတယ်ဗျာ၊ ဒီနယ်မှာ ခင်ဗျားဟာ သိုင်းပညာ အတော်ဆုံးထင်ပါတယ်"

ဝမ်းလုံ ပိုပြီး မျက်မှောင် ကြုတ်သွားလေသည်။

"မင်း ... ဘယ်သူလဲ ..."

လင်ချန်းစိမ်းက ...

"ကျုပ်က လင်ချန်းစိမ်းပါ၊ တောင်းပိုင်းဒေသက လာခဲ့တာပါ"

"ဟင် ... တောင်ပိုင်းဒေသက လာခဲ့တာ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ဝမ်းလုံက ...

"အဝေးကြီးပါလား ..."

လင်ချန်းစိမ်းက ...

"ပြည်မမှာ သိပ်တော်တဲ့ သိုင်းသမားတွေ ရှိတယ်ဆိုတာကြား လို့ လာခဲ့တာပါဗျာ"

ဝမ်းလုံက ...

"နေပါဦး ... တော်တဲ့ သိုင်းသမားတွေနဲ့တွေ့ရင် ဘာလုပ် မလို့လဲ"

လင်ချန်းစိမ်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"ကျုပ်က ပညာပြိုင်မလို့ပါ"

"ပညာပြိုင်မလို့ ဟုတ်လား ..."

"ဟုတ်ပါတယ် ..."



ဝမ်းလုံက ...

"ဘာကြောင့် ပညာပြိုင်ချင်ရတာလဲ" ..."

လင်ချန်းစိမ်းက ပြုံးလိုက်သည်။

"ခက်ပါလားဗျာ၊ ပညာပြိုင်ပါတယ်ဆိုမှတော့ ဘယ်သူသာ တယ်ဆိုတာ သိချင်လို့ပေါ့ဗျာ"

"ဪ ..."

ဝမ်းလုံသည် သဘောပေါက်သွားဟန်ဖြင့် ဦးခေါင်း တဆတ် ဆတ် ညိတ်လိုက်သည်။

လင်ချန်းစိမ်းက စိန်ခေါ်ခွင့်တောင်းလေ၏။

"အခု ... ကျုပ်က ခင်ဗျားကို မျက်စိကျနေပြီ၊ ကျုပ်တို့ချင်း ယှဉ်ပြိုင်ကြရအောင်လား ..."

ဝမ်းလုံ လက်ကာပြလိုက်သည်။

"ကျုပ်က မပြိုင်ချင်ဘူး"

"ဘာဖြစ်လို့လဲဗျာ"

"သိုင်းပညာဆိုတာ သူသာတယ် ကိုယ်သာတယ် ငြင်းခုံပြီး ယှဉ်ပြိုင်ရတဲ့ပညာမျိုး မဟုတ်ဘူး၊ အများကောင်းကျိုး၊ သိုင်းလောက ကောင်းကျိုးကို ဆောင်ရွက်ရာမှာ အသုံးပြုရတဲ့ ပညာမျိုးသာ ဖြစ် တယ်လို့ ကျုပ်က ခံယူထားလို့ပါ"

သူ၏ စကားများကား လေးစားစရာ ကောင်းလှသည်။

သို့သော် ...

"ကျုပ် လက်မခံဘူးဗျ ..."

လင်ချန်းစိမ်းက ခပ်ပြတ်ပြတ် ပြောလိုက်၏။

"ကျုပ်က ပြည်မက သိုင်းသမားတွေ ဘယ်လောက်တော်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို သိရအောင် စမ်းသပ်ယှဉ်ပြိုင်ဖို့ အဝေးကြီးက လာခဲ့ရတာ၊ ဒီအတိုင်း ပြန်မသွားနိုင်ဘူး"

ဝမ်းလုံက တည်ကြည်စွာ ပြောလိုက်၏။

"ပြည်မမှာရှိတဲ့ လူတော်လူကောင်း သိုင်းသမားတွေဟာ ကောင်းကင်ပေါ်က ကြယ်ပွင့်လေးတွေထက်တောင် များပါသေးတယ်၊ မင်းက တစ်ယောက်ချင်း လိုက်ပြီး ယှဉ်ပြိုင်မယ်ဆိုရင် တစ်သက်မပြောနဲ့ ဆယ်သက်တောင် ယှဉ်လို့ကုန်မှာ မဟုတ်ဘူး"

လင်ချန်းစိမ်းက ပြောလေ၏။

"ကိစ္စမရှိပါဘူး ... ကျုပ်က ခင်ဗျားနဲ့ အရင်ဆုံး ယှဉ်ပြိုင်ရရင် ကျေနပ်ပါတယ်"

"ဘယ်လို ..."

"ခင်ဗျားနဲ့ ယှဉ်ပြိုင်ရရင် တော်ပါပြီ"

ဝမ်းလုံက ...

"ကျုပ်နဲ့ ယှဉ်ပြိုင်ချင်တယ် ဟုတ်လား ..."

"ဟုတ်တယ် ..."

"နေပါဦး ... ဘာကြောင့် ကျုပ်နဲ့ ယှဉ်ပြိုင်ချင်ရတာလဲ ..."

"ခင်ဗျားဟာ လူဆိုးကြီး တစ်ယောက်ကို ကျုပ်ရဲ့ မျက်စိရှေ့မှာတင် အနိုင်ယူခဲ့လို့ပါ ..."

"ဪ ..."

ဝမ်းလုံသည် လင်ချန်းစိမ်းအား အကဲခတ် ကြည့်လိုက်ပြန်လေသည်။

ယခုတစ်ကြိမ် ...

သူက သေသေချာချာ အကဲခတ်ကြည့်လိုက်ခြင်း ဖြစ်သည်။



လင်ချန်းစိမ်းသည် ထူးခြားပြီး ကြောက်စရာ ကောင်းသူဖြစ်ကြောင်း စိတ်ထဲ ခံစားရသည်။

လင်ချန်းစိမ်းက ...

"က ... ယှဉ်ပြိုင်လိုက်ရအောင် အသင့်ပြင်လိုက်ပါဗျာ"

ဝမ်းလုံ ခေါင်းခါ ယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ယှဉ်ပြိုင်လို့ ဖြစ်မှာ မဟုတ်ပါဘူး"

"ခင်ဗျား မယှဉ်ပြိုင်လို့ မရဘူး ..."

ဝမ်းလုံက ...

"ကျုပ် ပြောပြီးပါပြီ၊ ခင်ဗျားနဲ့ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး"

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

လင်ချန်းစိမ်းက ...

"ရပ်လိုက် ..."

ဟန့်တားရင်း လမ်းပိတ်ရပ်လိုက်သည်။

ဝမ်းလုံက ...

"လမ်းဖယ်ပေးရင် ကောင်းမယ်"

"ကျုပ်နဲ့ မယှဉ်ပြိုင်ဘဲ ဘယ်နည်းနဲ့မှ လမ်းဖယ်မပေးနိုင်ဘူး"

"မင်း ..."

လင်ချန်းစိမ်း ရယ်မောလိုက်သည်။

"ခင်ဗျား သွားချင်တယ်ဆိုရင် ကျုပ်ကို နိုင်အောင်တိုက်ပါ"

ဝမ်းလုံ ခေါင်းခါ ... ပွသွားသည်။

လင်ချန်းစိမ်းသည် သူ့အား နှောင့်ယှက်နေဦးမည် ဖြစ်ကြောင်း သဘောပေါက်လိုက်သဖြင့် နောက်ဆုံး ပြောလိုက်ရတော့သည်။

"ကောင်းပြီ ... ကျုပ်က မင်းနဲ့ ယှဉ်ပါမယ်"

ကြယ်ဖြူဂိုဏ်းသားများ နောက်ဆုတ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်ရှိ မြေကွက်လပ်ပမာ ဖြစ်ပေါ်နေသော နေရာလေးတွင် ဝမ်းလုံနှင့် လင်ချန်းစိမ်းတို့ မျက်နှာချင်းဆိုင် ရပ်နေကြသည်။

ဝမ်းလုံသည် လင်ချန်းစိမ်းအား ဆုံးမရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ...

လင်ချန်းစိမ်း၏ သိုင်းပညာအဆင့် မည်သို့ရှိသည်ကို မသိရသေးသဖြင့် စတင်ပြောလိုက်သည်။

"ကဲ ... မင်းကပဲ အရင်စတိုက်ပါ"

လင်ချန်းစိမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ကျုပ်ရဲ့ လက်ဝါးကို သတိသာထားပေတော့"

သူကစတင် တိုက်ခိုက်လိုက်သည်။

မြေပေါ်တွင် ခြေနှစ်ဖက် ချကား၍ရပ်ရင်း ဝဲဘက်လက်ကို ဆန့်ထုတ်လိုက်ခြင်း ဖြစ်သည်။

သူ၏ လှုပ်ရှားမှုမှာ ညင်သာပေါ့ပါးနေပေသည်။

အင်အားမပါသလို ထက်မြက်မှုမရှိဟု ထင်ရသည်။

သို့သော် ...

တကယ်တမ်းတွင် အလွန်ကြောက်စရာကောင်းသော လက်ဝါးရိုက်ချက်ဖြစ်ကြောင်း ဝမ်းလုံ သဘောပေါက် မိလိုက်လေသည်။

ပေါ့ပေါ့တန်တန် သဘောမထားဘဲ လက်ဝါးဆန့်ထုတ်ကာ ခုခံလိုက်ရသည်။ အတွင်းအားကို စုစည်းကာ လက်ဝါးသို့ပို့ဆောင်ပြီး ရင်ဆိုင်လိုက်ရခြင်း ဖြစ်ပါသည်။

ဤတွင် ...

"ဝုန်း ..."



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ဝမ်းလုံ၏ မျက်နှာ ရှုံ့မဲ့သွား၏။

လက်ဝါးကို ရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

သူ၏ လက်တစ်ဖက်မှာ တွဲလောင်းကျနေ၏။

လက်ဝါးချင်း ယှဉ်လိုက်မိသည်နှင့် သက်ကျစ်ဖက် သွင်သွင်ကျိုးသွားပြီ ဖြစ်ပါသည်။

"ဟား ... ဟား ... ဟား ..."

လင်ချန်းစိမ်း၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လင်ချန်းစိမ်းသည် ကောင်းကင်ပေါ် ခေါင်းမော့ကာ အားရပါးရ ရယ်မောနေသည်။

ဝမ်းလုံသည် လင်ချန်းစိမ်းအား မျက်လုံးကြီးပြူးကာ ကြည့်နေသည်။

သူ၏ နဖူးပေါ်၌ ချွေးသီး ချွေးပေါက်များ စို့လာကာ အသားများ တဆတ်ဆတ် တုန်ရင်နေသည်။

"မင်း ... မင်း ..."

စကားလည်း အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

လင်ချန်းစိမ်းက မေးလိုက်၏။

"ဘယ်လိုလဲ ... ခင်ဗျား ရှုံးသွားပြီဆိုတာ ဝန်ခံပြီလား ..."

ဝမ်းလုံ မျက်နှာပျက်နေသည်။

လင်ချန်းစိမ်းက ...

"ခင်ဗျားရဲ့သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် တကယ်တမ်း အသုံးမဝင်သေးဘူးဆိုတာ သဘောပေါက်သင့်တာပေါ့ဗျာ၊ ကဲ ...

www.burmeseclassic.com

www.burmeseclassic.com



ခင်များထက်ပိုပြီး နာမည်ကြီးနေတဲ့ သိုင်းသမားတွေကို လိုက်ရှာပြီး ယှဉ်ပြိုင်ရဦးမယ်၊ ကဲ ... ကျုပ်သွားမယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ဝမ်းလုံ ဒေါသထွက်သွား၏။

"ရပ်လိုက်စမ်း ..."

အော်ငေါက် ဟန့်တားလိုက်၏။

သို့သော် ...

လင်ချန်းစိမ်းက လုံးဝဂရုမစိုက်ဘဲ ထွက်သွားတော့သည်။

ဝမ်းလုံ မနေနိုင်တော့ပါ။

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ မြေပေါ်ခြေစောင့်ကာ လင်ချန်းစိမ်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လင်ချန်းစိမ်းက ...

"သွားစမ်း ..."

လက်နောက်ပြန် ဖွေ့ယမ်းပစ်လိုက်လေသည်။

ဤတွင် ...

"ဝုန်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ဝမ်းလုံမှာ အနောက်ဘက်သို့ အရှပ်ကြီးပြုတ် လွင့်စဉ်သွားလေတော့သည်။

ဤသို့ ဝမ်းလုံအား တိုက်ခိုက်ပြီး တစ်လမျှ ကြာမြင့်သွားသည်။

ယင်းတစ်လဟူသော ကာလအတွင်း၌ လင်ချန်းစိမ်းသည် သိုင်းလောကမှ နာမည်ကျော်ကြားသော သိုင်းသမား အတော်များများနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ပြီး ဖြစ်ပါသည်။



ဤကဲ့သို့ ရင်ဆိုင်တိုက်ခိုက်ကြရာတွင် လင်ချန်းစိမ်းကသာ အနိုင်ရခဲ့သည်။

ထို့ကြောင့် ...

လင်ချန်းစိမ်းသည် ကိုယ့်ကိုကိုယ် ပို၍ ယုံကြည်စိတ်ချလာသည်။

ပြည်မမှ သိုင်းသမားများကိုလည်း ပို၍ အထင်သေးလာသည်။

ဤသို့ဖြင့် ...

ကျန်းနန်နယ်သို့ အရောက်တွင် သံမဏိလက်ဝါး သိုင်းသမားအား ရင်ဆိုင်တိုက်ခိုက်ရန် စိန်ခေါ်လိုက်ပြန်တော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

# အသက်ကယ်သူ

စကျိုးမြို့ . . . ။

စကျိုးမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ ဖြစ်သည်။

သံမဏိလက်ဝါး သိုင်းသမားသည် စကျိုးမြို့၌ နေထိုင်လျက် ရှိသည်။

ယနေ့ သံမဏိလက်ဝါး သိုင်းသမား၏အိမ်တွင် ဧည့်သည်များ ရောက်ရှိနေကြသည်။

ထိုသူတို့မှာ . . .

သံမဏိလက်ဝါး သိုင်းသမား၏ အရင်းနှီးဆုံး မိတ်ဆွေလေးယောက်ဖြစ်ကြသည့် ထင်းကျို၊ လီဝမ်း၊ စုဟို့နှင့် ပါထင်းစုတို့ ဖြစ်ကြသည်။

သူတို့က သံမဏိလက်ဝါး သိုင်းသမား၏ ဖိတ်ခေါ်မှုကြောင့် ရောက်ရှိလာခြင်း ဖြစ်သည်။

သံမဏိလက်ဝါး သိုင်းသမားမှာ လွန်စွာပင် ဝမ်းသာအားရ ဖြစ်နေသည်။



သူတို့သည် စားပွဲကြီးတစ်လုံးကို ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။

ထင်ကျိုတို့သည် အရက်တစ်ခွက်စီ သောက်လိုက်ကြသည်။

ထင်းကျိုက စကားစလိုက်သည်။

"မိတ်ဆွေက ကျုပ်တို့ကို ခုလို အမြန်ဆုံးလာကြဖို့ ဖိတ်ကြားလိုက်တာ အရေးကြီးတဲ့ကိစ္စ ရှိနေပြီထင်တယ်"

လီဝမ်းကလည်း သူ့အခြေအနေကို ရှင်းပြသည်။

"ဟုတ်တယ်ဗျို့ . . . ကျုပ်က အာမခံဌာနက ကိစ္စလေးတွေ လုပ်ကိုင်နေတုန်း မိတ်ဆွေက အမြန်ဆုံး လာခဲ့ပါလို့ ဖိတ်ခေါ်လိုက်တယ်ဆိုတော့ ဘာမှ မစဉ်းစားနိုင်တော့ဘဲ အလုပ်တွေအားလုံးကို ပစ်ခဲ့ပြီး လာခဲ့တာပဲ"

စုဟို့နှင့် ပါထင်းစုတို့ကလည်း ခေါင်းညိတ်လိုက်ကြသည်။

သူတို့သည် နာမည်ကျော် သိုင်းသမားများ ဖြစ်ကြပေရာ သိုင်းလောကအကျိုး အများအကျိုးကို ဆောင်ရွက်ကြရင်း မအားလပ်နိုင်အောင် ရှိနေကြလေသည်။

သံမဏိလက်ဝါး သိုင်းသမားက ပြောလိုက်လေ၏။

"မိတ်ဆွေတို့ မအားမလပ် ဖြစ်နေကြမယ်ဆိုတာကို ကျုပ် သိပါတယ်၊ အခုလို ဖိတ်ခေါ်လိုက်ရတာ အင်မတန်ပဲ အားနာလှပါတယ်၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့ပါဗျာ"

သံမဏိလက်ဝါး သိုင်းသမားမှာ အမှန်တကယ် အားနာနေပုံရသည်။ စုဟို့က မေးလိုက်လေ၏။

"ဘယ်လို ကိစ္စလဲဆိုတာ ပြောပါဦးဗျာ"

သံမဏိလက်ဝါး သိုင်းသမား၏မျက်နှာ တည်ကြည်လေးနက်သွားတော့သည်။

အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခုတလော သိုင်းလောကမှာ ထိပ်သီးသိုင်းသမားတွေကို လိုက်လံ ယှဉ်ပြိုင်နေတဲ့ တောင်ပိုင်းဒေသက သိုင်းသမားတစ်ယောက် ပေါ်ပေါက်လာတယ်ဆိုတဲ့ သတင်းကို မိတ်ဆွေတို့အားလုံး ကြားမိကြမယ် ထင်ပါတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ သင်းကျိုတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

ထင်းကျိုက မေးလိုက်၏။

"တောင်ပိုင်းဒေသ သိုင်းသမား ဟုတ်လား..."

သံမဏိလက်ဝါး သိုင်းသမားက...

"ဟုတ်တယ်... မိတ်ဆွေတို့ ကြားမိကြမယ် ထင်ပါတယ်"

ထင်းကျိုက ပြောလိုက်၏။

"သိမ်ကို ကြားမိတာပေါ့ဗျာ၊ ဘယ်နေ့ ကျုပ်တို့ဆီ ရောက်လာမလဲလို့တောင် မျှော်နေမိသေးတယ်ဗျ"

အားလုံးက ထောက်ခံလိုက်ကြသည်။

"ဟုတ်တယ်... ဟုတ်တယ်..."

"သိုင်းလောကသားတွေနဲ့ သိုင်းပညာ လိုက်ယှဉ်လို့ကတော့ တစ်နေ့မဟုတ် တစ်နေ့ သူ ဒုက္ခရောက်သွားမှာပဲ၊ ဒါကို သူမသိဘူးလား..."

"ကျုပ်တို့ဘက် လှည့်လာလို့ကတော့ ကောင်းကောင်းကြီး ဆုံးမပစ်လိုက်မယ်"

သံမဏိလက်ဝါး သိုင်းသမားက သက်ပြင်းချလိုက်လေ၏။

သူက ဆက်ပြောသည်။

"ကျုပ်က မိတ်ဆွေတို့ကို ဖိတ်ခေါ်လိုက်ရတာဟာ တောင်ပိုင်းဒေသ သိုင်းသမားနဲ့ ပတ်သက်နေလို့ပါဗျာ"



အားလုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။

သံမဏိလက်ဝါး သိုင်းသမားကို စိုက်ကြည့်လိုက်ကြသည်။

သံမဏိလက်ဝါး သိုင်းသမားက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်သည်။

"တောင်ပိုင်းဒေသ သိုင်းသမားက ကျုပ်ကို စိန်ခေါ်ထားတယ်၊ မကြာခင် ကျုပ်ဆီကို ရောက်လာပါလိမ့်မယ်ဗျာ၊ အဲဒါ ...င်များတို့ကို အသိပေးချင်တာပါ"

သူ၏ စကားအဆုံးတွင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား...လေတော့သည်။

ထင်းကျိုက...

"တောင်ပိုင်းဒေသ သိုင်းသမားက မိတ်ဆွေကို စိန်ခေါ်ထား...ယ် ဟုတ်လား..."

"ဒါ တမင်သက်သက် မလေးမစား စော်ကားတာပဲ"

"သူ့ကို ဆုံးမရမယ်"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြပြန်သည်။

သံမဏိလက်ဝါး သိုင်းသမားက...

"ကျုပ်က သိုင်းသမားတစ်ယောက်ပါ၊ ဒါကြောင့် သူရဲ့ ...ခေါ်မှုကို လက်ခံလိုက်တယ်၊ မကြာခင် သူ ဒီကို ရောက်လာပါ...မယ်"

ထင်းကျိုက...

"မိတ်ဆွေ... ဘယ်လို စီစဉ်ထားတယ်ဆိုတာ ပြောပြပါဦး"

သံမဏိလက်ဝါး သိုင်းသမားက...

"ကျုပ်ရဲ့ အစီအစဉ်ကိုမပြောခင် တောင်ပိုင်းဒေသ သိုင်း...းအပေါ် ကျုပ်ရဲ့ သုံးသပ်ချက်ကို ပြောပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက သဘောတူလိုက်ကြသည်။

လီဝမ်က ...

"ပြောပါဗျာ ... ကျုပ်တို့ သိရတာပေါ့"

သံမဏိလက်ဝါး သိုင်းသမားဟာ သိုင်းလောကအတွ

မျက်နှာစိမ်း တစ်ယောက်ပဲ၊ သူဟာ တောင်ပိုင်းဒေသမှာ သိုင်းပညာ

လေ့ကျင့်ပြီး ပြည့်စုံအောင်မြင်လာတာနဲ့ ပြည်မက သိုင်းပညာရှ

တွေနဲ့ ပညာချင်း ယှဉ်ပြိုင်ဖို့ ဆင်းလာခဲ့တာပဲ"

ထင်းကျိုက ...

"မိတ်ဆွေပြောတာ ဖြစ်နိုင်ပါတယ်ဗျာ"

သံမဏိလက်ဝါး သိုင်းသမားက ...

"တောင်ပိုင်းဒေသ သိုင်းသမားရဲ့ ပညာက အတော်

ကြောက်စရာကောင်းတယ်၊ ဘာကြောင့်လဲဆိုရင် ပြည်မကို ရော

လာပြီး စိန်ခေါ်ကာ တစ်လအတွင်း သိုင်းသမား ဆယ့်ငါးယော

ကို အနိုင်ယူခဲ့ပြီးပြီ ..."

ထင်းကျိုတို့ ငြိမ်ကျသွားသည်။

တောင်ပိုင်းဒေသ သိုင်းသမားသည် ကြောက်စရာကောင်

တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင် နေပါတော့သည်။

သူ့ကို အထင်သေး၍ မရတော့ပါ။

သံမဏိလက်ဝါး သိုင်းသမားဟာ သိုင်းပညာတော်တာ

တယ်၊ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်လိုက်ရင် သူ

ပညာဂုဏ်မောက်ပြီး သိုင်းလောကသားတွေကို အထင်သေး

ထင်ရှားတယ် ..."

ထိုစကားကြားလိုက်လျှင် ထင်းကျိုတို့လူစုမှာ မ

ဖြစ်သွားကြသည်။



ထိုစဉ် ...

သံမဏိလက်ဝါး သိုင်းသမားက ...

"သိုင်းလောကသားတွေကို အနိုင်ရလေလေ သူက ပိုပြီး

ဂုဏ်မောက်လေလေပဲ၊ တကယ်တမ်းတွေးကြည့်လိုက်ရင် သူ့အကြံ

ညာဟာ သိုင်းလောကကို ဖျက်ဆီးဖို့ပဲ"

"ဟင် ..."

"ဟာ ..."

ထင်းကျိုတို့ လွှတ်ခနဲ အော်လိုက်ကြ၏။

လီဝမ်းက အံကြိတ်ပြီး ပြောလေသည်။

"သိုင်းလောကကို ထိပါးလာရင်တော့ ကျုပ်တို့တွေက လက်

ခံနိုင်ဘူး"

ပါထင်းစုက ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... ကျုပ်တို့ လက်ပိုက်ကြည့် မနေနိုင်ဘူး"

သံမဏိလက်ဝါး သိုင်းသမားက ကျေနပ်သွား၏။

သူ ရှင်းပြနေသည်မှာ ဤအချက်ကိုပင် ...။

သူက ဦးခေါင်းကို တဆိတ်ဆိတ် ညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ ... ကျုပ်က ဒီကိစ္စကို တိုင်ပင်ချင်လို့

တ်ဆွေတို့ကို ဖိတ်ခေါ်လိုက်ရတာပါ"

ထင်းကျို မေးလိုက်လေ၏။

"တောင်ပိုင်းဒေသ သိုင်းသမားကိုဆုံးမဖို့ မိတ်ဆွေမှာ အစီ

စဉ်ရှိတယ် မဟုတ်လား"

သံမဏိလက်ဝါး သိုင်းသမားက ...

"ဟုတ်ပါတယ်ဗျာ ... ကျုပ်မှာ အစီအစဉ် ရှိပါတယ်"

စုဟို့က ...

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြပါဦးဗျာ"

ဟု မေးလိုက်၏။

သံမဏိလက်ဝါး သိုင်းသမားက ရှင်းပြသည်။

"တောင်ပိုင်းဒေသဒ သိုင်းသမားနဲ့ ရင်ဆိုင်ဖို့ရာ သိုင်းလောက စည်းကမ်းတွေကို လိုက်နာစရာ မလိုပါဘူး၊ သူ့ကို ဆုံးမဖို့ထက် အရေးကြီးတာ ဘာမှမရှိဘူး၊ ဒါကြောင့် ကျုပ်တို့အားလုံး စုပေါင်းပြီး ရင်ဆိုင်ဆုံးမ လိုက်ကြတာပေါ့ဗျာ"

သူ၏စကားကြောင့် အားလုံး သဘောကျသွားပြီး ချက်ချင်း ထောက်ခံလိုက်ကြလေတော့သည်။

❖ ❖ ❖

စုကျိုးမြို့ပြင် ...။

စုကျိုးမြို့ပြင်သို့ လူတစ်စု ရောက်ရှိလာကြသည်။

ထိုလူစုမှာ ...

သံမဏိလက်ဝါး သိုင်းသမားတို့ ဖြစ်သည်။

သံမဏိလက်ဝါး သိုင်းသမားနှင့်အတူ ထင်းကျိုး လီဝမ် စုဟို၊ ပါထင်းစုတို့လည်း လိုက်ပါလာကြသည်။

သူတို့သည် စုကျိုးမြို့ပြင်သို့ ရောက်လျှင် အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ရပ်စောင့်နေလိုက်ကြ၏။

မကြာမီ သူတို့ထံသို့ ဦးတည်လျှောက်လာနေသူ တစ်ယောက် ကို တွေ့လိုက်ရသည်။

တောင်ပိုင်းဒေသ သိုင်းသမားသည် သံမဏိလက်ဝါး သိုင်း သမားနှင့် ရင်ဆိုင်ရန် ရောက်ရှိလာပြီ ဖြစ်ပါသည်။

တောင်ပိုင်းဒေသ သိုင်းသမား(ဝါ) လင်ချန်းစိမ်းသည် ရှား



လင်ချန်းစိမ်း မကျေမနပ် ဖြစ်သွားသည်။

"ခင်ဗျား တစ်ယောက်ချင်း မယှဉ်ဝံ့ရင် မယှဉ်ဝံ့ဘူးလို့ ပြော ပါဗျာ"

"ဘာ ..."

သံမဏိလက်ဝါး သိုင်းသမားသည် လင်ချန်းစိမ်း၏ အမေး စကားကြောင့် အရှိက်ကို အထိုးခံလိုက်ရသလို ဖြစ်သွားပြီး ဒေါသ ထွက်သွားသည်။

"မင်းကို မယှဉ်ဝံ့ဘူးထင်ရအောင် မင်းက ဘယ်လောက် တောင်များ တော်နေလို့လဲ"

လင်ချန်းစိမ်းက ...

"ကျုပ်ပညာ ဘယ်လောက် ရှိသလဲဆိုတာ သိချင်ရင် စမ်း ကြည့်ပေါ့ဗျာ ... တစ်ခုတော့ရှိတယ်၊ ကျုပ်က ခင်ဗျား တစ်ယောက် တည်း မဟုတ်ဘူး၊ အားလုံး ဝိုင်းတိုက်ကြရင်လဲ ဂရုမစိုက်ဘူး ..."

သံမဏိလက်ဝါး သိုင်းသမားသည် အခွင့်အရေးကို လက်လွှတ် မခံချေ။

သူ့ကိုယ်သူ စိတ်မချသဖြင့် ဤအဖြစ်ရောက်အောင် သူက ကျူးသွင်းထားခြင်း ဖြစ်ပါသည်။

"ဩော် ... ခင်ဗျားက ဒီလောက်တောင် ဘဝင်မြင့်နေတာကိုး၊ ကောင်းပြီလေ ကျုပ်တို့အကြောင်း သိရမှာပေါ့၊ သတိသာထားပေ တော့ ..."

သူက စတင် တိုက်ခိုက်လိုက်လေသည်။

ကြိုတင် စီစဉ်ထားသည့်အတိုင်း ထင်ကျိုတို့ကလည်း ဝင် ရောက်တိုက်ခိုက်လိုက်ကြသည်။

လင်ချိန်းစိမ်းက ပြန်လည်တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာတော့သည်။

သံမဏိလက်ဝါး သိုင်းသမားတို့သည် အကြောင်းအမျိုးမျိုး ပြကာ လင်ချန်းစိမ်းအား ဝိုင်းပြီး တိုက်ခိုက်ကြသည်။

အမှန်တော့ တောင်ပိုင်းဒေသ သိုင်းသမားက နာမည်ကြီးလာသည်ဖြစ်ရာ သံမဏိလက်ဝါး သိုင်းသမားသည် ဘစ်ယောက်ချင်း မယှဉ်ဝံ့သဖြင့် အကြောင်းပြကာ ဝိုင်းတိုက်ကြခြင်း ဖြစ်သည်။

သူတို့ငါးယောက်စလုံးမှာ ထိပ်တန်း သိုင်းသမားများချည်း ဖြစ်ကြသည်။

သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပါတော့သည်။

လင်းချန်းစိမ်းသည် သတိကြီးစွာထားပြီး လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းလိုက်ပြီး ပြန်လည် တိုက်ခိုက်လိုက်သည်။

သံမဏိလက်ဝါး သိုင်းသမားတို့လူစုသည် တစ်ယောက်ခင် တစ်ယောက်ထွက်ဖြင့် မရပ်မနား တိုက်ခိုက်လိုက်ကြသည်။

လင်ချန်းစိမ်းကလည်း ပြန်လည်ခုခံ တိုက်ခိုက်လိုက်၏။

အချိန်များကလည်း တရွေ့ရွေ့ ကုန်ဆုံးသွားပါသည်။

တိုက်ပွဲ၏ အရှိန်အဟုန်သည် တစ်စထက်တစ်စ ပို၍ပြင်းထန်လာသည်။

နောက်ဆုံး ...

"ဝုန်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

လင်ချန်းစိမ်း နောက်ဆုတ်လိုက်ရ၏။

သံမဏိလက်ဝါး သိုင်းသမားတို့လူစုလည်း နောက်သို့ ဆုတ် လိုက်ကြရလေသည်။



တိုက်ပွဲပြီးဆုံးသွား၏။

လင်ချန်းစိမ်း နောက်ဆုတ်လိုက်၏။

ထိုအတူ ...

သံမဏိလက်ဝါး သိုင်းသမားတို့လူစုသည်လည်း နောက်ဆုတ် လိုက်ကြ၏။

သူတို့သည် လင်ချန်းစိမ်းကို မျက်လုံးပြူး၍ ကြည့်နေကြ၏။

ထိတ်လန့်တုန်လှုပ်နေသည့် အသွင်လည်း အထင်သားပေါ် လွှင်နေလေသည်။

လင်ချန်းစိမ်း ပြုံးလိုက်သည်။

"ခင်ဗျားတို့ ငါးယောက်ရဲ့ သိုင်းပညာ အခြေအနေ ဘယ်လို ရှိတယ်ဆိုတာကို ကျုပ် သိသွားပါပြီ၊ ခုလို ကျုပ်ကို ဝိုင်းတိုက်ကြ တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထို့ကြောင့် ...

သံမဏိလက်ဝါး သိုင်းသမား မျက်နှာပျက်သွားသည်။

သူတို့စုပေါင်း တိုက်ခိုက်လိုက်ကြသော်လည်း အနိုင်မရသည့် အပြင် အရေးနိမ့်သွားသည် မဟုတ်ပါလား။

အကယ်၍ ...

လင်ချန်းစိမ်းကသာ လက်နက်တစ်ခုခု ကိုင်ဆောင်တိုက်ခိုက် မည်ဆိုလျှင် သူတို့ ထိခိုက်ဒဏ်ရာ ရသွားကြမည်မှာ သေချာလှ ပေတော့သည်။

သံမဏိလက်ဝါး သိုင်းသမားက ...

"ခင်ဗျားရဲ့ ပညာဟာ အံ့သြစရာ ကောင်းလောက်အောင် ထက်မြက်နေတယ်ဆိုတာ ကျုပ်တို့သိလိုက်လို့ ချီးကျူးပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လင်ချန်းစိမ်းက ပြောသည်။

"ကျုပ်ကို ခုလိုချီးကျူးလို့ ကျေးဇူးပါပဲဗျာ။ ကဲ … ကျုပ်ကို ခွင့်ပြုပါဦး"

သူသည် ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ခဏနေပါဦးဗျာ"

သံမဏိလက်ဝါး သိုင်းသမားက ဟန့်တားလိုက်၏။

လင်ချန်းစိမ်းက …

"ဘာများ ပြောချင်လို့လဲဗျ"

သံမဏိလက်ဝါး သိုင်းသမားက …

"ကျုပ်က မိတ်ဆွေကို မေးစရာလေးတစ်ခု ရှိလို့ပါ"

လင်ချန်းစိမ်းက …

"မေးပါဗျာ"

သံမဏိလက်ဝါး သိုင်းသမားက …

"မိတ်ဆွေဟာ သိုင်းလောကထဲကို ဆင်းလာခဲ့တာဟာ သိုင်းပညာယှဉ်ပြိုင်ဖို့ သက်သက်ပဲလားဗျာ"

လင်ချန်းစိမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မိတ်ဆွေရဲ့ ရည်ရွယ်ချက်ကို သိပါရစေ …"

လင်ချန်းစိမ်းက …

"ကျုပ်က သိုင်းပညာကို လေ့ကျင့်ခဲ့ပါတယ်၊ တောင်ပိုင်းဒေသမှာ ကျုပ်ကို ယှဉ်ပြိုင်နိုင်တဲ့လူ မရှိလို့ ပျင်းစရာကောင်းတာနဲ့ ပြိုင်ဘက်ရှာဖို့ ပြည်မကို လာခဲ့တာပါ"

သံမဏိလက်ဝါး သိုင်းသမားက …

"တခြား ရည်ရွယ်ချက်များ ရှိသေးသလား"



လင်ချန်းစိမ်းက …

"မရှိပါဘူး …"

သံမဏိလက်ဝါး သိုင်းသမားက တောင်းပန်လိုက်လေ၏။

"အင်း … မိတ်ဆွေရဲ့ ရည်ရွယ်ချက်ကတော့ တကယ့်ကို အံ့သြစရာ ကောင်းပါတယ်ဗျာ၊ ကျုပ်တို့က သိုင်းလောကကို ဖျက်ဆီးမယ်ထင်လို့ ဝိုင်းပြီး တိုက်ခိုက်မိကြတာ ခွင့်လွှတ်ပါဗျာ"

လင်ချန်းစိမ်း ဝမ်းသာသွားသည်။

"အို … ကိစ္စမရှိပါဘူးဗျာ"

ပြည်မသို့ရောက်လာပြီး ယှဉ်ပြိုင်ခြင်းဖြင့် ရန်သူပေါ်များလာမည်ဖြစ်ကြောင်း သိထား၏။

ယခု … သံမဏိလက်ဝါး သိုင်းသမားတို့နှင့် မိတ်ဆွေဖြစ်နိုင်သည့် အခွင့်အရေး ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိထား၏။

သံမဏိလက်ဝါး သိုင်းသမားက ပြောသည်။

"ကျုပ်တို့က မိတ်ဆွေနဲ့ ခင်မင်ရင်းနှီးချင်တယ်ဆိုရင် ဘယ်လို သဘောရသလဲဗျာ"

လင်ချန်းစိမ်းက …

"ဟာ … သိပ်ကောင်းတာပေါ့ဗျာ … ကျုပ် လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး"

သံမဏိလက်ဝါး သိုင်းသမားကလည်း ဝမ်းသာအားရ ပြောလိုက်သည်။

"ဝမ်းသာလိုက်တာဗျာ"

သူက ထင်းကျိုတို့ဘက်သို့ လှည့်လိုက်ပြီး …

"ကဲ … အားလုံး ကြားတဲ့အတိုင်းပဲ၊ ခုချိန်းကစပြီး တောင်ပိုင်းဒေသ သိုင်းသမားနဲ့ ကျုပ်တို့ မိတ်ဆွေတွေ ဖြစ်သွားကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

ထင်းကျိုတို့က ...

"ဝမ်းသာစရာကောင်းတဲ့ မင်္ဂလာစကားပါပဲဗျာ"

သံမဏိလက်ဝါး သိုင်းသမားက ...

"မိတ်ဆွေရဲ့ သိုင်းပညာဟာ ကျုပ်တို့ထက် အများကြီးအဆင့်မြင့်ပါတယ်၊ လေးစားပါတယ်ဗျာ"

သူက ပြောပြောဆိုဆို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

လင်ချုန်းစိမ်းကလည်း ပြန်လည်ဂါရဝပြုရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် မမျှော်လင့်သော ပြောင်းလဲမှုတစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေတော့သည်။

သံမဏိလက်ဝါး သိုင်းသမားသည် ဦးညွှတ်ဂါရဝပြုရန် ဟန်ပြင်လိုက်ပြီး အလစ်အငိုက်ဖမ်းကာ လင်ချုန်းစိမ်း၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

သူ၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသည်။

လင်ချုန်းစိမ်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့၏။

သံမဏိလက်ဝါး သိုင်းသမားက အကောက်ကြံလိုက်ပြီ ဖြစ်ကြောင်း သိရှိသွားလေ၏။

"ဒါ ဘာလုပ်တာလဲ"

သူသည် ရှောင်တိမ်းရန် ဟန်ပြင်လိုက်သည်။

သို့သော် ...

အငိုက်မိသွားသဖြင့် လက်မတင်လေး နောက်ကျသွားသည်ဟု ဆိုနိုင်သည်။



သံမဏိလက်ဝါး သိုင်းသမား၏ လက်ဝါးသည် သူ၏ရင်ဝကို တည့်တည့်မတ်မတ် ရိုက်ချမိလိုက်လေသည်။

"ဝုန်း ..."

"အား ..."

လင်ချုန်းစိမ်း စူးရှစွာအော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟား ... ဟား ... ဟား ..."

သံမဏိလက်ဝါး သိုင်းသမားက ဟားတိုက်ရယ်မောလိုက်လေတော့သည်။

ထင်းကျိုတို့လည်း ရယ်မောလိုက်သည်။

သူတို့၏ ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လင်ချုန်းစိမ်းသည် အဝေးသို့ လွင့်စဉ်သွားပြီး ကပျာကယာ လူးလိမ့်ထလိုက်၏။

သံမဏိလက်ဝါး သိုင်းသမားတို့က အကောက်ကြံလိုက်သည် ဖြစ်၍ ဒေါသအမျက် ခြောင်းခြောင်း ထွက်နေပါသည်။

"မင်း ... မင်း ... တော်တော် ယုတ်မာတာပါလား"

သူသည် ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ...

သူ၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ရင်သွားသည်။

"ဝေါ့ ..."

ပါးစပ်မှ သွေးများ အန်ထုတ်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

သံမဏိလက်ဝါး သိုင်းသမားက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့ လက်ဝါးတစ်ချက် မိပြီးလို့မှ ကျုပ်ကို ရန်ပြုနိုင်သေးတယ်ဆိုရင် သံမဏိလက်ဝါး သိုင်းသမားဆိုတဲ့ဘွဲ့ကို စွန့်လွှတ်လိုက်ပါမယ့်ဗျာ"

မှန်ပေသည်။

သူသည် လက်ဝါးရိုက်ချက်သည် ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်လှသဖြင့် သိုင်းလောကသားများက သံမဏိလက်ဝါးဟု ဘွဲ့ထူးပေးကြခြင်း ဖြစ်သည်။

လင်ချန်းစိမ်က ဒေါသထွက်နေပါသော်လည်း မတတ်သာဘဲ မြေပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေလိုက်ရသည်။

သံမဏိလက်ဝါး သိုင်းသမားက ရယ်၍မေးလိုက်၏။

"ခင်ဗျားရဲ့ မတောက်တစ်ခေါက် ပညာလေးနဲ့ ပြည်မက သိုင်းသမားတွေကို ယှဉ်ပြိုင်လို့ ရမလား ..."

"ဟား ... ဟား ... ဟား"

ထင်းကျိုတို့ သဘောကျစွာ ရယ်မောလိုက်ကြလေ၏။

လီဝမ်းက မြှောက်ပင့်ပြောသည်။

"မိတ်ဆွေကြီးကတော့ သိုင်းလောကကို နှောင့်ယှက်နေတဲ့ လူကို ဆုံးမလိုက်လို့ နာမည်ကြီးဦးမှာပဲ"

သံမဏိလက်ဝါး သိုင်းသမားက ရင်ကော့လိုက်သည်။

"သိုင်းလောကကို နှောင့်ယှက်လာရင်တော့ ကျုပ်က ဘယ်လက်ပိုက်ကြည့်နေနိုင်ပါ့မလဲဗျာ"

သူက ဝင့်ကြွားစွာ ပြောလိုက်သည်။

အမှန်တော့ ...

သူတို့သည် ဟန်ဆောင်ကာ ဂုဏ်ယူနေကြခြင်း ဖြစ်ကြောင်း အားလုံး သိထားကြလေသည်။



သူတို့ကိုယ်လည်း သူတို့ သိထားကြသည်။

သံမဏိလက်ဝါး သိုင်းသမားက လင်ချန်းစိမ်းကို ကြည့်ကာ ပြောလိုက်၏။

"ကျုပ်သဘောကတော့ သူ့ကို ဒီအတိုင်း လွှတ်မထားချင်တော့ဘူး ..."

ထင်းကျိုက မေးသည်။

"မိတ်ဆွေ ဘာလုပ်ချင်လို့လဲ"

ထိုအခါ ...

သံမဏိလက်ဝါး သိုင်းသမားက ...

"သူ့ကို လွှတ်ထားလိုက်ရင် ဝေဒနာသက်သာသွားတာနဲ့ သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်ဦးမှာပဲ ဒါကြောင့် ..."

သူ၏ စကားမဆုံးမီ စုယိုက ကြားဖြတ်ပြောလိုက်သည်။

"ရှုပ်ပါရယ်ဗျာ ... သူ့ကို ရှင်းပစ်လိုက်တာပေါ့"

"ဟုတ်တယ် ... ဒါမှ ကိစ္စအားလုံး ပြီးပြယ်သွားမှာ ..."

လင်ချန်းစိမ်းအား နှုတ်ပိတ်ပစ်ဖို့ အရေးကြီးလှပေသည်။

သံမဏိလက်ဝါး သိုင်းသမားက ပြောသည်။

"ဒီကိစ္စကို ကျုပ်က စတာဆိုတော့ ကျုပ်ကပဲ ပြီးဆုံးသွားတဲ့အထိ တာဝန်ယူလိုက်ပါမယ်ဗျာ"

သူသည် စကားဆုံးသည်နှင့် ရှေ့သို့ လှမ်းသွားလိုက်၏။

နောက်ထပ် လက်ဝါးတစ်ချက် ရိုက်လိုက်ရုံဖြင့် လင်ချန်းစိမ်း အသက်ပျောက်သွားလိမ့်မည် ဖြစ်လေသည်။

လင်ချန်းစိမ်းမှာ မြေပေါ်တွင် လဲကျနေဆဲ ...။

ပြင်းထန်သော လက်ဝါးရိုက်ချက် ခံထားရသဖြင့် သတိလစ်မလိုဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်ဝါး သိုင်းသမားက...

"ကဲ...သေဖို့သာ ပြင်ထားပေတော့..."

သူက လက်ဝါးမြှောက်လိုက်သည်။

ထိုစဉ်...

"ရပ်လိုက်..."

ရုတ်တရက်...

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ထိုအခါ...

သူတို့ထံ ဦးတည်ကာ လှမ်းလာနေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

လူငယ် တစ်ယောက်...

အသက်နှစ်ဆယ် ဝန်းကျင်ခန့်ရှိပြီး အပြာရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်ပါသည်။

ယောက်ျားပီသသော ရုပ်သွင်ရှိသလို ခါး၌ ဓားတစ်လက်ကို ချိတ်ဆွဲထားရာ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေလေတော့သည်။

ထူးခြားသည်မှာ...

ထိုလူငယ်၏ခါး၌ ချိတ်ဆွဲထားသော ဓားသည် ၁ ပေခွဲခန့်သာရှိသော ဓားတိုတစ်လက် ဖြစ်နေခြင်းပင်တည်း။

သံမဏိလက်ဝါး သိုင်းသမား မျက်မှောင်ကြုတ်သွားသည်။

"မင်း...ဘယ်သူလဲ...ဘာကိစ္စလဲ"

ဟု ခပ်မာမာ မေးလိုက်လေသည်။



လူငယ်က...

"ကျုပ်မှာ ဘာကိစ္စမှ မရှိပါဘူးဗျာ၊ ကိစ္စရှိနေတာက ခင်ဗျားတို့လူစုပါ"

"ဘာကွ..."

ခင်ဗျားတို့က မတရား လုပ်နေကြတယ် မဟုတ်လား"

"ဟင်..."

လူငယ်၏ စကားကြောင့် သံမဏိလက်ဝါး သိုင်းသမားတို့လူစု လှုပ်လှုပ် ရှားရှား ဖြစ်သွားကြသည်။

လူငယ်က ပြောလိုက်သည်။

"ကျုပ် ရောက်နေတာ ကြာပါပြီ၊ ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေကို အစအဆုံး တွေ့မြင်ထားပါတယ်ဗျာ"

သံမဏိလက်ဝါး သိုင်းသမားတို့လူစု ရင်ထိတ်သွား၏။

လူငယ်သည် သူတို့အတွက် အန္တရာယ်တစ်ခုဟု ချက်ချင်းပင် တွေးလိုက်မိသည်။

သံမဏိလက်ဝါး သိုင်းသမားက ပြောလိုက်သည်။

"နေပါဦး...မင်းက ဘယ်သူလဲ၊ ဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်ရှုပ်ချင်ရတာလဲကွ"

"ကျုပ် ဘယ်သူလဲဆိုတာထက် ခင်ဗျား ဘာကြောင့် ခုလို လုပ်ရတယ်ဆိုတာက ပိုပြီးတော့ အရေးကြီးပါတယ်ဗျာ"

"ဘာကွ..."

"ခင်ဗျားတို့ဟာ လူတစ်ယောက်တည်းကို ငါးယောက်ပေါင်းပြီး တိုက်ခိုက်ကြတယ်၊ ဒါတောင် အနိုင်မရနိုင်လို့ အကောက်ကြံလိုက်ကြတယ်၊ ဒါကို အရေးကြီးတယ်မပြောရင် ဘာကို ပြောရမှာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်ဝါး သိုင်းသမားသာမက ထင်းကျိုတို့ပါ မျက်နှ
ပျက်သွားကြလေတော့သည်။

ထင်ကျိုတို့က ရှေ့သို့ လှမ်းထွက်လာသည်။

သူက ဒေါသနှင့် ပြောလေ၏။

"ဟေ့ကောင်...စကားရှည်လိုက်တာ မင်း သေချင်နေ
ထင်တယ်"

လူငယ်က...

"ကျုပ်ထက် ခင်ဗျားတို့က ပိုပြီးတော့ အရေးကြီးပါတယ
ခင်ဗျားတို့ရဲ့ လုပ်ရပ်ကို သိုင်းလောကသားတွေ သိသွားရင် ခင်ဗျာ
တို့ ကိုယ့်ကိုကိုယ် အဆုံးစီရင် ပစ်ချင်ကြမယ်လို့ ကျုပ် ပြောရတယ်

"ဘာ..."

လူငယ်သည် သူတို့၏ လုပ်ရပ်ကို သိုင်းလောက၌ ဖွင့်
လိုက်မည်ဆိုလျှင် သူတို့အားလုံး ဒုက္ခရောက်ရလိမ့်မည်ဟု ထင်း
တို့ နားလည်လိုက်ကြသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ
လူငယ်ကိုပါ ရှင်းပစ်မှ ဖြစ်တော့မည်ဟု သဘောပေါက်လို
ကြသည်။

ရှင်းပစ်ကြမည်ဟူသည့် အကြည့်များတည်း။

သံမဏိလက်ဝါး သိုင်းသမားက...

"ငါ့ညီက အတော့်ကို ဒေါသကြီးတာကိုး၊ တကယ်
သူဟာ သိုင်းလောကကို ဒုက္ခပေးမယ့် လူပဲကွ၊ သိုင်းပညာအ
လည်းမြင့်တော့ ဘယ်လိုမှ မတတ်သာတာနဲ့ ခုလို လုပ်ခဲ့ရတာ

လေပြည်ထိုးလိုက်သည်။

အခက်အခဲ ပြဿနာ တစ်စုံတစ်ခု ပေါ်ပေါက်လာ



ံမဏိလက်ဝါး သိုင်းသမားသည် လှည့်စားခြင်းဖြင့် ဖြေရှင်းတတ်
လှရှိသည်။

တစ်ဖက်လူက သူ့အပေါ် အာရုံစိုက်မှု လျော့နည်းသွားချိန်
င် အလစ်အငိုက်ဖမ်းကာ တိုက်ခိုက် အနိုင်ယူလေ့ ရှိပေသည်။

လူငယ် ပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို လှည့်စားဖို့ ကြိုးစားရင် မှားသွားလိမ့်
ယ်ဗျ..."

သံမဏိလက်ဝါး သိုင်းသမား၏ မျက်နှာ မည်းမှောင်သွား၏။

အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသည့် ဓားမြှောင်လေးတစ်ချောင်း
ည် ရုတ်တရက် ထွက်ပေါ်လာပြီး လူငယ်၏ ရင်ဝဆီသို့ လှစ်ခနဲ
က်သွားတော့သည်။

သူ၏ တိုက်ခိုက်မှုမှာ တကျမြန်ဆန်လှသည်။

တော်ရုံတန်ရုံလူဆိုလျှင် ရှောင်နိုင်မည် မဟုတ်ဘဲ ရင်ဝသို့
မှန်စိုက်ဝင်ကာ သေဆုံးသွားလိမ့်မည် ဖြစ်သည်။

သို့သော်...

လူငယ်သည် ခေသူတစ်ယောက် မဟုတ်ကြောင်း ထင်ရှား
ါလွင်လာသည်။

"ပြောရင်း ဆိုရင်း ကျုပ်ကိုတောင် အကောက်ကြံပြန်ပြီကိုး"

လူငယ်က ပြောပြောဆိုဆို လက်ကိုဝှေ့ယမ်းလိုက်သည်။

"ဖတ်"...

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

သံမဏိလက်ဝါး သိုင်းသမား ပစ်လိုက်သော ဓားမြှောင်သည်
ငယ်၏ လက်ထဲသို့ ရောက်သွားသည်။

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



သံမဏိလက်ဝါး သိုင်းသမား မျက်နှာပျက်သွားသည်။

သူ၏ ဓားမြှောင်ကို ဖမ်းထားလိုက်နိုင်သဖြင့် လူငယ်သည် ခေသူတစ်ယောက် မဟုတ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

လူငယ်က ...

"သူက သိုင်းပညာကို အဓိကထားတဲ့လူပါဗျာ၊ သူဟာ သိုင်းလောကသား‌တွေကို စိန်ခေါ်ပြီး လိုက်လံယှဉ်ပြိုင်ခဲ့တယ် ဆိုပေမယ့် သူကြောင့် ဘယ်သူမှ အသက်အန္တရာယ် ထိခိုက်မှု မရှိခဲ့ပါဘူး။ ခင်ဗျားတို့ကသာ သိုင်းလောကသားအဖြစ် ခံယူထားပြီး ထင်ရာစိုင်းနေကြတဲ့ လူတွေဆိုတာ ထင်ရှားပေါ်လွင် နေပါပြီ"

မြေပေါ်လဲကျနေသည့် လင်ချန်းစိမ်းကို ညွှန်ပြကာ ပြောလိုက်လေ၏။

လင်ချန်းစိမ်းသည် ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် လူးလိမ့်ထဖို့ မကြိုးစားနိုင်ဘဲ ရှိနေ၏။

မြေပေါ်တွင် လဲလျောင်းနေရင်း ပြောဆိုနေကြသော စကားသံများကို အတိုင်းသား ကြားနေရပေတော့၏။

သံမဏိလက်ဝါး သိုင်းသမားက ပြောလိုက်၏။

ဓားမြှောင်ဖြင့် လုပ်ကြံပြီးသော်လည်း သူ့စကားက တိုက်ခိုက်ရန် ဟန်ပြင်နေသည်။

"သြော် ... မင်းက ငါတို့ကိုလာပြီး ဓော်ကားနေတာကိုး ... မင်းဟာ သူ့အကြောင်း သိထားတဲ့လူဆိုတော့ သူ့ရဲ့ ဘက်တော်သားပဲပေါ့၊ ဒါဆို ငါတို့ ရန်သူပဲ"

လူငယ်က ...

"ကျုပ်က သူ့အကြောင်း သိထားတာမှန်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့ဘက်တော်သားတော့ မဟုတ်ဘူး၊ သူ့ကို သိုင်းသမား အတော်များများက မယှဉ်နိုင်ကြဘူးဆိုတာသိလို့ သူ့ကိုယှဉ်ဖို့ ကျုပ် လိုက်ရှာနေတာ၊ ကျုပ်ကို ခင်ဗျားတို့က ရန်သူလို့ သဘောထားကြတာ၊ ကျုပ်ကတော့ ဝမ်းသာရဦးမှာ ..."



"မင်း ... မင်း ..."

"ခင်ဗျားတို့ကို လူစားမျိုးတွေနဲ့ မိတ်ဆွေဖြစ်ရမှာကို တွေးကြည့်ရုံနဲ့ ရှက်စရာ ကောင်းနေပါပြီဗျာ"

ထင်ကျိ၊ လီဝမ်း၊ စုဟို၊ ပါထင်းစုတို့ မနေနိုင်ကြတော့ချေ။

"ကြီးကြီးကျယ်ကျယ် ပြောတဲ့ကောင်လေး ... သေဖို့သာ ပြင်ထားပေးတော့"

"ကြာတယ် ချကွာ ..."

"ဟုတ်အေယ် ... သူ့ကို ရှင်းပစ်လိုက် ..."

တစ်ယောက်တစ်ပေါက် အော်ပြောကာ လူငယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

လူငယ်ကလည်း ချက်ချင်းပင် တုံ့ပြန် တိုက်ခိုက်လိုက်လေတော့သည်။

ပြင်းထန်သော တိုက်ပွဲသည် ခုတိယအကြိမ် ထပ်မံ၍ ဖြစ်ပေါ်လာသည်။

သံမဏိလက်ဝါးသိုင်းသမားတို့လူစုသည် လူငယ်ထံသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

သူတို့ငါးယောက်၏ စုပေါင်းတိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

သူတို့၏လက်ချက်ကြောင့် လူငယ်ရှုံးပြီး သေသွားမည်ဟု ထင်ရသည်။

www.burmeseclassic.com



သို့သော်...

လူငယ်သည် ပြင်းထန်သောတိုက်ခိုက်မှုကို လုံးဝအမှုမထားပါချေ။

နောက်ဆုတ်ရှောင်တိမ်းခြင်းလည်း မပြုချေ။

ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး လေပွေတစ်ခုပမာ ခန္ဓာကိုယ်လှည့်ပတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

လူငယ်၏လှုပ်ရှားမှုကြောင့် တစီစီမြည်သံများထွက်ပေါ်လာလေ၏။

မရှေးမနှောင်းမှာပင်...

"ခွမ်း...ခွမ်း...ခွမ်း"

သံသံချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံများ ထွက်ပေါ်လာလေသည်။

သံမဏိလက်ဝါးသိုင်းသမားတို့လူစု ကိုင်ဆောင်ထားသောလက်နက်များမှာ အပိုင်းပိုင်းကျိုးပဲ့ကာ မြေပေါ်တွင် လွင့်စဉ်ကျကုန်တော့သည်။

ထို့အပြင်...

"ဂွန်း..."

"အား..."

"အမယ်လေး..."

စူးရှသော အော်ဟစ်သံများနှင့်အတူ သံမဏိလက်ဝါး သိုင်းသမားတို့လူစု ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီဖြစ်သည်။

သံမဏိလက်ဝါးသိုင်းသမားတို့လူစု အရေးနိမ့်သွားကြသည်။

လူငယ်အား ဝိုင်းပြီး တိုက်ခိုက်ကြသော်လည်း အနိုင်မရကြ



သည့်အပြင် လူငယ်၏လက်ချက်များဖြင့် ဒဏ်ရာကိုယ်စီ ရသွားကြပြီ ဖြစ်လေသည်။

သံမဏိလက်ဝါးသိုင်းသမားသည် လူငယ်ကို မယုံကြည်နိုင်စွာကြည့်ရင်း မေးလိုက်လေသည်။

"မင်း...မင်း ဘယ်သူလဲ"

လူငယ် ပြုံးလိုက်သည်။

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိချင်တယ်ပေါ့ ဟုတ်လား"

သံမဏိလက်ဝါးသိုင်းသမားက...

" ဟုတ်တယ်"

"ကောင်းပြီ...ဟောဒီမှာ ကြည့်ထား"

စကားဆုံးလျှင် လူငယ်သည် လက်ထဲမှဓားကို ဝှေ့ယမ်းလိုက်လေသည်။ ထိုအခါ...

"ဗိုး...ဗိုး...ဗိုး"

တဗိုးဗိုးမြည်သံများ ထွက်ပေါ်လာသလို ဓားဝှေ့ယမ်းလိုက်သည့်အရှိန်ကြောင့် လေပွေလေးတစ်ခု တိုက်ခတ်လာသည်ဟုပင် ထင်မှတ်လိုက်သည်။

လူငယ်သည် ဓားကို ဝှေ့ယမ်းရင်း ဓားအိမ်ထဲသို့ပြန်လည်ထိုးသွင်းလိုက်၏။

"ခွမ်း..."

ကျယ်လောင်သောအသံထွက်ပေါ်လာပြီး ဓားမှာ ဓားအိမ်ထဲသို့ ရောက်ရှိသွား၏။

လေပွေလေလည်း ကွယ်ပျောက်သွားလေသည်။

သံမဏိလက်ဝါးသိုင်းသမားသည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နဖူးပေါ်တွင် ချွေးများစို့ရွှဲနေသည်။

အတော်ကလေးကြာမှ ထိတ်လန့်စွာ ပြောလေ၏။

"အ...အရိပ်မဲ့ဓား..."

လူငယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ခုဆိုရင် ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားတို့ သိသွားကြပြီထင်တယ်"

သံမဏိလက်ဝါးသိုင်းသမား၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ ချက်ချင်းပင် မြေပေါ်ဒူးထောက်ချလိုက်ပြီး...

"ကျုပ်...ကျုပ်တို့အသက်ကို ချမ်းသာပေးပါဗျာ"

ဟု တောင်းပန် တိုးလျှိုးလေတော့သည်။

❖ ❖ ❖

သံမဏိလက်ဝါးသိုင်းသမားတို့လူစု ထွက်သွားကြပြီဖြစ်ပါသည်။

လူငယ် (ဝါ) အရိပ်မဲ့ဓားက အသက်ချမ်းသာပေးလိုက်ခြင်းကြောင့် ကံကောင်းသွားသည်ဟု ဆိုနိုင်သည်။

"အင်း...အင်း"

ညည်းညူသံ ထွက်ပေါ်လာသည်။

လင်ချန်းစိမ်းသည် လဲကျနေရာမှ လူးလိမ့်ပြီး ထထိုင်လိုက်လေသည်။

အနည်းငယ်လှုပ်ရှားလိုက်သည်နှင့် မောဟိုက်လာသည်။

လူငယ်က...

"သိပ်ပြီး လှုပ်လှုပ်ရှားရှားမလုပ်ပါနဲ့ဗျာ၊ ခင်ဗျားမှာ အတွင်းဒဏ်ရာရထားတယ် မဟုတ်လား"



လင်ချန်းစိမ်းက အံကြိတ်၍ ပြောလိုက်၏။

သူသည် စိတ်ဓာတ်ပြင်းထန်လှသည်။

"ကျုပ်က ဒီဒဏ်ရာလောက်နဲ့ သေသွားမှာမဟုတ်ဘူး"

သံမဏိလက်ဝါးသိုင်းသမားတို့အား လွှတ်ပေးလိုက်သဖြင့် လူငယ်ကို မကျေမနပ် ဖြစ်နေသည့်သဘောပင် ဖြစ်သည်။

မှန်ပါသည်။

ကောက်ကျစ်စဉ်းလဲလှသော သံမဏိလက်ဝါးသိုင်းသမားတို့အား မှတ်လောက်သားလောက် ဆုံးမသင့်သည်ဟု မည်သူမဆို ပြောကြမည် မဟုတ်ပါလား။

လူငယ်က ရိပ်မိလိုက်သည်။

"လောကမှာ မကောင်းတဲ့လူတွေအတွက် နေရာမရှိပါဘူးဗျာ"

လင်ချန်းစိမ်းက လူငယ်ကို မျက်လုံးလှန်ကြည့်လိုက်၏။

လူငယ်က သူ့အား ပြုံးပြနေသည်ကို တွေ့လိုက်ရသည်။

လင်ချန်းစိမ်းက မေးလိုက်၏။

"မင်းက ငါနဲ့ယှဉ်ပြိုင်ဖို့ လိုက်ရှာနေတာ မဟုတ်လား"

လူငယ်က ပြန်ပြောသည်။

"အခုတော့ မဟုတ်တော့ပါဘူးဗျာ"

လင်ချန်းစိမ်းက...

"ငါ ဒဏ်ရာရနေပေမယ့် မင်းကို ယှဉ်ပြိုင်နိုင်ပါသေးတယ်"

လူငယ်က လက်ကာပြလိုက်သည်။

"ကျုပ်ကတော့ မယှဉ်နိုင်တော့ပါဘူးဗျာ"

လင်ချန်းစိမ်းက...

"ငါက သိုင်းလောကထဲကို ရောက်လာတာ မကြာသေးဘူး၊ ဒါပေမယ့် အရိပ်မဲ့ဓားဟာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လို့ကြားခဲ့ရတယ်၊ ငါက လိုက်ရှာချင်ပေမယ့် မင်းက ခြေသလုံးအိမ်တိုင် ပျောက်သွားနေတာမို့ တွေ့ရဖို့မလွယ်လို့ လက်လျှော့ထားလိုက်တာ"

မှန်ပါသည်။

လင်းချမ်းစိမ်း ပြည်မသို့ရောက်လာပြီး သိုင်းလောကအကြောင်း စုံစမ်းခဲ့ရာ ကျော်ကြားလှသော သိုင်းသမားများ၏ အမည်ကို တစ်စထက်တစ်စ သိလာခဲ့ရသည်။

အတွင်းအားပညာတွင် ဂူတန်းကိုဆင်း...

လက်နက်မဲ့ သိုင်းပညာတွင် ရှောင်လင်ကျောင်း...

စသည် စသည် ထင်ရှားနေပုံများကို သိခဲ့ရလေသည်။

ထို့အတူ...

ဓားပညာတွင် အရိုပ်မဲ့ဓားသည် ပြိုင်ဘက်ကင်းသူဖြစ်ကြောင်း သိခဲ့ရသည်။

အရိုပ်မဲ့ဓားနှင့် ယှဉ်ပြိုင်ရန်လည်း ဆုံးဖြတ်ခဲ့သည်။

သို့သော်...

အရိုပ်မဲ့ဓားသည် ခြေသလုံးအိမ်တိုင် သွားလာနေတတ်ပြီး သူ၏မွေးရပ်ဇာတိတွင် အနေနည်းကြောင်းသိရသဖြင့် လိုက်မရှာနိုင်ခဲ့ဘဲ လက်လျှော့ထားခဲ့သည်။

ယခု...

အရိုပ်မဲ့ဓားသည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

လူငယ်က...

"သိုင်းပညာပြိုင်တယ်ဆိုတာ တကယ်တော့ အရေးကြီးတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူးဗျာ၊ တတ်ကျွမ်းလိမ္မာတဲ့အပေါ် မူတည်ပြီး



သူ့ပညာနဲ့သူ အစွမ်းထက်ကြတာချည်းပဲ မဟုတ်လား၊ တကယ်တမ်းအဓိကကျတာက ကိုယ်တတ်ထားတဲ့ပညာနဲ့ အများအတွက် ဘယ်လိုအကျိုးကျေးဇူးပြုရမလဲဆိုတာပါပဲဗျာ"

"ဟင်..."

သူ၏ခံယူချက်နှင့် အရိုပ်မဲ့ဓား (ဝါ) လူငယ်၏ခံယူချက်မှာ မိုးနဲ့မြေပမာ ကွာခြားနေသည် မဟုတ်ပါလား။

လူငယ်က ဆက်ပြောသည်။

သူ့ပညာသာတယ် ကိုယ့်ပညာသာတယ်ဆိုတာထက် ဘယ်သူက အများအတွက် အကျိုးကျေးဇူးပိုပြီးပြုနိုင်သလဲဆိုတာကို ပြိုင်ကြရရင် ဘယ်လောက်များ ကောင်းမလဲဗျာ"

"မင်း...မင်း..."

လင်းချမ်းစိမ်း ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

လူငယ်က ပြုံးလိုက်သည်။

"ပြီးတော့ မိတ်ဆွေတစ်ယောက် တိုးလာတာဟာ ရန်သူတစ်ယောက်ရှိတာထက် ပိုပြီးအကျိုးကျေးဇူးရှိတယ် မဟုတ်လားဗျာ"

သူသင် ပြောပြောဆိုဆို ဆေးလုံးလေးတစ်လုံးကို နှိုက်ယူလိုက်သည်။

"ဟောဒီ အသက်ကယ်ဆေး သောက်လိုက်ပါဗျာ၊ ခင်ဗျားခံစားနေရတဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းသွားပါလိမ့်မယ်"

လင်းချမ်းစိမ်းသည် နားမလည်နိုင်စွာဖြင့် လူငယ်ကိုကြည့်နေမိသည်။

လူငယ်က...

"ယူပါဗျာ..."

အသက်ကယ်ဆေးလုံးကို ထိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ချန်းစိမ်းသည် လှငယ်ကိုကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

သူ၏လက်တစ်ဖက်သည် အလိုလိုအပေါ်မြောက်တက်လာပြီး လှငယ်ပေးသော ဆေးလုံးလေးကို လှမ်းယူမိလိုက်လေတော့သည်။

❖ ❖ ❖

အခန်း (၂၅)

# တာဝန်

လင်ချန်းစိမ်းက ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်၏။

ရှည်လျားစွာ ပြောပြလိုက်ရခြင်းကြောင့် မောပန်းသွားဟန် ရှိသည်။ စိတ်ဝင်စားစွာ နားထောင်နေခဲ့သည့် သမီးဖြစ်သူ လင်းလင်းဘက်သို့လှည့်ကာ ပြောလိုက်၏။

"ဖေဖေဟာ အရိုပ်မဲ့ဓားရဲ့ကျေးဇူးကြောင့် အသက်ဘေးက လွတ်မြောက်ခဲ့တယ် သမီး၊ သူဟာ ဖေဖေရဲ့အ သက်သခင်ကျေးဇူးရှင်ပဲ"

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"သမီးလည်း သူ့ကို ကျေးဇူးတင်မိပါတယ် ဖေဖေ"

လင်းလင်းက လှိုက်လှိုက်လှဲလှဲ ပြောသည်။

အရိပ်မဲ့ဓားသာ မကူညီခဲ့လျှင် သူမ၏ဖခင်သည် တောင်ပိုင်းဒေသသို့ ပြန်ရောက်လာစရာအကြောင်း မရှိတော့ပေ။

လင်ချန်းစိမ်းက မေးလိုက်၏။

"သမီးကို ဘာကြောင့် ဒီအဖြစ်အပျက်တွေကို ဖေဖေပြောပြနေရသလဲဆိုတာ သမီးသိသလား"

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း... မသိပါဘူးဖေဖေ"

လင်ချွန်းစိမ်းက ပြောလိုက်သည်။

"အင်း... အမှန်အတိုင်းပြောရရင် ဖေဖေ့ကိုယ်စား သမီးကို တာဝန်တစ်ခု ပေးချင်လို့ပဲသမီး"

လင်းလင်းက...

"တာဝန်... ဟုတ်လား ဖေဖေ"

"ဟုတ်တယ်"

လင်းလင်း မျက်မှောင်ကြုတ်သွားသည်။

သူမက မေးလိုက်သည်။

"ဘယ်လိုတာဝန်မျိုးလဲဆိုတာ သမီးကို ပြောပြပါလားဟင်"

ထိုအခါ...

လင်ချွန်းစိမ်းက ခေါင်းညိတ်လိုက်လေ၏။

"ဖေဖေပြောပြမှာပေါ့ကွယ်၊ အရိပ်မဲ့ဓားဟာ ဖေဖေ့အပေါ်မှာ အသက်ကယ်တဲ့ ကျေးဇူးရှိခဲ့တယ်ဆိုတာကို သမီး လက်ခံတယ် မဟုတ်လား"

လင်းလင်းက...

"ဟုတ်ကဲ့... သမီး လက်ခံပါတယ် ဖေဖေ"

လင်ချွန်းစိမ်းက မေးသည်။

"ကောင်းပြီ... သူဟာ ဖေဖေ့အပေါ် ကျေးဇူးရှိတယ်ဆိုရင် ဖေဖေတို့က သူ့ကိုကျေးဇူးပြန်ပြီး မဆပ်သင့်ဘူးလား"

လင်းလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာ... ကျေးဇူးပြန်ဆပ်သင့်တာပေါ့ ဖေဖေရယ်"

မှန်ပါသည်။



ကျေးဇူးရှိသူကို ကျေးဇူးပြန်ဆပ်ရခြင်းသည် မင်္ဂလာတစ်ပါးပင် မဟုတ်ပါလား။

လင်ချွန်းစိမ်းက ပြောလိုက်၏။

"အင်း... အရိပ်မဲ့ဓားဟာ အတော်ကလေး ဒုက္ခရောက်နေတယ်လို့ ဖေဖေ သတင်းကြားခဲ့ရတယ်ကွယ့်၊ ဖေဖေက သူ့ကို ကျေးဇူး ပြန်ဆပ်တဲ့အနေနဲ့ အကူအညီပေးဖို့ စိတ်ကူးထားတယ်"

ထို့ကြောင့် လင်းလင်းက သဘောတူလိုက်သည်။

"ကောင်းပါတယ် ဖေဖေ"

လင်ချွန်းစိမ်းက ဆက်ပြောသည်။

"ဒါပေမယ့် ခက်နေတာက ဖေဖေရဲ့ကျန်းမာရေး အခြေအနေကြောင့် ပြည်မကိုသွားလို့မဖြစ်နိုင်တာ သမီးအသိပဲ"

ထိုအခါ...

လင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဖေဖေ ဘယ်နည်းနဲ့မှ ပြည်မကို သွားလို့ ဖြစ်မှာ မဟုတ်ပါဘူး"

လင်ချွန်းစိမ်းသည် တောင်ပိုင်းဒေသကိုခွဲခွာကာ ပြည်မကို သွားမည်ကို သူမ စိုးရိမ်မိသည်။

သူမကိုယ်တိုင်ကလည်း တောင်ပိုင်းဒေသမှ တစ်ဖဝါးမှမခွာဘဲ တစ်သက်လုံး နေထိုင်သွားမည်ဟု ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

လင်ချွန်းစိမ်းက မချိတင်ကဲပြောကြားသည်။

"သမီး... ဖေဖေက ကျန်းမာရေးအခြေအနေကြောင့် ပြည်မကို သွားနိုင်တော့ဘူးဆိုတော့ အရိပ်မဲ့ဓားရဲ့ကျေးဇူးကို ပြန်ဆပ်ဖို့ အခက်အခဲဖြစ်နေတာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ပင့်သက်ရှိုက်လိုက်မိ၏။

အရိုပ်မဲ့ဓားကို ကျေးဇူးပြန်ဆပ်ဖို့ သူမကလည်း သဘောတူပါသည်။

သို့သော် လင်ချုန်းစိမ်းမှာ ပြည်မကိုသွားဖို့ မဖြစ်နိုင်၍ သူမလည်း မတတ်နိုင်တော့ချေ။

လင်ချုန်းစိမ်းက ဆက်ပြောလိုက်သည်။

"ဒါကြောင့် သမီးတာဝန်လို့ ဖေဖေ ပြောတာပေါ့ကွယ်"

"ရှင်..."

ရုတ်တရက်...

လင်းလင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေတော့သည်။

ထို့အတူ...

ဖခင်ဖြစ်သူကို အထိတ်တလန့်ကြည့်လိုက်မိတော့သည်။

ယခု...

ဖခင်ဖြစ်သူ၏ သဘောထားကို သူမ ရိပ်မိလိုက်လေပြီ။

သူမ လုံးဝမျှော်လင့်မထားသောကိစ္စဖြစ်နေပါတော့သည်။

လင်ချုန်းစိမ်းက ပြောသည်။

"သမီး...ဖေဖေရဲ့တာဝန်ကို သမီးဆက်ပြီး ထမ်းဆောင်စေချင်တယ်"

လင်းလင်းက...

"ဖေဖေ သ...သမီးက ပြည်မကို သွားရမယ် ဟုတ်လား"

ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်၏။

လင်ချုန်းစိမ်းက ပြောလိုက်သည်။

"ဟုတ်တယ်...သမီး အခြေအနေအရ ပြည်မကို သမီး သွားရလိမ့်မယ်"



လင်းလင်းက...

"ဖေဖေ...သမီး မသွားလို့ မဖြစ်ဘူးလားဟင်"

ဟု မေးလိုက်၏။

သူမ၏အသံ မသိမသာ တုန်ယင်နေတော့သည်။

လင်ချုန်းစိမ်းက နွမ်းလျစွာ ပြောလေ၏။

"သမီး...သမီး မသွားချင်ဘူးဆိုရင်လည်း ဖေဖေ မတိုက်တွန်းချင်ပါဘူးကွယ်"

တကယ်လည်း သူ မတိုက်တွန်းရက်ပါ။

ကျေးဇူးရှင်၏ကျေးဇူးတရားကို သူက ဥပေက္ခာပြုရပါတော့မည်။

သူမ၏ဖခင်သည် သူမစိတ်မပါဘဲ အတင်းအကျပ် စေလွှတ်မည်မဟုတ်ကြောင်း သိရ၍ စိတ်သက်သာရာ ရသွား၏။

သို့သော်...

သူမ ငြင်းပယ်လိုက်လျှင် အရိုပ်မဲ့ဓားအား ကျေးဇူးဆပ်ပေးမည့်လူ မရှိတော့ချေ။

လင်ချုန်းစိမ်း ကိုယ်တိုင်သွားဖို့ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည် မဟုတ်ချေ။

လင်ချုန်းစိမ်းက...

"ဖေဖေကတော့ အရိုပ်မဲ့ဓားကို ကျေးဇူးဆပ်ချင်တယ်၊ သူ ဒုက္ခရောက်နေတာကိုသိလျက်နဲ့ လျစ်လျူရှုမထားရက်ဘူး၊ ဒါပေမယ့် သမီး မသွားချင်ဘူးဆိုရင် ဖေဖေလည်း ဘာမှ တတ်နိုင်မှာ မဟုတ်တော့ပါဘူးကွယ်"

လင်းလင်း ပင့်သက်ရှိုက်လိုက်သည်။

သူမ ဘာမှ မပြောဘဲ နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ချွန်းစိမ်းက ဆက်ပြောသည်။

"အရိုပ်မဲ့မားဟာ တကယ့် လူတော်လူကောင်းတစ်ယောက်ပါ၊ သူ ဘာကြောင့် ဒုက္ခရောက်ရသလဲဆိုတာကို မေမေသိပ်ပြီး သိချင်တာပါပဲ"

လင်းလင်း မနေနိုင်တော့ပါ။

"သူ ဘာကြောင့် ဒုက္ခရောက်ရတာလဲ၊ ဘယ်လိုဒုက္ခရောက်နေတာလဲဟင်"

ဟု မေးလိုက်၏။

လင်ချွန်းစိမ်းက ပြောသည်။

"အဲဒါတွေကို မေမေလည်း သိချင်နေတာပေါ့"

"မေမေ မသိသေးဘူး ဟုတ်လား"

"ဟုတ်တယ်...ဒါပေမယ့် ခုချိန်မှာ သူ့ကိုကူညီနိုင်မယ့်လူ ဘယ်သူမှ မရှိဘူးဆိုတာကိုပဲ မေမေသိတယ်"

လင်းလင်းမှာ တစ်ကိုယ်လုံး ခွန်အားများကုန်ခန်းသွားသည်ဟု ခံစားလိုက်ရ၏။

လင်ချွန်းစိမ်းက နောက်ဆုံး ပြောလိုက်လေ၏။

"ကဲ...ဒါတွေ ထားလိုက်ပါတော့၊ မေမေ ဒီကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားကြည့်လိုက်ဦးမယ်၊ သမီးလည်း အနားယူချင်ရောပေါ့၊ သွားနိုင်ပါပြီကွယ်"

လင်းလင်း ငိုင်နေသည်။

သူမသည် ထွက်မသွားသေးဘဲ အတန်ကြာအောင် တွေးတော စဉ်းစားနေပြီးမှ ဖခင်အား ခေါ်လိုက်သည်။

"မေမေ..."

လင်ချွန်းစိမ်းက မေးလိုက်သည်။



"သမီး...ဘာပြောချင်လို့လဲ"

လင်းလင်းက...

"သမီးက အစ်ကိုစိန့်ကျောင်းနဲ့ ဗိရှဲကိုခေါ်သွားခွင့်ရတယ်ဆိုရင် ပြည်မကို သွားနိုင်ပါတယ် မေမေ"

လင်ချွန်းစိမ်းက...

"သမီး သွားမယ် ဟုတ်လား"

လင်းလင်းက...

"ဟုတ်ပါတယ် မေမေ"

"အင်း...သမီးပြောသလို ဗိရှဲကိုခေါ်သွားလို့ ရပါတယ်၊ ဒါပေမယ့် စိန့်ကျောင်းကို ခေါ်သွားဖို့ဆိုတာက..."

သူက စကားဆုံးအောင်မပြောဘဲ တစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်သည်။

လင်းလင်းက မေးလိုက်သည်။

"ဘာဖြစ်လို့လဲ မေမေ"

လင်ချွန်းစိမ်းက...

"မေမေဟာ ပြည်မကိုသွားရင် ပြဿနာတွေနဲ့ကြုံရတယ်ဆိုတာ စိန့်ကျောင်းရဲ့အဖေက သိထားတယ်၊ ဒါကြောင့် သူ့သားကို ပြည်မကို မလွှတ်ဘူးလို့ ဆုံးဖြတ်ထားတယ်"

လင်းလင်းက...

"အစ်ကိုစိန့်ကျောင်းက သမီးကို တစ်နေ့ပြည်မကိုခရီးထွက်ကြမယ်လို့ ပြောပါတယ်မေမေ"

လင်ချွန်းစိမ်းက ခေါင်းခါယမ်းပြီး ပြောလိုက်သည်။

"သူ့အဖေက ခွင့်ပြုမှာမဟုတ်ဘူးသမီး"

"မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... မေမေပြောတာကို သမီးကမယုံဘူးပေါ့ဟုတ်လား"

လင်းလင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

လင်ချွန်းစိမ်းက...

"သမီးက စိန့်ကျောင်းကိုခေါ်သွားဖို့ စိတ်မကူးစေချင်ဘူး၊ အမှန်အတိုင်းပြောရရင် မေမေဟာ ပြည်မမှာ ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရတယ်ဆိုတာကို စိန့်ကျောင်းရဲ့အဖေ မသိဘူး၊ ရိုပ်မိတာလောက်ပဲ ရှိတယ်၊ သူသာ အမှန်အတိုင်းသိသွားရင် မေမေ့ကို အထင်အမြင်သေးသွားနိုင်တယ်ကွယ့်"

လင်းလင်း လန့်သွားသည်။

"မေမေ..."

"မေမေ ပြောတာကို ယုံပါသမီး"

လင်ချွန်းစိမ်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

လင်းလင်းမျက်မှောင်ကြုတ်သွားသည်။

လင်ချွန်းစိမ်းက...

"တောင်မိုင်းဒေသမှာ မေမေဟာ ပြိုင်ဘက်ကင်း သိုင်းသမားဖြစ်ခဲ့တယ်၊ စိန့်ကျောင်းအဖေဟာလည်း ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ပဲ၊ သူဟာ မေမေရဲ့ပြိုင်ဘက်ဖြစ်မလာဘဲ မိတ်ဆွေဖြစ်လာတယ်၊ ကဲ... ဒီလောက်ဆို သမီးလည်းသဘောပေါက်လောက်ပြီပေါ့"

လင်းလင်း ခေါင်းရှုပ်သွားသည်။

ပရိယာယ်များလှသည့် လူမှုကိစ္စများကို နားမလည်နိုင်ပါတော့ချေ။

လင်ချွန်းစိမ်းက မေးသည်။



"သမီး ဘယ်လိုဆုံးဖြတ်မလဲ"

လင်းလင်းက...

"သမီး မပြောတတ်ဘူး မေမေ"

ဟု အမှန်အတိုင်း ပြောလိုက်သည်။

လင်ချွန်းစိမ်းက...

"သမီး ဗိရှုံကို ခေါ်သွားမယ်ဆိုရင်ကော မဖြစ်ဘူးလား"

"ဒါက..."

"စိန့်ကျောင်းပါမှလား သမီးရယ်"

လင်းလင်း သက်ပြင်းချလိုက်သည်။

"သူ မပါလဲ ဖြစ်ပါတယ် မေမေ"

သူမ ပြောလိုက်ရသည်။

လင်ချွန်းစိမ်းက...

"သမီးကို အတင်းလွှတ်သလိုလည်း မဖြစ်စေချင်ဘူး၊ တကယ်တော့ အရိုပ်မဲ့ဓား ဘယ်လိုဒုက္ခရောက်နေသလဲ၊ ဘယ်လို အကူအညီပေးရမယ်ဆိုတာကို စုံစမ်းပြီးရင် သမီးပြန်လာလို့ရပါတယ်၊ ကျန်တာကိုတော့ မေမေကပဲ ဆက်ပြီးတော့ စီစဉ်ဆောင်ရွက်သွားနိုင်ပါတယ်"

လင်းလင်းက ကတိပေးလိုက်သည်။

"ကောင်းပါပြီမေမေ... သမီး ကြိုးစားပါ့မယ်"

❖ ❖ ❖

ည...။

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန်သာနေ၏။

လရောင်အောက်တွင် သဲသောင်မြင်ကြီးကို တဖျော်တဖျော်ကြီး တွေ့မြင်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်ရှိ ကျောက်တုံးတစ်တုံးပေါ်တွင် လင်းလင်း ထိုင်နေ၏။

မည်မျှကြာအောင် ငေးမောနေမိမှန်း မသိ။

"သခင်မလေး"

ခေါ်သံထွက်ပေါ်လာသည်ကို ကြားလိုက်တော့မှ သတိဝင်လာသည်။

လှည့်ကြည့်လိုက်သောအခါ ပိရှဲက အနီးသို့ရောက်ရှိလာသည်ကို တွေ့ရ၏။

"ဩော်... ပိရှဲ"

ပိရှဲက...

"သခင်မလေးကို ကျွန်မလိုက်ရှာနေတာ အဆောင်ထဲမှာ မတွေ့လို့ ဒီနေရာမှာ ရောက်နေမယ်လို့တော့ ထင်သားပဲ"

"ငါ စိတ်ညစ်တယ် ပိရှဲရယ်"

လင်းလင်း ညည်းညူလိုက်လေသည်။

ပိရှဲက...

"ဘာတွေများ ဖြစ်နေလို့လဲ သခင်မလေးရဲ့၊ ကျွန်မတော့ သခင်မလေးရဲ့ဘဝဟာ စိတ်ညစ်စရာမရှိဘူးလို့ ယုံကြည်ထားတာ"

လင်းလင်းက...

"ငါလည်း ဒီလိုပဲထင်ထားခဲ့တာ၊ ဒါပေမယ့် ခုတော့ တကယ့် စိတ်ညစ်စရာကောင်းတဲ့ကိစ္စနဲ့ ကြုံနေရတယ်"

ပိရှဲက မေးလိုက်သည်။

"ဘယ်လိုကိစ္စမျိုး ကြုံနေလို့လဲ... ကျွန်မကို ပြောပြနိုင်မလား သခင်မလေး"

လင်းလင်းက...



"ငါ ပြည်မကို သွားရတော့မယ်"

"ဟင်"

ပိရှဲက မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

ထိုင်ရာမှ ခုန်ထလိုက်သည်။

လင်းလင်းက...

"ငါ ပြည်မကိုသွားရတော့မယ်၊ ညည်းကိုပါ အဖော်ခေါ်သွားရမှာ"

ပိရှဲက မေးလိုက်သည်။

"သ... သခင်မလေး တကယ်ပြောတာနော်"

လင်းလင်းက...

"တကယ်ပြောတာပေါ့"

"ကျွန်မလည်း လိုက်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဟေး"

ရုတ်တရက်...

ပိရှဲက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

လင်းလင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထို့နောက်...

လင်းလင်းက မေးလိုက်၏။

"ပိရှဲ... ညည်းဘာဖြစ်တာလဲ"

ပိရှဲက...

"ကျွန်မ ဝမ်းသာလို့ပါ သခင်မလေး"

"ဟင်..."

ပိရှဲက...

www.burmeseclassic.com

www.burmeseclassic.com



"ပြည်မကိုသွားရတာ ကျွန်မပျော်ပါတယ်၊ ကျွန်မ..."

"တိတ်စမ်း ..."

လင်းလင်းက အော်ငေါက်လိုက်သဖြင့် ပိရဲ ငြိမ်ကျသွားသည်။

"ငါတော့ ဘယ်တော့မှ မပျော်ဘူးဆိုတာ မှတ်ထား"

သူမက အသံမာမာဖြင့်ပြောလိုက်ပြီး ချာခနဲလှည့်ထွက်သွားလေသည်။

ပိရဲသည် လင်းလင်း၏ နောက်ကျောပြင်ကို ငေးမောကြည့်ပြီး ပခုံးတွန့်ကာ ကျန်ရစ်ခဲ့လေတော့သည်။

❖ ❖ ❖

အခန်း (၂၆)

## မပင့်ခေါ်သော ဧည့်သည်

"ဂျိမ်း"

မိုးခြိမ်းသံများ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်ဝယ် လျှပ်နွယ်လျှပ်ပန်းများ ဖြိုးခနဲ လက်ခနဲ ဝင်းလက်သွားသည်။

မကောင်းဆိုးဝါး လက်သည်းရှည်ကြီးများဖြင့် မိုးကောင်းကင်ကြီးကို ဆုတ်ဖြဲပစ်လိုက်သည့်နှယ်။

လေပြင်းများလည်း တဟူးဟူး တိုက်ခတ်လာသည်။

တိမ်မည်းများ တလိပ်လိပ် တက်လာသည်။

မကြာမီ...

မိုးသက်လေပြင်းများ ကျရောက်လာတော့မည်ဖြစ်ပါသည်။

ချင်းကိုးသည် အရက်အိုးကိုပိုက်ကာ သူ့အိမ်မဟုတ်သော သူ့အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့သည်။

ယနေ့...အရက်ဆိုင်တွင် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးခဲ့သဖြင့် အရက် ဆယ့်လေးငါးခွက် သောက်ခဲ့ရသလို ဆိုင်ပိတ်၍ အိမ်ပြန်လာသောအခါ အရက်တစ်အိုး ရလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တံခါးစောင့် လူသန်ကြီး၏ ပေါင်ကြားမှ လေးဘက်ထောက်ကာ ထွက်လာခဲ့ရသည့်အဖြစ်ကိုတော့ သူ မေ့ပစ်လိုက်ပြီး ဖြစ်ပါသည်။

အိမ်သို့ပြန်ပြီး အရက်တစ်အိုးနှင့် ဇိမ်ကျတော့မည်ဖြစ်သည်။

ချင်းကိုး ခပ်သုတ်သုတ် လျှောက်လာစဉ် အရှေ့ဘက်မှ မီးရောင်များ ထိန်ထိန်ညီးအောင် ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေ၏။

"ဟင်...ဘာဖြစ်တာပါလိမ့်"

သူ တွေးပြီး ခပ်သုတ်သုတ် လှမ်းသွားလိုက်၏။

တဖြည်းဖြည်း နီးလာတော့မှ မီးရောင်များသည် သူနေထိုင်သော အရပ်ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်ကို တွေ့ရ၏။

အိမ်တစ်လုံးအား မီးလောင်နေခြင်းဖြစ်သည်။

လေပြင်းတိုက်ခတ်နေ၍ မီးအရှိန်မှာ ကောင်းလှသည်။

တစ်အိမ်လုံး မီးတောက်မီးညွှန့်များ၏ ဝါးမျိုခြင်းကိုခံလိုက်ရပြီး တစ်ခဏအတွင်းမှာပင် ပြာပုံဖြစ်သွားလေတော့သည်။

ချင်းကိုးသည် ထိုအဖြစ်အပျက်ကို သေသေချာချာ တွေ့လိုက်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"ဒါ...ဒါ...ငါ...ငါ့အိမ်"

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

သူနေထိုင်သောအိမ်ကို မီးလောင်ကျွမ်းသွားခြင်းဖြစ်သည်။

ထိုအိမ်နှင့်ခြံကို သူတစ်ပါးလက်သို့ ရောင်းချခဲ့ပြီးဖြစ်သော်လည်း နေထိုင်စရာနေရာမရှိ၍ ဆက်ပြီးကပ်နေခဲ့ခြင်းဖြစ်သည်။

ယခု အိမ်မီးလောင်ပြီး ပြာပုံဘဝရောက်သွားပြီဖြစ်ရာ သူ့အတွက် နေစရာ လုံးဝမရှိတော့သည့် အဖြစ်တည်း။



ချင်းကိုးသည် မီးလောင်ပြင်ကို ကြက်သေသေကာကြည့်နေလိုက်မိသည်။

ထိုစဉ်...

"မြန်မြန်လုပ်ကြဟေ့...မီးခဲနည်းနည်းကျန်ရင် ကျန်ပါစေ တော်ကြာ မိုးရွာလာရင် ငြိမ်းသွားလိမ့်မယ်၊ အချိန်မရှိဘူး၊ တို့ သွားကြရအောင်"

စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ချင်းကို လှမ်းကြည့်လိုက်သောအခါ လူအချို့သည် မီးလောင်ပြင်မှ ထွက်လာသည်ကို တွေ့လိုက်ရသည်။

ချင်းကိုး သတိဝင်လာသည်။

"ဟေ့လူတွေ...ဒါ ဘာလုပ်ကြတာလဲ"

အော်ပြောရင်း ပြေးလိုက်သွား၏။

ထိုလူစုသည် ချင်းကို ရောက်လာသည်ကိုမြင်လျှင် ခြေလှမ်းရပ်တန့်သွားကြသည်။

ချင်းကိုးက သေသေချာချာ ကြည့်လိုက်၏။

ထိုလူစုအား ဦးဆောင်လာသူကိုမြင်သောအခါ ချင်းကိုးက ရေရွတ်မိ၏။

"နောင်ကြီး အမာရွတ်ပါလား"

မျက်နှာပေါ်တွင် အမာရွတ်ရာများအပြည့်ရှိနေသည့် အမာရွတ်က မျက်နှာထားတင်းတင်းဖြင့် ခက်ထန်စွာပြောလိုက်သည်။

"အေး...ငါပဲ၊ ဘာလဲ...မင်း မကျေနပ်ဘူးလား"

ချင်းကိုး ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ မီးလောင်ပြင်ဆီသို့ အကြည့်ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမာရွတ်တို့လူစုနှင့် မီးလောင်ပြင်ကို ဆက်စပ်ကာ အခြေအနေကို သဘောပေါက်သွားလေ၏။

ချင်းကိုးက မေးသည်။

"နောင်ကြီး…ကျုပ်…ကျုပ်ရဲ့အိမ်ကို မီးရှို့ပစ်လိုက်တယ် ဟုတ်လား"

အမာရွတ် နှာခေါင်းရှုံ့လိုက်သည်။ သူက ပြန်အော်သည်။

"ဘာပြောတယ်ကွ…မင်းအိမ် ငါ့ကို ရောင်းပြီးပြီ၊ ငါပိုင်နေပြီ၊ မင်းအိမ် မဟုတ်တော့ဘူး၊ ငါ့အိမ်ကွ"

ချင်းကိုး မည်သို့ပြောရမှန်းမသိ ဖြစ်သွားမိသည်။

အမာရွတ်က ပြောပြန်သည်။

"ငါ့အိမ်ကို ငါမီးရှို့တာ ဘာဖြစ်လဲ"

အိမ်လေးမှ ဖယ်ပေးရန် အမာရွတ်က ပြောခဲ့သည်။

သူကလည်း သွားစရာမရှိ၊ နေစရာမရှိသဖြင့် အတင်းပေကပ်နေခဲ့လေသည်။

ယခုတော့…

အမာရွတ်သည် သူမရှိခိုက် အိမ်လေးကို မီးရှို့ပစ်လိုက်ပြီ ဖြစ်လေသည်။

ချင်းကိုး နွှန်အားများ ကုန်ခန်းကာ တစ်ကိုယ်လုံး ပျော့ခွေသွားသည်ဟု ခံစားလိုက်ရသည်။

အမာရွတ်က ပြောလိုက်လေသည်။

"မနက်မိုးလင်းရင် ခြံစည်းရိုးအသစ် ငါလာခတ်မယ်၊ ငါ့ရဲ့ခြံထဲကို မင်း ဝင်စရာအကြောင်းမရှိဘူး"

ထို့နောက်…



"သွားကြမယ်ဟေ့…"

သူ၏ အပေါင်းအဖော်များကိုခေါ်ကာ ထွက်သွားကြသည်။

ချင်းကိုးမှာ သူတို့အား ရန်လည်းမပြု၊ တားလည်းမတား၊ ဘာမှလည်းမပြောဘဲ ငူငူကြီးရပ်ကာ ကျန်ရစ်ခဲ့တော့သည်။

"ဟူး…ဟူး…ဟူး"

"ဝေါ…ဝေါ…ဝေါ"

"ဂျိမ်းဂျလိန်း"

မိုးခြိမ်းသံ လေပြင်းတိုက်သံ မိုးရွာသွန်းသံများ တခဲနက်ထွက်ပေါ်လာသည်။

မိုးသက်လေပြင်း ကျရောက်လာလေသည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွား၏။

သစ်ကိုင်းသစ်ခက်များ ကျိုးကျကုန်သည်။

မြေပေါ်တွင် ရွှံ့ဗွက်များ ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။

တစ်ညလုံး သည်းထန်စွာရွာသွန်းခဲ့သည့်မိုးသည် နံနက် မိုးစင်စင်လင်းတော့မှ ရပ်တန့်သွားသည်။

ချင်းကိုးသည် ဇာတိမြို့လေးအားစွန့်ခွာကာ ထွက်လာခဲ့၏။

သူက တခြားနေရာဒေသသို့ ရောက်သွားသောအခါ အရက်ရရန်အတွက် ဒုက္ခတွေ့ခဲ့တော့သည်။

သူ့တွင် ခြူးတစ်ပြားမှ မရှိပါချေ။

နှစ်ရက်ခန့် အရက်မသောက်ခဲ့ရဘဲ သုံးရက်လွန်မြောက်သောညတွင်မှ ကံကောင်းထောက်မစွာဖြင့် အရက်ဖိုး ရခဲ့သည်။

ဤသည်မှာလည်း အပျော်မယ်လေးတစ်ဦးက သူ့အား တောင်းရမ်းစားသောက်သူတစ်ယောက်ဟု ထင်မှတ်ကာ ပစ်ကျွေးခဲ့ခြင်းပင် ဖြစ်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုးသည် အရက်သောက်ရန်မှလွဲ၍ ဘာဆိုဘာမှ အံရေးထားသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့လေတော့သည်။

ဒုတိယပိုင်း ပြီး၏။

## တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC